

NEW IDEA
စိတ်ဝင်းသစ်တစေ
မောင်ညိုမြိုင်း
(သန်လျင်)
ပိုင်ဝင်းသော
ပုံသကၠာဘုန်း
ရဲ့
မေတ္တာမဟာမြို့ငြိုင်
အပ်နှံအစေ
ဂန္ဓိရုဝတ္ထုတိုများ
မောင်ညိုမြိုင်း (သန်လျင်) ၊ အောင်သာမိုး၊ မြလင်းယုန်
ထောင်မျှားကြိုးသိန်းဝင်း၊ နှတ်လျှိုး

ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဓာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၁၉၀၀၂၀၉
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၃၄၄၀၃၀၉

■

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၀၉၊ ဇွန်လ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

■

ပုံနှိပ်သူ
ဦးမန်းနော်တင် (ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ
ဦးတင်ထွန်း (မြ)(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၂၀၀ကျပ်

၈၉၅ ၊ ၈၃

ညိုမှိုင်း၊မောင်၊သန်လျင်
ပုံသကူဘာဘုန်းရဲ့မေတ္တာမဟာမြို့ငြိ/မောင်ညိုမှိုင်း(သန်လျင်)။
– ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၀၉။
၁၉၂–စာ ၊ ၂၁၆ စင်တီ။
(၁)ပုံသကူဘာဘုန်းရဲ့မေတ္တာမဟာမြို့ငြိ

မာတိကာ

စဉ်	ဝတ္ထုအမည်	စာမျက်နှာ
၁။	သစ်ခွနက်နှင့် ကျောက်စိမ်းနက်တောင် **ထောင်မှူးကြီးသိန်းဝင်း**	၁
၂။	ပုံသကူဘဘုန်းရဲ့ မေတ္တာမဟာမြိုင် **မောင်ညီမှိုင်း (သန်လျင်)**	၄၄
၃။	ဗေဒင်ဆရာဦးပိုကာ **နတ်လူဦး**	၈၂
၄။	မြင်းမိုရ်မိုက်ကြေး **မြလင်းယုန်**	၉၆
၅။	ရောက်ရာဘဝမှ သာဓုခေါ်ပါ **အောင်သာမိုး**	၁၁၇

သစ်ခွနက်နှင့် ကျောက်စိမ်းနက်တောင်

ညနေ (၅) နာရီအချိန်တွင် ခလရ (၃၇) တပ်ကုန်းပေါ်တက်၍ ဗိုလ်မှူးကျော်ဝင်းမှ ကျွန်တော်တို့အား နွားတစ်ကုဏ်ပြုပွဲသို့တက်ရသည်။ လေးဖက်ချ တောင်ထန်းမိုးတဲကလေးအောက်၌ရှိသော ဝါးစားပွဲလေးပေါ်တွင် စားသောက်ရန် ပြင်ဆင်ထားသည်။ Army Rum နှင့် ကျောက်ငါးကြင်းကြော်၊ အသီးအရွက်ကြော်၊ အသားဘူးဟင်းများသာဖြစ်သည်။ တောတွင်းဖြစ်၍ သူ့တွင်ရှိသောစားစရာများအား အကုန်ပြင်ဆင်ထားဟန်တူသည်။ ကိုအောင်ကြီးနှင့် ကိုကျော်က ဂစ်တာတီး၍ သီချင်းဆိုကြသည်။ အဆိုကောင်း၊ အတီးကောင်းများ ဖြစ်ကြသည်။ ဝိုင်းမှာ တဖြည်းဖြည်း ပိုစည်လာသည်။

ထိုအချိန်တွင် ရေခဲမိုးရွာတော့သည်။ တစ်ခဏအတွင်း အမိုး အောက် လေးဖက်လေးတန်တွင် တစ်ပေခန့်ရေခဲတံတိုင်းလေး ဖြစ်သွား သည်။ ရာသီဥတုအေးသော်လည်း ရေခဲတုံးများအား ဖန်ခွက်အတွင်းဘ့် ကောက်ထည့်ကြပြီး တစ်ဦးနှင့်တစ်ဦးရေခဲနှင့်ပက်ကြ၏။ သောက်လိုက် ကြသည်မှာ ဘယ်နှခွက်မှန်း မသိတော့။ အေးလွန်းသောကြောင့် မမူးကြ ပါ။ နောက်တစ်နေ့ မနက် (၅) နာရီအချိန်မှ ပွဲပြီးတော့သည်၊ Army Rum ပုလင်းခွံများ အနီးရှိ မြေသယ်ကြိမ်ခြင်းအတွင်း အပြည့်အမောက် ပင်။

ခေတ္တပြန်၍ အနားယူအိပ်စက်ကြသည်။ မနက် (၇) နာရီတွင် သစ်ခွနက်ရှာပုံတော်ခရီးထွက်ရန် ချိန်းဆိုထားသော်လည်း မထွက်ဖြစ်ကြ ပါ။ ကျွန်တော်ကိုယ်တိုင် မနက် (၇) နာရီထိုးမှ အိပ်ရာက နိုးတော့သည်။

မုဆိုး 'ကျော်ထွား' ကတော့ ဆရာတော်အား အရုဏ်ဆွမ်းကပ်ပြီး ကျွန်တော့်အတွက် မနက်စောစာ အသင့်ပြုလုပ်ထားပြီးဖြစ်သည်။ ကျွန် တော် အိပ်ရာထရာ ကောင်းစွာမကြည့်လင်ပါ။ ညက အရက်သောက်တာ များ၍ဖြစ်သည်။ ကျော်ထွားက ပျားရည်နှင့်ရေနွေးစပ်ပြီး ခန်းတော်ကြမြစ်၊ မချစ်ဥ၊ ရှီးပတီးများနှင့်စိမ်ထားသော အရက်တစ်ဖွန်းထည့်မွှေ၍တိုက်ရာ လန်းဆန်းသွားသည်။ ပြီးနောက် မနက်စာစားပြီး ဆရာတော်အား သွား ရောက်ဖူးမြော်သည်။ ဆရာတော်က အန္တရာယ်ကင်းဂါထာများ ချီးမြှင့်ပြီး ကျောက်စိမ်းနံက်လက်စွပ်တစ်ကွင်းကို စွန့်သည်။ နဂါးပတ်ထားသော ရွှေလက်စွပ်ကလေးဖြစ်သည်။

''ဒကာကြီး... ဒီလက်စွပ်က အန္တရာယ်ကင်းစေတဲ့ လက်စွပ် ပဲ''

''တင်ပါ ... ဝမ်းမြောက်လှကြောင်းပါဘုရား''

''ဒါနဲ့ ဒကာကြီးက ခရီးထွက်တာ ဒီစခန်းပြန်လာဦးမှာလား။ အပြီးပြန်မှာလား''

''တပည့်တော် ပြန်လာဦးမှာပါဘုရား။ တပည့်တော်ရဲ့ ပစ္စည်း တွေလည်း စခန်းမှာထားခဲ့ပါတယ်ဘုရား''

''အိမ်း . . . ကောင်းလေစွ . . . ကောင်းလေစွ။ ဒကာကြီး တို့လိုလူမျိုးနဲ့ လက်တွဲဖြုတ်ရမှာကိုတော့ ဘုန်းကြီးစိတ်မချမ်းမြေ့လှဘူး''

''မှန်ပါဘုရား . . . ။ တပည့်တော်မရှိပေမယ့် တပည့်တော် တပည့်တွေ ရှိပါသေးတယ်ဘုရား။ သူတို့က ပြည့်စုံအောင် ဆောင်ရွက် ပေးမှာပါဘုရား။ တပည့်တော်လည်း လိုအပ်မယ်ထင်သမျှ ပံ့ပိုးပေးသွား မှာပါဘုရား''

''အိမ်း . . . သာဓု . . . သာဓု . . . သာဓု . . . ''

ကျွန်တော် ဆရာတော်ဘုရားအား ဝတ်ဖြည့်ပြီး စခန်းသို့ပြန်ခဲ့ ပါသည်။ စခန်းတွင် အဖွဲ့ဝင်များက အသင့်စောင့်နေကြပါသည်။

စခန်းတွင် ကျွန်တော့်တဲအိမ်နှင့် ပစ္စည်းများအား တပ်ကြပ်ကို ထွေးမောင်အား အသေအချာအပ်နှံပြီး စတင်ခရီးထွက်ခဲ့ပါသည်။ ဒရုခ ချောင်းကမ်းဘေး ကင်းဘုတ်ရှေ့တွင် ဗိုလ်မှူးစောင့်နေပါသည်။

''ကဲ . . . ဦးသိန်းဝင်းတို့အဖွဲ့ အောင်မြင်ပါစေဗျာ''

ကျွန်တော်နှင့်အဖွဲ့ဝင်များ ဗိုလ်မှူးအားအလေးပြုပြီး တစ်ဦးစီ လက်ဆွဲနှုတ်ဆက်ကြပါသည်။ တပ်ကြပ်ကြီးစိန်သောင်းက ကျွန်တော့်အား အလေးပြု၊ နှုတ်ဆက်ပြီး . . .

''ဆရာ . . . ခရီးထွက်ရာကပြန်လာရင်လည်း စခန်းမှာ ကြာကြာလေးနေပါဦးဗျာ။ ကျွန်တော်တောင် ဆရာတို့နဲ့လိုက်ချင်တာ။ ဒီကတာဝန်ကြီးရှိနေလို့''

''ခဏတော့ နေဦးမှာပါ ဆရာကြီးရယ်။ မြန်မာပြည်က ကျဉ်းကျဉ်းလေးပါ။ ပြန်ဆုံကြမှာပါ''

ကျွန်တော်တို့အဖွဲ့ဝင် (၇)ဦး ထွက်ခွာလာခဲ့ကြရာ ဒရုခချောင်းအား ဖြတ်ကူးပြီး ကဝဘန်ရွာဘက်သို့ ကားလမ်းအတိုင်း လျှောက်ခဲ့ကြပါသည်။ ရှေ့ဆုံးမှ ကျွန်တော်၊ ကိုအောင်ကြီးနှင့် ကိုကျော်။ အလယ်တွင် မုဆိုးကျော်ထွားနှင့် မျောက်တင်သောင်းတို့ ပစ္စည်းများ ဝါးလုံးလျှိုထမ်းပြီး နောက်ဆုံးတွင် မုဆိုးညီအစ်ကို လန်ကျဲခေါင်နှင့် လန်ကျဲနောင်က ဒူးလေးကိုယ်စီထမ်း၍ လိုက်ပါလာကြသည်။ ကဝဘန်ရွာသို့ (၃) မိုင်ခရီး လမ်းလျှောက်ရသည်။ လမ်းတွင် မုဆိုးကျော်ထွားတို့ ပစ္စည်းသယ်သူများအား လန်ကျဲခေါင်တို့ညီအစ်ကိုက ဝိုင်းကူထမ်းပေးကြသည်။ ကျွန်တော်လွယ်လာသော ဒဿမ ၃၀၃ ရိုင်ဖယ်ကြီးကလည်း အတော်လေးလာသည်။ သို့သော် မာန်တင်း၍ ငယ်စဉ်ကစိတ်သွင်းကာ ဖောင်ကြီးသင်တန်းတွင် (LRB) ခရီးဝေးစစ်မှုလျှောက်လေ့ကျင့်ခန်းလုပ်သလို သဘောထားလိုက်တော့ ပေါ့သွားသည်ဟု ထင်ရသည်။

ကဝဘန်ရွာ ကိုကျော်တို့တဲစခန်းတွင် ခေတ္တနားကြသည်။ ကိုကျော်က သူ၏ ဆ.လ.ရမှလူများအား မှာကြားစရာများမှာကြားပြီးနောက် ကိုကျော်တပည့်များမှ မုဆိုးကျော်ထွားတို့အထမ်းများအား ဝိုင်းဝန်းထမ်းပိုးပြီး လိုက်ပို့ကြသည်။ ဒရုခချောင်းသို့ တစ်မိုင်ခန့်လမ်းလျှောက်ပြီး ဖြတ်ကူးကြသည်။ တစ်ဖက်ကမ်း တောလမ်းအတိုင်း လျှောက်ကြရာ လမ်းမှာကျဉ်းမြောင်းလှသဖြင့် မုဆိုးကျော်ထွားနှင့် မျောက်တင်သောင်းတို့က ခားကိုယ်စီဖြင့် လမ်းရှင်းပေးသည်။ နောက်က တစ်ယောက်ချင်းတန်းစီပြီး လျှောက်ကြရသည်။ ချောင်းကမ်းနဖူးဖြစ်၍ လမ်းမှာကြမ်းလှသည်။

စကားပြောရင်း လျှောက်ကြခြင်းဖြစ်၍ တောကောင်များကို တော့ မတွေ့ရ။ မြွေများ၊ ကြွက်များကိုတော့ မကြာခဏ တွေ့ရသည်။ ရာသီဥတုချမ်းအေးသောဒေသဖြစ်၍ မောပန်းခြင်းတော့ မရှိပါ။

နေ့လယ် (၁၂) နာရီခန့်တွင် အင်ခါးရွာကလေးသို့ ရောက်သည်။ အိမ်ခြေ (၁၀) အိမ်ခန့်သာရှိသော ရွာသိမ်ကလေးဖြစ်သည်။ ချောင်းကမ်းနဖူး မြေပြန့်တွင် တည်ထားခြင်းဖြစ်ပြီး တောင်ယာစိုက်၍ ရှေကျင်သော ရွာကလေး ဖြစ်သည်။ ကချင်ရွာကလေးဖြစ်၍ မုဆိုးလန်ကျဲခေါင်တို့ညီ အစ်ကိုက ရွာရှိလူများအား မိတ်ဆက်၍ အကူအညီတောင်းရာ ရွာဖျားရှိ လူမရှိသော တဲလွတ်တစ်လုံးတွင် နေရာပေးသည်။

မုဆိုးကျော်ထွားနှင့် တင်သောင်း၊ လန်ကျဲခေါင်တို့ညီအစ်ကိုက အမြန်ဆုံးချက်ပြုတ်ကြသည်။ မုဆိုးကျော်ထွား၏ အစီအစဉ်ကောင်းမှ ကြောင့် ပါလာသောဟင်းအား နွေးရန်၊ ထမင်းချက်၊ ရေနွေးတည်ရန်သာ ရှိသည်။ မီးဖိုနှစ်ဖိုနှင့် နှစ်ဆိုင်းခွဲ၍ ချက်ပြုတ်ကြရာ (၁) နာရီအတွင်းကျော်၍ နေ့လယ်စာပူပူနွေးနွေးအား မြိန်ရှက်စွာစားသောက်ကြရသည်။ ချောင်းကမ်းနဖူးဖြစ်၍ နေ့လယ်ခင်းဖြစ်သော်လည်း နေထိုင်၍ကောင်းလှသည်။ တောင်ယာစပါးရိတ်သိမ်းပြီးစဖြစ်၍ ရိုးပြတ်နုံသင်းသင်း လေကောင်းလေသန့်ကို ရှူရှိုက်ရသည်မှာ ရွှင်လန်းတက်ကြွပြီး ပြည်မအား လွမ်းဆွတ်သတိရလှသည်။

နေ့လယ်စာထမင်းစားပြီး နာရီဝက်ခန့်အနားယူ၍ အင်ခါးရွာမှ လူများအား နှုတ်ဆက်ပြီးနောက် ခရီးဆက်ထွက်ကြသည်။ အင်ခါးရွာ မြေပြန့်လွင်ပြင်အား လွန်သည်နှင့် တောင်ခြေသို့ရောက်သည်။ ဖုံအင်ခချောင်းနှင့် ဒရုခချောင်း ဆုံရာနေရာဖြစ်သည်။ ချောင်းဆုံဖြစ်၍ သာယာလှသည်။ ချောင်းအတွင်း ရေမှာကြည်စိမ်းနေပြီး ရေတိမ်သဖြင့် ချောင်း

ကြမ်းပြင်မှ ကျောက်စရစ်ခဲလေးများကိုပင် လှပစွာမြင်တွေ့နေရသည်။ တောင်ကျချောင်းရေဖြစ်၍ တသွင်သွင်စီးဆင်းနေပြီး ကျေးငှက်အော်သံများဖြင့် သာယာကြည်နူးဖွယ်ကောင်းလှသည်။

ချောင်းဆုံအား ဖြတ်ကျော်ပြီး တောင်ခြေရင်းအရောက်တွင် သစ်ပင်ကိုင်းခွဆုံများတွင် ပေါက်ရောက်နေသော သစ်ခွပန်းမျိုးစုံအား တွေ့ရတော့သည်။ ကျွန်တော်တို့ ယခင် ကိုကျော်နေရာပြ၍ ရရှိခဲ့သော ရတနာရွှေခွက်၊ မဟာဒေဝီ၊ ပန်းသက်ရှည်ညို၊ စာကလေးပန်း၊ မိုးလုံးမှိုင်းနှင့် စလဲတော်သစ်ခွမျိုးများအပြင် ဖယောင်းပန်းလက်တံတို၊ လက်တံရှည်များ ဖြစ်ကြသည်။

ကိုကျော် . . .

''ထောင်ပိုင်ကြီး . . . သစ်ခွတွေ ခူးမှာလား''

''မခူးသေးဘူး ကိုကျော်။ ဝန်လေးမယ် . . .။ အပြန် အခြေအနေအရပေါ့။ ဒီမျိုးတွေက ကိုကျော်ပြလို့ စခန်းမှာရထားပြီးပြီလေ''

''ခဏနားကြရအောင်ဗျာ။ ဒီနေရာကလေးက သာယာလှတယ်။ မြစ်ကြီးနားက ကြိမ်ခယန်မြစ်ဆုံထက် ပိုသာယာသလိုပဲ။ ကျွန်တော် ဓာတ်ပုံမှတ်တမ်းလေး ရိုက်ချင်လို့ပါ''

ကျွန်တော်တို့အုပ်စု ခဏနားကြစဉ် ပါလာသည့်ရေဘူးများအား ကိုယ်စီရေဖြည့်ကြသည်။ မြန်မာပြည်မြောက်ဖျားရှိ သာယာလှပသော နေရာတိုင်းကို* လူတိုင်းရောက်ဖူးကြသည်မဟုတ်ပါ။ ကျွန်တော်လည်း လွတ်လပ်ခွင့်ရရှိပြီး အခွင့်အလမ်းရရှိသဖြင့်သာ ရောက်ရှိရခြင်းဖြစ်သည်။ နောင်တွင်လည်း ရောက်ရှိရန် အကြောင်းမရှိတော့ပါ။

ကျွန်တော်မှ ခရီးပြန်စရန် လူစုစဉ် မုဆိုးကျော်ထွားပျောက်နေသဖြင့် စောင့်ဆိုင်းနေရသည်။ မကြာမီ သူပြန်ရောက်လာပြီး . . .

''ဆရာရေ . . . ရေပက်သံကြားလို့ ကျွန်တော်သွားကြည့်တာ စပါးကြီးမွေကြီးဗျာ . . . နည်းတဲ့အကောင်ကြီးမဟုတ်ဘူး။ ဟိုနား တောင်ခြေက ရေအိုင်ကလေးမှာ ငါးပက်နေတာ။ ကိုယ်လုံးကြီးနဲ့ ပုခက်လွှဲသလိုပဲ။ တဖွမ်းဖွမ်းနဲ့ပက်နေတာ ကြည့်လို့တောင်ကောင်းသေးတယ်''

''လာ . . . သွားကြည့်ရအောင်ကွာ။ စပါးကြီးမွေငါးပက်တာ ကြားတော့ကြားဖူးတယ်။ မမြင်ဖူးလို့ပါ''

ကျွန်တော်တို့ရောက်တော့ ရေခန်းနေသည့် ရေအိုင်ကလေးမှ ငါးများကိုဖမ်းစားနေသည့် မွေကြီးအား တွေ့ရသည်။ ရေနည်းသွားသော ရေကန်အတွင်းတွင် ပေါလောပေါနေပြီး ခုန်ပေါက်နေသော ကျောက်ငါးကြင်းများအား ကြီးမားသောပါးစပ်ကြီးဖြင့် တစ်ကောင်ချင်း အပိုင်ဖမ်းစားနေသည်။

ကိုကျော်က ဓာတ်ပုံရိုက်ယူရာ Flash Gun မီးရောင် ဖြတ်ခနဲ လင်းသွားသည်နှင့် စပါးကြီးမွေကြီးမှာ ကျွန်တော်တို့ဘက်သို့ ဆတ်ခနဲ ခေါင်းလှည့်ကြည့်သော်လည်း ထွက်မပြေးရုံတင်မက အစာစားပင် မပျက်ပါ။ မင်းတို့လောက်တော့ ဂရုမစိုက်ဘူးဟု ပြောနေသလိုပင်။

ကျွန်တော်တို့ကလည်း မမြင်ဖူး၍ ကြည့်ကြခြင်းသာဖြစ်သည်။ သူ့ကို နှောင့်ယှက်ရန် မဟုတ်ပါ။ မေတ္တာပို့ပြီး ကျွန်တော်တို့အဖွဲ့ တောင်တက်ခရီးကို စတင်ကြသည်။

ဤခရီးတွင် လန်ကျဲခေါင်တို့ညီအစ်ကိုက ဦးဆောင်သည်။ တောင်တက်လမ်းမှာ မက်စောက်ခြင်းမရှိဘဲ ခပ်ပြေပြေဖြစ်၍ တော်တော့သည်။ တောင်ပေါ်တောဖြစ်သဖြင့် သစ်ပင်ကြီးများသာ အလုအယက်ပေါက်ရောက်နေပြီး အောက်ခြေတွင် ချုံပုတ်ငယ်များသာရှိသည်။ ရွက်ကြွေတောမဟုတ်ဘဲ အမြဲစိမ်းသစ်တောဖြစ်၍ လမ်းလျှောက်ရသည်မှာ

ခြေသံလုံလှသည်။ မုဆိုးလမ်းဘေးတစ်လျှောက် ပင်ယံမြင့်များပေါ်တွင် လှပဝေဆာစွာ ပေါက်ရောက်နေကြသော သစ်ခွပန်းအမျိုးမျိုးကိုလည်း တွေ့ရသည်။

တောင်တက်လမ်းမှာ ပြေသော်လည်း အရစ်ရစ်၊ အခွေခွေ၊ အထပ်ထပ် မြွေလိမ်မြွေကောက်လမ်းပေါ်တွင် လျှောက်လှမ်းနေကြရသည်။ တောနှင့်တောင်အကြားတွင် ဝက်ပါလှည့်နေသကဲ့သို့ ဖြစ်သည်။ မြူခိုးဝေဝေ နှင်းမိုးစွေသောဒေသဖြစ်၍ တောတွင်း၌ နေကိုမမြင်ရပါ။ နေစောင်းပြီဖြစ်၍ တဖြည်းဖြည်းစိမ့်အေးလာသည်။

တောင်တက်မုဆိုးလမ်းပေါ်တွင် ဖြတ်လဲနေသော သစ်ခြောက်ပင်ကြီးတစ်ပင်၏ခွကြားတွင် အဖြူရောင် အတန်းအခိုင်လိုက်ပွင့်နေသော သစ်ခွအုံကြီးကို တွေ့ရသည်။ ကျွန်တော်မှ အရင်လှမ်းမြင်သဖြင့် . . .

''ဟောဟိုရှေ့က လမ်းပေါ်ဖြတ်လဲနေတဲ့ သစ်ခြောက်ပင်ကြီး ခွကြားမှာ သစ်ခွပန်းအုံမဟုတ်လားဟေ့''

အဖွဲ့ဝင်များအားလုံး တောင်တက်ခရီးကို တန်းစီတက်နေရာမှ လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။ သစ်ခွပန်း၏ညှို့ငင်အားမှာ ပင်ပန်းလေးလံသောစိတ်ကို လန်းဆန်းတက်ကြွသွားစေသည်။ ဒေါ်ဆင်းခက်ခက်၊ အတက်ကြမ်းကြမ်း တောင်ပေါ်ခရီးရှည်ကြီးကို မမှု၊ မထောက်၊ အရောက်လာခဲ့ကြခြင်း၊ ကျားရဲ၊ ဆင်ဆိုး၊ ဝံရိုင်းပေါသော တောရိုင်းကန္တာကြီးကို မကြောက်မရွံ့ ဝုံ့ဝုံ့စားစားလှမ်းခဲ့ကြခြင်းမှာ တောင်ပေါ်သူအလှနတ်သမီး သစ်ခွပန်းများကြောင့်ဖြစ်သည်။

သစ်လဲပင်ခွကြားမှ သစ်ခွအုံကို မုဆိုးကျော်ထွားက ဓားနှင့် အသာအယာခွာယူလိုက်ပြီး ကိုကျော်အား ပြလိုက်သည်။ အပင်သုံးပင်၌ အပွင့်ခိုင်သုံးခိုင် ပါလာသည်။ ဥယျောင်ပင်စည်သည် လေးထောင့်ပုံရှိပြီး

အဖျားပိုင်းသို့သွယ်သွားကာ အမြောင်းများထလျက် အစိမ်းရောင်ဖြစ်သည်။ အရွက်သည်လည်း အစိမ်းရောင်ရှိသည်။ အပွင့်မှာ နှစ်လက်မခန့် ရှိ၍ အတွင်းပိုင်းပွင့်ချပ်မှာ ရွှေဝါရောင်ဖြစ်သည်။ ပွင့်ဖတ်များမှာ ငွေဖြူရောင်ဖြစ်သည်။ ပန်းခိုင်များမှာ အပွင့်များစွာဖြင့် သိပ်သည်းရှည်လျားစွာ တွဲလောင်းကျလျက် အင်နှင့်အားနှင့် ပွင့်နေသည်။ ပမာပြရသော် ဘုရားပန်းတင်သည့် ပန်းထိမ်ငိုပန်းနှင့်တူသည်။ သို့သော် သူက အပွင့်ပိုကြီးသည်။ ကိုကျော်က . . .

"ဆရာ . . . ဒါ . . . တစ်ခိုင်လုံးငွေလို့ခေါ်တယ်။ ရှားပါးပြီး အဖိုးတန်တဲ့ သစ်ခွမျိုးပဲ။ ဒီပန်းပွင့်ချိန်က ဖေဖော်ဝါရီလနဲ့ မတ်၊ ငြိုလ အထိပွင့်တယ်။ နွေရာသီပေါ့ . . . ။ ရှမ်းပြည်နယ်နဲ့ ကချင်ပြည်နယ်မှာပဲ ပေါက်တယ်"

ကျွန်တော်တို့အဖွဲ့ စကားတပြောပြောနှင့် တက်လာကြရာ တောင်ထိပ်ဇော်သို့ ရောက်လာသည်။ ပစ္စည်းများချ၍ ခေတ္တနားကြရာ ကျွန်တော်မှ . .

"လန်ကျဲခေါင်ရေ . . . ဒီတောင်ကို ဘာတောင်လို့ခေါ်သလဲကွ"

"ဆရာ . . . ဒီတောင်က ဖုံအင်ခချောင်းနဲ့နီးလို့ ဖုံအင်ခတောင်လို့ပဲ ခေါ်ပါတယ်"

"ငါတို့ ညအိပ်ရမယ့် ရဝမ်ရွာက ဘယ်လောက်ဝေးသေးလဲကွ"

"ဆရာ . . . ဒီတောင်ပေါ်ကဆင်းပြီး နည်းနည်းသွားရင် ရောက်ပါပြီ။ ဖုံအင်ခချောင်းက ဒီတောင်ပေါ်မှာမြစ်ဖျားခံပြီး ဒရုခချောင်းနဲ့ ပေါင်းတယ်ဆရာ။ ဒရုခချောင်းကတော့ ဒီတောင်ကြီးကို ကွေ့ပတ်

စီးတာ။ ခွန်တော်တို့တောင်ပေါ်တက်ရတာက ချောင်းကကောက်နေလို့ ဖြတ်လမ်းကလာရတာ။ ဒရုခချောင်းက အတော်ရှည်တယ် ဆရာ။ ခွန်တော်တို့ ညအိပ်နားမယ့် ရဝမ်ရွာဟာလည်း ဒရုခချောင်းဘေးမှာပဲ ရှိပါတယ်''

တောင်အတက်ကြာသော်လည်း တောင်အဆင်းမှာ မြန်လှသည်။ တောင်ခြေဝါးတောနှင့် မြက်တောရောက်သည်နှင့် ကျွန်တော်တို့ ဒုက္ခရောက်တော့သည်။ တောင်ပေါ်ကျွတ်များမှာ လူသံကြားသည်နှင့် တလန်းလန်းနှင့် ဆီးကြိုနှိပ်စက်ကြသည်။ တောစီးဖိနပ်ကို ကုပ်တွယ်လိုက်ပါလာပြီး ကြိုးပေါက်မှဝင်ကာ ခြေအိတ်ကိုဖောက်၍ သွေးစုပ်ကြတော့သည်။ ညှပ်ဖိနပ်သာစီးကြသည့် မုဆိုးကျော်ထွားတို့အဖွဲ့တော့ အတော်ဒုက္ခရောက်ကြသည်။

ကျွတ်ကြီးများမှာ အောက်ပြည်မှမျှော်လောက်ရှိပြီး အလွန်သွေးစုပ်သန်ကြသည်။ တော်ရုံခွာပစ်၍မရ။ မြမြွစွာကိုင်၍ဆွဲခွာမှ ကွာကျသည်။ ဝါးရုံများအပေါ်မှလည်း လူသံကြားသည်နှင့် ခုန်ချကြသည်။ ကျွန်တော်က တောဆောင်းဦးထုပ်ဆောင်းပြီး ကိုအော့ဇ်ကြီးက ဖိုင်ဘာဦးထုပ်ဆောင်းထားသဖြင့် တော်သေးသော်လည်း မုဆိုးအဖွဲ့နှင့် ကိုကျော်တို့ကတော့ အတော်ခံလိုက်ရသည်။ ခြေထောက်ကိုလည်းတွယ်၊ ခေါင်းနှင့် နားရွက်ကိုလည်း သွေးစုပ်ကြသဖြင့် အလူးလူးအလဲလဲ ဖြစ်နေကြသည်။ တောင်ခြေစမ်းချောင်းရောက်မှ ရေဆေးကြရပြီး နားနားနေနေ ကျွတ်များအားခွာ၍ ဖနောင့်နှင့်ပေါက်ကြသည်။ သွေးများမှာ ပန်းထွက်လာသည်။ ကျွတ်ကိုက်သည့်နေရာမှလည်း တစစ်စစ်နာကျင်နေပြီး သွေးအတော်နှင့်မတိတ်ပါ။

လန်ကျဲနောင် . . .

''ဆိုးဆရာကြီး . . . ။ ဒီကျွတ်တွေက တိရစ္ဆာန်တွေဆိုရင် ဆယ်ကောင်လောက်ဝိုင်းတွယ်ပြီး သွေးဝမှခွာချတာ။ အကောင်ငယ်ရင် သေရော''

''ဟ . . . ကြောက်စရာပါလား လန်ကျဲနောင်ရ။ ဒီကျွတ်တွေကိုလည်း ပေါ့သေးသေးလုပ်လို့ မရဘူးနော်''

''ဆေးရွက်ကြီးငုံတဲ့ မုဆိုးကြီးတွေကတော့ ဒီကျွတ်ကြီးတွေကိုမကြောက်ဘူး ဆရာကြီး။ ဆေးဝါးဖတ်နဲ့ကပ်လိုက်ရင် မူးပြီးပြုတ်ကျသွားတာပဲ''

''မုဆိုးကျော်ထွားရေ . . . ။ မင်းအတွက် ငါ ဆေးရွက်ကြီးတွေ ဝယ်ပေးထားတယ်လေ။ မင်းရောငုံပြီး ကျွတ်ကြီးတွေကို မကပ်ဘူးလား''

''ဆရာ . . . ကျွန်တော်တို့က ဆေးရွက်ကြီးကို ဆေးလိပ်ပဲ လိပ်သောက်တာ။ ငုံတာမဟုတ်ဘူး။ အဲဒီတော့ ခုန်ဆွခုန်ဆွ ပြေးရတော့တာပေါ့''

''ဟား . . . ဟား . . . ဟား . . . ''

မုဆိုးကျော်ထွားစကားကြောင့် ကျွန်တော်တို့အားလုံး ဝိုင်းရယ်ကြသည်။ မြက်တောနှင့်ဝါးတောကိုကျော်တော့ စိမ့်တောသို့ရောက်ရှိသည်။ ကြိမ်ရုံ၊ ငှက်ပျောရုံ၊ ဝါးရုံနှင့်ရှုပ်ထွေးပြီး တောမှာစိုလှသည်။ စမ်းချောင်း၊ ရေအိုင်နှင့်စိမ့်စမ်းများက ပေါများလှသည်။ မုဆိုးကျော်ထွားက သတိပေးသည်။

''အားလုံးပဲ ဒီတောက စိမ့်တော။ တောဝက်နဲ့ဆင်တွေ ရှိလိမ့်မယ်။ သတိထားကြ . . . ။ စကားမပြောနဲ့၊ ဆေးလိပ်မသောက်နဲ့။ ခြေသံလုံအောင် လျှောက်ပါ။ ကျွန်တော်အချက်ပြရင် အနီးဆုံးအပင်ကို

ပြေးကပ်ကြပါ''

မုဆိုးကျော်ထွားပြောချမဆုံးမီပင် ဆင်အော်သံများကြားရပြီး တောတိုးလာသံများအားလည်း ကြားရသဖြင့် ကျွန်တော်တို့အဖွဲ့ နီးစပ်ရာအပင်ကြီးများ ပင်စည်ကိုပြေးကပ်၍ ပုန်းအောင်းနေကြစဉ် စမ်းချောင်းအားဖြတ်၍ ကျွန်တော်တို့ဘက်ပြေးလာသော တောဝက်အုပ်ကြီးကို တွေ့ရသည်။ ဆယ်ကောင်ခန့်ရှိသော တောဝက်အုပ်ကြီးဖြစ်သည်။ အရွယ်စုံသည်။ ကျွန်တော် ကိုအောင်ကြီးအား မျက်ရိပ်ပြပြီး တစ်ကောင် စီချိန်လိုက်သည်။ အနီးရောက်သည်နှင့် ပစ်ချလိုက်ကြရာ . . .

''ဒိုင်း . . . ဒိုင်း . . .''

''ဒေါင် . . . ဒေါင် . . .''

ခေါင်းဆောင်ဝက်သိုးကြီးနှင့် ဝက်ပေါက်ကြီးသုံးကောင် ချက်ကောင်းမှန်၍ လဲသည်။ ဝက်အုပ်မှာ ကြောက်လန့်ပြီးအုပ်ကွဲ၍ ကမူး ရှူးထိုးထွက်ပြေးကြသည်။ ကျွန်တော် လန်ကျဲခေါင်တို့မုဆိုးညီအစ်ကိုအား မေ့နေခြင်းဖြစ်သည်။ သူတို့ကလည်း ကျွန်တော်တို့အရိပ်အကဲအား ကြည့်ပြီး လက်စွမ်းပြလိုက်ခြင်းဖြစ်သည်။ သေနတ်သံများကြောင့် ဆင်အော်သံများကိုလည်း မကြားရတော့ပါ။

လန်ကျဲခေါင် . . .

''ဆရာကြီး . . . အတော်ပဲ။ ကျွန်တော်တို့ ညအိပ်ရမယ့် ရုပ်ရှာကလည်း ဒီတောကျော်တာနဲ့ရောက်ပြီ။ ရွာကို ဝင်သားလက် ဆောင်ပေးပြီး လမုန်းပွဲ က,ခိုင်းရမယ်။ အလွန်ပျော်ဖို့ကောင်းတယ် ဆရာကြီး''

''ကေး . . . ကောင်းတာပေါ့ လန်ကျဲခေါင်ရယ်။ ငါက ရွာလူကြီး ကို ဘာလက်ဆောင်ပေးရရင် ကောင်းမလဲလို့ စဉ်းစားနေတာ။ အတော်

ပဲပေါ့ကွာ''

ဝက်လေးကောင်ကို ဝက်တုပ်တုပ်၍ ပါးလုံးလှိုပြီး လန်ကျဲခေါင်တို့ညီအစ်ကိုက တစ်ဆိုင်း၊ ကိုအောင်ကြီးနှင့်ကိုကျော်တို့က တစ်ဆိုင်း ထမ်းကြသည်။ မုဆိုးကျော်ထွားနှင့် မျောက်တင်သောင်းတို့က ရိက္ခာထုပ်နှင့် အသုံးအဆောင်ပစ္စည်းများ ထမ်းကြရသဖြင့် မအားကြပါ။

ဒိမ့်တောကိုကျော်သည်နှင့် လွင်ပြန့်ဒရုခချောင်းကမ်းနဖူးသို့ ရောက်ပြန်သည်။ အိမ်ခြေငါးဆယ်ခန့်ရှိသော ရွာကြီးဖြစ်သည်။ ပျဉ်ထောင်၊ ဖက်မိုးအိမ်များကို အတော်များများတွေ့ရသည်။ ရွာမှာ စည်းရိုးနှင့်၊ ရွာတံခါးနှင့်။ တောလယ်ခေါင်ဖြစ်သော်လည်း ချမ်းသာသောရွာကြီးဖြစ်ဟန်တူသည်။ ရွာတံခါးရောက်သည်နှင့် ရွာလူကြီးအိမ်ကို မေးရသည်။ ဝက်များထမ်းလာသော ကျွန်တော်တို့အုပ်စုကို ကလေး၊ လူကြီးမကျန် ဝိုင်းကြည့်နေကြပြီး ကလေးတစ်ယောက်က လမ်းညွှန်သည်။

ရွာလူကြီးအိမ်မှာ ရွာလယ်တွင်ရှိသည်။ ခြေတံရှည်အိမ်ကြီးဖြစ်သည်။ အိမ်ရှေ့တွင် သီးသန့်အဆောင်တစ်ခုဆောက်ထားပြီး စားပွဲခုံရှည်ကြီးနှင့် ထိုင်ခုံရှည်များ ဝိုင်းချထားသည်။ ထိုင်ခုံများအနီး ကြွေမ်ပက်လက်ကုလားထိုင်ပေါ်တွင် လူကြီးတစ်ဦးထိုင်နေသည်။ ကျွန်တော်တို့အဖွဲ့အိမ်ရှေ့ရောက်သည်နှင့် လှမ်းမေးသည်။ ကျွန်တော်တို့ နားမလည်မှု။ လန်ကျဲခေါင်က နားလည်သည်။ ရုပ်လို ပြန်ပြောသည်။ အတော်ကြာပြောပြီးနောက် ထိုလူကြီးက လန်ကျဲခေါင်နှင့်လန်ကျဲနောင်အား ဖက်လဲ့တကင်းနှုတ်ဆက်၍ ကျွန်တော်တို့အား စားပွဲတွင်နေရာပေးသည်။ လူကြီးက အော်ခေါ်လိုက်သဖြင့် အိမ်ပေါ်မှမိန်းမကြီးတစ်ဦး၊ မိန်းကလေးတစ်ဦးနှင့် လူငယ်တစ်ဦး ဆင်းလာကြသည်။ လူကြီးက လူငယ်အားအမိန့်ပေးရာ အိမ်ခေါင်းရင်းတွင် ချိတ်ဆွဲထားသော မောင်း

ကြီးအား သုံးချက်ထုသည်။

"ဒို . . . ဒို . . . ဒို . . . "

ငါးမိနစ်ခန့်အတွင်း လူငယ်သုံးဦးရောက်လာကြသည်။ နောက် ငါးမိနစ်ခန့်တွင် လူကြီးငါးဦးရောက်လာပြန်သည်။ ရဝမ်လို ကျွန်တော်တို့အား လန်ကျဲခေါင်က မိတ်ဆက်ပေးသည်။ ဝက်ကြီးလေးကောင်ကိုလည်း သူတို့အား အပ်လိုက်သည်။ မီးဖိုသူ၊ ရေနွေးကျိုသူ၊ ထမင်းချက်သူများလည်း အလှူအလှူရောက်လာကြသည်။ ဟင်းချက်ရန်ကိုတော့ လူကြီးသမီးကဦးဆောင်၍ စီစဉ်နေသည်။ ကျွန်တော်တို့အား ဖခါးရည်တိုက်သည်။ အမြည်းတော့ မပါပါ။ ခေတ္တနားကြပြီး လန်ကျဲခေါင်၏အစီအစဉ်ဖြင့် ဒရုခမြစ်တွင်းဆင်း၍ ရေချိုးကြသည်။ ညနေစောင်း၍ အေးလာပြီဖြစ်သော်လည်း ကျွန်တော်တို့လူအကုန် ရေချိုးကြသည်။ တောတိုးလာရပြီး ခရီး လာသဖြင့် ရေတစ်ဝကျိုးလိုက်ကြသည်။ ရေချိုးနေစဉ် လန်ကျဲခေါင်က . . .

"ဆရာကြီး . . . ဒီက သူကြီးက ပြောတယ်။ ဝက်တွေယူလာလို့ ကျေးဇူးတင်တယ်တဲ့။ ညကျရင်လည်း တစ်ရွာလုံးဖိတ်ခိုင်းထားတယ်တဲ့။ လမုန်းပွဲလုပ်ပေးပြီး တစ်ရွာလုံးကို ကျွေးမှာတဲ့"

"အေး . . . ကောင်းတာပေါ့ကွာ။ လမုန်းပွဲဆိုတာ ကြားသာကြားဖူးတာ။ တစ်ခါမှမကြုံဖူးဘူး။ အတွေ့အကြုံရတာပေါ့ကွာ။ ကိုကျော်ကတော့ အဲဒါမျိုးတွေ ဝါသနာမပါဘူးကွ။ စိတ်ဆိုးမယ်ထင်တယ်"

ကျွန်တော်မှ လှမ်းစလိုက်ရာ . . .

ကိုကျော်က . . .

"ထောင်ပိုင်ကြီးရယ် . . . စိတ်ဆိုးဖို့တောင် စိတ်မကူးမိပါဘူး။ ပျော်လွန်းလို့ . . . ။ ရဝမ်တွေက ဝက်သားအလွန်ကြိုက်တာ။ ကျွန်တော်

ဒီပွဲမျိုးကြုံဖူးတယ်။ အလွန်ပျော်ရတာ။ အားလုံးကို ပြောထားမယ်။ သူတို့ခေါင်ရည်တိုက်ရင် မူးအောင်တော့ မသောက်ကြနဲ့နော်''

''ကိုကျော် . . . ဘာဖြစ်လို့လဲ။ မူးပြီးရမ်းမှာစိုးလို့လား''

''မဟုတ်ဘူးဗျို့ . . . ။ မူးပြီး အိပ်ပျော်သွားရင် ကောင်းခန်းလေးတွေ လွတ်ကုန်မှာစိုးလို့ဗျို့။ ဟဲ . . . ဟဲ . . . ဟဲ . . . ''

ကျွန်တော်တို့ရေချိုးပြီး အဝတ်အစားလဲ၍ အနွေးထည်များဝတ်ကြသည်။ မုဆိုးကျော်ထွားက ကျွန်တော်ယူလာသော Army Rum တစ်လုံးထုတ်ပေးသဖြင့် ကျွန်တော်တို့ အချမ်းပြေသောက်ကြရင်း အိမ်ရှင်သူကြီးကိုပါတိုက်ရာ အနည်းငယ်သာမြည်းကြည့်ပြီး ညဉ့်တွင် က,ပွဲစီစဉ်ထားသဖြင့် ခေါင်ရည်တိုက်မည်ဖြစ်ရာ ယခု နည်းနည်းသာသောက်ကြရန် ပြောသည်။

ည (၇) နာရီခန့်တွင် ပွဲစသည်။ မြေဝိုင်းဖြစ်သည်။ တစ်ရွာလုံးလာကြသည်။ စဉ့်အိုးကြီးများဖြင့် ခေါင်ရည်ထည့်ထားပြီး ရွာလယ်ကွင်းပြင်သူကြီးအိမ်ရှေ့တွင် မီးပုံကြီးကို ဝိုင်း၍က,ကြသည်။ ကျွန်တော်တို့ကို ဝါးထိုင်ခုံနှင့် ဝါးစားပွဲများပေါ်တွင် စားသောက်ရန် စီစဉ်ပေးသည်။ သူကြီးက ကျွန်တော်တို့ဘေးနားတွင် ကြိမ်ပက်လက်ကုလားထိုင်ကြီးပေါ်တွင်ထိုင်ပြီး ခေါင်ရည်စုပ်နေသည်။ ကျွန်တော်တို့ကိုည့ဲခံသည်မှာ အမျိုးသမီးများဖြစ်သည်။ မီးပုံကြီးအား အပျို၊ လူပျိုများ ဝိုင်းက,ကြပြီးနောက် တတိယအကြိမ်မြောက်တွင် ကျွန်တော်တို့ကိုည့ဲခံသော အမျိုးသမီးများက က,ရန်လာခေါ်တော့သည်။ ကျွန်တော့်ကိုလာခေါ်သူမှာ သူကြီးသမီးဖြစ်သည်။ ကျွန်တော်က မကၠ,တတ်ကြောင်း ခေါင်းယမ်းပြသော်လည်း မရပါ။ လက်ဆွဲ၍ခေါ်သည်။ ထိုအခါ လန်ကျဲခေါင်က တိုးတိုးလေးလာ ပြောသည်။

''ဆရာ လိုက်သွားလိုက်ပါ။ သူတို့လုပ်သလိုသာ လိုက်လုပ်။ မှားရင်လည်း ကိစ္စမရှိဘူး။ မလိုက်သွားရင် ရိုင်းရာကျလိမ့်မယ်''

ကျွန်တော်ငြင်းမရတော့ပါ။ ကန့်လန့်ကန့်လန့်နှင့် လိုက်သွားရတော့သည်။ ယောကျ်ားတစ်ယောက်၊ မိန်းမနှစ်ယောက်ရဲ့၍ မီးဖိုကြီးအား ဝိုင်းပတ်၊ လက်ချင်းဆက်၍ က,ခြင်းဖြစ်သည်။ ဗုံသံမှာလည်း အာဖရိကတိုက်ရှိ လူရိုင်းများဗုံသံနှင့်တူလှသည်။ အကဝိုင်းအား မျက်နှာချင်းဆိုင်လိုက်တော့မှ လား . . . လား . . . ကျော်ထွားနှင့်မျောက်တင်သောင်းတို့ကလဲ့ည်း အတွဲကိုယ်စီနှင့်။ ရဲဘက်ဘောင်းဘီရှည်အပြာကိုယ်စီနှင့်။ ကိုအောင်ကြီးကတော့ ရဝမ်အမျိုးသမီးလှလှလေးနှစ်ယောက်နှင့်။ ကိုကျော်ကတော့ ရဝမ်အမျိုးသမီးလှလှဝဝကြီးနှစ်ယောက်နှင့်။ လန်ကျဲခေါင်တို့ညီအစ်ကိုကတော့ ရဝမ်စကားတတ်သဖြင့် အဆင်ပြေလှသည်။

အဆင်မပြေသည်က ကျွန်တော်။ သူကြီးကိုယ်တိုင်ရော့တွင် သူ့သမီးနှင့် တွဲက,နေရသဖြင့် အားနာလှသည်။ ဗုံသံစည်းချက်အတိုင်း မှန်အောင်မကနိုင်။ ခဏခဏမှား၍ သူကြီးသမီးက ချစ်စဖွယ်ရယ်မောပြီးပြင်ပေးသည်။ တစ်ဝိုင်းပြီး၍နားလျှင် နောက်တစ်ဖွဲ့က ဝင်က,ကြပြန်သည်။ ကျွန်တော်တို့နားသောအဖွဲ့တွင် ကိုယ့်အတွဲနှင့်ကိုယ်ထိုင်၍ ခေါင်ရည်သောက်ကြသည်။ အမျိုးသမီးက ဝါးကျည်တောက်နှင့် ခေါင်ရည်ထည့်ပေးပြီး ဓာစ်ခွက်တည်းအတူသောက်ကြသည်။ အမြည်းကိုလည်း ခွံ့ပေးသည်။ အမျိုးသမီးများဖြစ်သော်လည်း သူတို့အတော်သောက်နိုင်ကြသည်။ ကျွန်တော်ကတော့ ကိုကျော်မှာထား၍ သိပ်မသောက်ရဲပါ။

တစ်ဆိုင်းပြီးတော့ တစ်ဆိုင်းဝင်က,ကြပြန်သည်။ လူနည်းလျှင် ဝိုင်းကျဉ်း၍ လူများလျှင် ဝိုင်းချဲပြီး က,ကြသည်။ တဖြည်းဖြည်း အသက်

ကြီးသူများလည်း ပါလာသည်။ မူးလာကြပြီဆိုတော့ အက,က ကြမ်းလာသည်။ အမျိုးသမီးလေးများ၏ ခိုးခိုးခစ်ခစ်ရယ်သံမှာ ဗုံသံကိုပင် လွှမ်း၍ သွားတော့သည်။ ကျွန်တော်နှစ်ချီက,ပြီး နားသည်။ ကျွန်တော့်အတွဲဖော်ကလည်း ကျွန်တော့်အရိပ်အခြေကြည့်ပြီး ထပ်က,ရန် မခေါ်တော့ပါ။ အတူတွဲ၍သာ ခေါင်ရည်သာ သောက်နေသည်။ ဘာသာစကားချင်းမတူ၍ လက်ဟန်ဖြင့်သာ စကားပြောရတော့သည်။ သူတို့ချက်သော တောဝက်သားဟင်းကလည်း အတော်ကောင်းသည်။ ငရုတ်သီးမပါသော်လည်း ဟင်းခတ်အရွက်များ ထည့်ထားသည်။ နူးနူးနပ်နပ်တော့ မဟုတ်။ ကျက်ရုံသာဖြစ်သည်။ တစ်ရွာလုံးစားကြသောက်ကြသည်မှာ ပျော်စရာကောင်းလှသည်။

တဖြည်းဖြည်း ညဉ့်နက်လာသည်။ က,သူက က,၍ သောက်သူက သောက်နေကြသည်။ လူငယ်အတွဲများလည်း တဖြည်းဖြည်းပျောက်ကုန်ကြသည်။ ကျွန်တော် ညည်းစီစီဖြစ်လာ၍ လမ်းလျှောက်ရန် ဒရုခချောင်းကမ်းဘက် ထွက်ခဲ့သည်။ သူကြီးသမီးလည်း ကျွန်တော့်နောက်က လိုက်လာသည်။

ချောင်းကမ်းပါးမှာ ရွာအရှေ့ကွင်းပြင်လိုဖြစ်နေပြီး ကမ်းစပ်တွင် သစ်ပင်ကြီးများရှိသည်။ အသံများနှင့် ခိုးခိုးခစ်ခစ်ရယ်သံများကြောင့် ကျွန်တော်လှမ်းကြည့်လိုက်ရာ သစ်ပင်တိုင်းတွင် အတွဲကိုယ်စီဖြင့် ထိုင်နေကြသည်။ သူကြီးသမီးက ထိုင်မလားဟု လက်ဟန်ခြေဟန်နှင့် မေးသည်။ ကျွန်တော်ခေါင်းယမ်းပြပြီး ကပွဲဆီပြန်ခဲ့သည်။ သူကြီးက ကျွန်တော့်အား လှမ်းခေါ်ပြီး ခေါင်ရည်တစ်ခွက်ထည့်ပေး၍ ခွက်ချင်းတိုက်ကာ သောက်ကြသည်။

လမွန်းတည့်ခန့်ရှိပြီဖြစ်သဖြင့် သူကြီးကအော်ပြောပြီး မကြာမီ

ပုံသံရပ်သွားသည်။ ကပွဲပြီးဆုံးပြီဖြစ်သည်။ ကျွန်တော်တို့ သူကြီးအိမ်သို့ ပြန်ခဲ့ကြသည်။

နောက်ပိုင်းတွင် အခမ်းအနားပွဲ သိမ်းဆည်းသူများနှင့် ဆူညံနေသည်။ ကျွန်တော့်အား အပေါ်ထပ်ညည့်ခန်း အိပ်ရာပြင်ဆင်ထားရာနေရာတွင် နေရာပေးသည်။ သူကြီးနှင့် သူ့သမီးလည်း အခန်းအသီးသီးသို့ ဝင်သွားကြသည်။ ကျွန်တော့်အဖွဲ့ဝင်များကတော့ တစ်ယောက်မှပြန်မရောက်ကြသေးပါ။

ကျွန်တော်တစ်ဦးတည်းသာ ဘုရားဝတ်ပြု၍ အိပ်ရာဝင်လိုက်သည်။ အိပ်ခန်းထဲတွင် မီးဖိုမှ မီးအလင်းရောင်သာရှိသည်။ တစ်နေ့လုံး ပင်ပန်းလာ၍ မကြာမီ ကျွန်တော်အိပ်ပျော်သွားရာ မနက်မိုးလင်းမှ တစ်ရေးနိုးတော့သည်။ ထိုအချိန်တွင် နံဘေးမှဟောက်သံများကြားရ၍ ကြည့်ရာ ကျွန်တော့်အဖွဲ့ဝင်များ ဘယ်အချိန်က ပြန်ရောက်၍ အိပ်ပျော်နေကြမှန်းမသိပါ။ ကျွန်တော့် အောက်ထပ်ဆင်း၍ မျက်နှာသစ်ပြီး အပေါ်ထပ်ပြန်တက်လာစဉ် လှေကားအတက်၌ သူကြီးသမီးနှင့်ဆုံသည်။ သူမ အစောကြီးကတည်းက နိုးနေဟန်တူသည်။ ကျွန်တော့်အား အပြုံးချိုချို ဖြင့်နူတ်ဆက်ပြီး အောက်ထပ်ဆင်းသွားတော့သည်။

ကျွန်တော် ဘုရားဝတ်ပြုပြီးနောက် အမျှအတမ်းဝေသည်။ သွားရမည့်ခရီးလမ်းတစ်လျှောက်ရှိ အစောင့်အရှောက်များအား မေတ္တာပို့၍ အမျှဝေသည်။ ပြီးနောက် အောက်ထပ်ဆင်းလာရာ သူကြီးသမီးက ကျွန်တော်တို့ မနက်စာစားသောက်ရန်အတွက် ပြင်ဆင်နေသည်။ ဆက်သွယ်ပြောဆိုရန် ဘာသာစကားအဆင်မပြေ၍ ကျွန်တော်ဘာမျှမပြောတော့ဘဲ ဒရုခချောင်းကမ်းဘက် ထွက်ခဲ့တော့သည်။ မနက်ခင်း အလင်းရောင်ရစဖြစ်၍ လေမှာ သန့်ရှင်းလတ်ဆတ်လှသည်။ ချောင်းထဲတွင်တော့

ရေငွေ့နှင့်နှင်းမှုန်များက မြူအဖြစ် အုံ့ဆိုင်းနေသည်။

လက်နောက်ပစ်၍ ချောင်းကမ်းပါးတွင် ရပ်နေစဉ် ကျွန်တော့် လက်အား အေးစက်သောအထိအတွေ့ကြောင့် လှည့်ကြည့်လိုက်ရာ လန်းဆန်းသောအပြုံးနှင့် ချစ်စရာကောင်းလှသော သူကြီးသမီးအား တွေ့ရသည်။ ကျွန်တော့်လက်အားကိုင်ထားပြီး ဆွဲခေါ်နေသည်။ အိမ်ဘက်သို့လှည့်ပြန်လာကြရာ ညှော့ခံစားပွဲပေါ်တွင် အင်္ဂေတထောင်းထောင်းနှင့် စားစရာများအားပြင်ဆင်ထားပြီး သူကြီးကထိုင်စောင့်နေသည်။ စားစရာများမှာ ခေါပုတ်ကင်၊ ဝက်သားဟင်းနှင့် ကောက်ညှင်းများဖြစ်သည်။ သောက်စရာကတော့ ဖခါးရည်သာဖြစ်သည်။

ကျွန်တော်နှင့်သူကြီး စားသောက်နေကြစဉ် ကျွန်တော့်အဖွဲ့ဝင်များ အိပ်ရာမှနိုးထလာကြပြီး စားသောက်ဝိုင်းသို့ဝင်ကြသည်။ အိပ်ရေးပျက်နေသော မျက်နှာများနှင့်ဖြစ်ကြသည်။ လန်ကျဲခေါင်တို့ညီအစ်ကို ရောက်လာသဖြင့် သူကြီးနှင့်စကားပြောနိုင်တော့သည်။

ကျွန်တော် . . .

''သူကြီးခင်ဗျား . . . ဒီရွာနာမည် ဘယ်လိုခေါ်ပါသလဲ ခင်ဗျား''

''ဇီးအွန်''

လန်ကျဲခေါင်က မြန်မာလိုရှင်းပြသည်။

''ဆရာကြီး . . . ဇီးအွန်လို့ ရဝမ်လိုခေါ်တယ်။ မြန်မာလိုဆိုရင်တော့ သက်ကယ်လွင်ပြင်ရွာပေါ့''

''သူကြီးနာမည်ကရော''

''ထန်းခွီးရှိန်း . . . ။ သမီးနာမည်က မော်ဝါ။ အမေမရှိတော့ဘူး။ အမေက မနှစ်ကဆုံးသွားပြီ''

ကျွန်တော် မော်ဝါအား ချစ်ခင်သနားသောစိတ်ဖြင့် လှမ်းကြည့်လိုက်မိသည်။ သူမကလည်း မျက်လုံးရွဲကြီးဖြင့် ပြန်ကြည့်သည်။ ဂျပ်ခုတ်အထည်ကိုဝတ်ဆင်ပြီး ဂျပ်ခုတ်စောင်ကို အပေါ်ကခြုံထားသော်လည်း အောက်ကအဝတ်မှာပေါင်လယ်ရောက်နေသည့် စကတ်လို အဝတ်စသာဖြစ်သည်။ အသားအရေမှာ အဝါရောင်ဖြစ်ပြီး မျက်လုံး၊ မျက်ခုံးကောင်း၍ ဆံပင်လည်းကောင်းလှသည်။ မျက်နှာပေါ်တွင် ဘာမျှ ခြယ်သထားခြင်း မရှိပါ။ ပီဘိသဘာဝအလှဖြစ်သည်။

ကျွန်တော်တို့ ခရီးထွက်ရန် ပြင်ဆင်ရပါတော့သည်။ မော်ဝါက ကျွန်တော့်အနားက မခွာ။ ကျွန်တော့်ကိုသာ အရိပ်တကြည့်ကြည့် ကြည့်နေတတ်သည်။ အသင့်ပြင်ဆင်ပြီး၍ အိမ်ပေါ်ကဆင်းရန်အလုပ်တွင် မော်ဝါကကျွန်တော့်အားတားပြီး အခန်းထဲဝင်သွားသည်။ ထွက်လာသော် နဂါးနှစ်ကောင်လည်ချင်းလိမ်၍ အမောက်ထောင်နေသော ရွှေလက်စွပ်ကလေးကို ကျွန်တော်၏လက်ျာဘက်လက်သူကြွယ်တွင် ဝတ်ပေးသည်။ ထူးဆန်းနေသည်မှာ ဒရုဇစခန်းတွင် ရွှေဝါရောင်ညီအစ်မများ ဘုန်းကြီးမှတစ်ဆင့်ပေးသည့် လက်စွပ်နှင့်အရွယ်တူ၊ ပုံစံတူဖြစ်နေခြင်းပင်။ ရွှေဝါရောင်ညီအစ်မများပေးသော လက်စွပ်က နဂါးနှစ်ကောင်အမောက်ထောင်နေရာတွင် ကျောက်စိမ်းနက်ကလေး မြှုပ်နှံထားခြင်းသာ ကွာခြားသည်။ ကျွန်တော့်လက်နှင့်လည်း အံကိုက်ဖြစ်နေသည်။ ကျွန်တော်ကလည်း ကော့သောင်းတွင် တာဝန်ကျစဉ်ကဝယ်ခဲ့ပြီး လည်ပင်းတွင်ဆွဲထားသည့် ဘတ်ကြိုးအားဖြုတ်၍ မော်ဝါ၏လည်တိုင်တွင် ဆွဲပေးလိုက်သည်။ သူမ အလွန်သဘောကျနေသည်။

ကျွန်တော် သူမလက်ကလေးကိုကိုင်၍ နှုတ်ဆက်တော့ သူမ ပြုံးနေရာက မျက်ရည်များစိမ့်ထွက်လာသည်။ ကျွန်တော်တို့ ခရီးထွက်ရန်

ရှိသေး၍ အောက်ထပ်သို့ဆင်းခဲ့ကြပါသည်။ သူကြီးက ည့်ခံစားပွဲတွင် ထိုင်၍စောင့်နေသည်။ ကျွန်တော်တို့ လက်ဆွဲနှုတ်ဆက်ကြရာ ''အော့အာအဲ . . . အော့အာအဲ . . . ''ဟု ပြောသည်။ လန်ကျဲခေါင်းကလည်း နှုတ်ဆက်ရင်း ''အော့အာအဲ . . . အော့အာအဲ . . . ''ဟု ပြန်ပြောသည်။ အဓိပ္ပာယ်မှာ ကျေးဇူးကမ္ဘာဟုအဓိပ္ပာယ်ရကြောင်း သိရသည်။ ကျွန်တော်တို့ ဇီးအွန်ရွာမှ ထွက်ခွာခဲ့ကြပါသည်။ တစ်ရွာလုံးက ဝိုင်းကြည့်ပြီး လက်ပြနှုတ်ဆက်နေကြသည်။

'အော့အာအဲ . . . အော့အာအဲ' ဆိုသော နှုတ်ဆက်သံများလည်း ဆူညံနေသည်။ ကျွန်တော် သူကြီးအိမ်ဘက်လှည့်ကြည့်ရာ အပေါ်ထပ်ပြတင်းပေါက်မှ လက်ကိုင်ပဝါအဝါရောင်လေးကိုယမ်း၍ နှုတ်ဆက်နေရှာသော မော်ဝါကိုတွေ့ရသည်။ ကျွန်တော်လည်း ပြန်လည် လက်ပြနှုတ်ဆက်ရင်း ခရီးဆက်ရတော့သည်။ အဖွဲ့ဝင်များအားလုံးမှာ ကိုယ့်အတွေးနှင့်ကိုယ့် တိတ်ဆိတ်စွာ လျှောက်လှမ်းခဲ့ကြသည်။ ကျွန်တော်မှ ဆိတ်ငြိမ်မှုကိုဖြိုခွဲ၍ အနီးရှိမုဆိုးကျော်ထွားအား . . .

''မင်းတို့ ညက ဘယ်သွားနေကြတာလဲ။ ငါလိုက်ရှာသေးတယ်''

''မမေးပါနဲ့ဆရာရယ် . . . ။ လူငယ်တွေကိစ္စပါ''

''မင်းတို့ကိစ္စကလည်း တစ်ညလုံးပဲလားကွာ။ ငါ့မှာတော့ တစ်ယောက်တည်းအိပ်ရတာ''

''ဆရာ့ကို ကျွန်တော်တို့ခြင်ပါတယ်။ ကျွန်တော်တို့ အဝေးကြီးမသွားပါဘူး။ ချောင်းကမ်းနဖူးက သစ်ပင်အောက်တွေမှာပဲ ရှိနေကြတာပါ''

''ဩော် . . . အဲဒါ မင်းတို့အတွဲတွေလား။ တော်တော်ဟုတ်တဲ့

ကောင်တွေပဲနော်။ ကာလသားတွေစိတ်ဆိုးရင် ဘယ်လိုလုပ်ကြမလဲ''

လန်ကျဲခေါင်က ဝင်ပြောသည်။

''ဆရာ . . . အဲဒီအတွက် မပူနဲ့။ ပြဿနာမရှိဘူး''

''ဒါဆိုရင် မင်းတို့အားလုံး အဆင်ပြေကြတယ်ပေါ့''

ကိုကျော် . . .

''အားလုံးအဆင်ပြေပါတယ် ဆရာရယ်။ လန်ကျဲခေါင်က ဆရာကြီးပဲ။ သူ့အမိန့်အတိုင်း ကျွန်တော်တို့က တစ်သဝေမတိမ်း လိုက်နာလုပ်ဆောင်ခဲ့ကြတာပါ။ ဆရာရော အဆင်ပြေတယ်မဟုတ်လား။ မော်ဝါက အတော်လှတယ်နော်''

''အင်း . . . လှပါတယ်''

ဒီတစ်ခါငိုင်သွားရသူက ကျွန်တော်ကိုယ်တိုင် ဖြစ်နေသည်။ သူမကို ကျွန်တော်တရေးရေးပြန်မြင်နေမိသည်။ အရိုင်းဆန်သော သဘာဝအလှနှင့် ဤမျှလှနေလျှင် ယဉ်ယဉ်ကျေးကျေး မြန်မာလိုဝတ်ဆင်ပေးလိုက်လျှင် အလွန်တရာလှပ၍ ကျက်သရေရှိလိုက်မည်ဖြစ်ခြင်း။ ချက်ချင်းသတိရ၍ ကိုကျော်အားမေးဖြစ်သည်။

''ဒါနဲ့ ကိုကျော်ရေ . . . ။ ဘာဖြစ်လို့ ညက,ပွဲမှာ ဓာတ်ပုံမရိုက်တာလဲ''

ကျွန်တော်လည်း အခြေအနေကောင်းပြီး ပျော်လွန်းလို့ ဓာတ်ပုံရိုက်ဖို့မေ့သွားတယ် ဆရာရယ်။ အပြန်ကျမှ ရိုက်ကြတာပေါ့''

''ဘာလဲ . . . ခင်ဗျားက လမုန်းပွဲ ထပ်က,ချင်သေးလို့လား''

''က,ချင်တာပေါ့ ဆရာရယ်။ အလွန်ပျော်စရာကောင်းတဲ့ပွဲပဲ''

မုဆိုးကျော်ထွားက ဝင်ပြောသည်။

''ဆရာကျော့်အတွဲက ဝဝနဲ့ တကယ်လှတယ်နော်''

''ဟုတ်ပါ့ဗျာ . . . ။ ညီအစ်မနှစ်ယောက်ပဲ။ လန်ဖူးနဲ့ လန်နူး တဲ့။ သူတို့နှစ်ယောက်က အလွန်သဘောကောင်းပြီး ချစ်စရာကောင်း တယ်ဗျ။ ပြည့်ပြည့်ဝဝအလှပေါ့''

''ဟား . . . ဟား . . . ဟား . . . ''

အားလုံး သဘောကျ၍ ဝိုင်းရယ်ကြသည်။

''ကဲ . . . ကဲ . . . ကျော်ထွားနဲ့ တင်သောင်းအကြောင်း ပြောပါဦး''

ကျော်ထွား . . .

''ဆရာ . . . ကျွန်တော်တို့လည်း အဆင်ပြေပါတယ်။ ကျွန်တော့် ကောင်မလေးနာမည်က အယ်စီတဲ့။ တင်သောင်းကောင်မလေးနာမည် က နန်ထွယ်တဲ့။ သိပ်သဘောကောင်းတယ်ဗျာ။ လှလည်းလှတယ်။ ဒါပေမဲ့ ဆရာ့ကောင်မလေးလောက်တော့ အသားမဖြူဘူး''

''အံမယ်. . မင်းတို့က သူ့ကောင်မလေး၊ ငါ့ကောင်မလေး လုပ် နေတယ်။ တစ်ညတွေ့ခဲ့ရတာကိုများ အပိုင်ပြောနေကြတယ်''

''ဆရာ. . ဒီဒေသက ကျွန်တော်တို့ခန္ဓိုးနဲ့ နီးလာပြီ။ ဒီမှာက ဂျိန်းဖော၊ ဗမာ၊ လီဆူး၊ ရဝမ်နဲ့ ခန္ဓိုးရှမ်းတွေ နေကြတယ်။ အချို့စကား တွေမှာ အသံထွက်အနည်းငယ်လွဲပြီး အဓိပ္ပာယ်တူတယ်။ လက်ဟန်နဲ့ စကားပြောရင် နားလည်လွယ်တယ်။ ကျွန်တော်တို့ ခန္ဓိုးရှမ်းနဲ့တော့ အတော်နီးစပ်တယ်။ နောက်ပြီး ဆရာတို့က ဒီပွဲကို 'လမုန်း' လို့ ခေါ်တယ်။ အမှန်က ဒီဒေသမှာ 'လမိုင်း' လို့ ခေါ်တယ်။ လမုန်းက ပွဲက ရှမ်းပြည်နယ် ဘုက်က အခေါ်ပါဆရာ''

''ဒါနဲ့ ကျော်ထွားရေ . . . ။ ကိုအောင်ကြီးတစ်ယောက်

မမြင်ပါလား။ စောစောက သူကြီးအိမ်မှာ စားကြ၊ သောက်ကြတုန်းက မြင်လိုက် ပါသေးတယ်''

''အင်း . . . ဟုတ်ပါရဲ့ ဆရာရယ်။ ကျွန်တော်တို့လည်း လောလောလောလောနဲ့ ထွက်လာကြတာ''

''ကျွန်တော်တို့ဇီးအွန်ရွာအထွက် ကွင်းစပ်တွင်ခေတ္တနား၍ စောင့်ဆိုင်းနေကြစဉ် ကိုအောင်ကြီးနှင့်အမျိုးသမီးတစ်ဦးအား တွေ့ရသည်။ အေးဆေးစွာစကားပြော၍ လမ်းလျှောက်လာကြသည်။ အနီးရောက်သော် ကိုအောင်ကြီးက . . .

''ဆရာရေ . . . သံယောဇဉ်တွေတော့ ဖြစ်ကုန်ကြပြီ။ ကျွန်တော့်ကောင်မလေးနန်ထော့က ကွင်းစပ်အထိလိုက်ပို့ချင်တယ်ဆိုတာနဲ့ စောင့်နေရတာ''

''ကဲ . . . ကိုအောင်ကြီးရေ။ ကိုယ်တို့ နောက်ကျလိမ့်မယ်။ ဒီညအိပ်ရမှာက ရွာမီဟုတ်ဘူး။ တောထဲမှာညအိပ်ရမှာ။ မောင်ရင့်ကောင်မလေးကို နှုတ်ဆက်လိုက်ပေတော့''

''ဟုတ်ကဲ့ . . . ဆရာ။ နန်ထော့ . . . အော့အာအဲ . . . အော့အာအဲ . . .''

နန်ထော့ . . .

''အော့အာအဲ . . : အော့အာအဲ . . .''

ဟု ပြန်နှုတ်ဆက်ပြီး နေရာတွင်ရပ်၍ကျန်ခဲ့ပါသည်။ ကိုအောင်ကြီးကလည်း လည်ပြန်ကြည့်၍ ပြန်လည်လက်ပြနှုတ်ဆက်နေသည်မှာ မပြီးတော့ပါ။ ကျွန်တော်စဉ်းစားမိပါသည်။ ကျွန်တော်တို့၏ တိုင်းရင်းသားဆွေမျိုးသားချင်းများ ခင်မင်စရာကောင်း၍ ဖော်ရွေလွန်းလှသည်ဟူ၍ ဖြစ်သည်။

ကျွန်တော်တို့အဖွဲ့ ဒရုဝချောင်းအားဖြတ်၍ တစ်ဖက်ကမ်းကူး စဉ် ရွှေကျင်နေသော ရဝမ်အမျိုးသား၊ အမျိုးသမီးများနှင့်တွေ့၍ နှုတ်ဆက်ကြပြန်သည်။

''အော့အာအဲ . . . အော့အာအဲ . . .''

ကျွန်တော်တို့ကလည်း လက်ပြ၍ 'အော့အာအဲ' ရပြန်ပါသည်။ ချောင်းကမ်းနဖူးမှ တစ်မိုင်ခန့်လျှောက်ပြီးနောက် တောင်ပေါ်တက်ရပြန်ပါသည်။ ထုံးစံအတိုင်း လန်ကျဲခေါင်တို့ညီအစ်ကိုက ရွှေမှလမ်းပြဦးဆောင်သည်။ မုဆိုးကျော်ထွားက ကျွန်တော့်အနီးမှလိုက်ရင်း . . .

''ဆရာ . . . အပြန်ကျဆရာလည်း ရဝမ်စကားနည်းနည်း ပါးပါးပြောတတ်အောင် သင်ထားပါလား။ ကျွန်တော်သင်ပေးမယ်''

''ကဲ . . . လုပ်စမ်းပါဦးကွာ။ တတ်ထားတော့ ကောင်းတာပေါ့''

''ဆရာ . . . ဗမာလို အဖေ၊ အမေကို ရဝမ်လို အ–ဖေ၊ အ–မေ။ လီဆူးက အာဘာ၊ အာမာ။ ခန္တီးရှမ်းက ဖော်၊ မေလို့ ခေါ်ကြတယ်။ ဗမာလို ကျွန်တော် (ငါ) ကို ရဝမ်လို ငါပဲ။ လီဆူးကလည်း ငါ။ ခန္တီးရှမ်းက ဂေါ်။ ဂျိန်းဖောက ငိုင်လို့သုံးတယ်။ ရေထဲကငါးကိုတော့ ရဝမ်က ငါးပဲခေါ်ပြီး လီဆူးတို့က ငွား။ ဂျိန်းဖောကလည်း ငါးပဲခေါ်တယ်။ နားကို ရဝမ်က အနှား၊ လီဆူးက နာဖို့၊ ဂျိန်းဖောက နာ။ မျက်စိကိုတော့ ရဝမ်က မဲလို့ခေါ်ပြီး လီဆူးက ညဲဆီ။ တစ်ကို ရဝမ်က ထိ၊ လီဆူးကလည်း ထိပဲ။ လေးကို ရဝမ်က အဗလီ၊ လီဆူးကလည်း အဗလီ၊ ဂျိန်းဖောက မလီ။ ငါးကိုတော့ ရဝမ်က ဖငွား၊ လီဆူးက ငွာ၊ ဂျိန်းဖောက မငါလို့ခေါ်တယ်။ ဆရာက ရဝမ်စကားကိုချည်းသိချင်ရင်တော့ တစ်ကနေတစ်ဆယ်ကို ရဝမ်လိုပဲပြောတော့မယ်။ ထိ၊ နှီ၊

ထော၊ အဇလီ၊ ဖင်ဂွား၊ ချူ၊ ဆင်စစ်၊ ဟစ်၊ တကိုး၊ ထိဆဲ လို့ခေါ်တယ်''

''အေး . . . ကျော်ထွားရေ။ မင်းတို့ခန္ဓိုးရှမ်စကားနဲ့တော့ နီးစပ်ပြီးတူပါလိမ့်မယ်။ ငါတို့မြန်မာစကားနဲ့တော့ မတူလှဘူးကွ''

''ဟုတ်တယ်ဆရာ။ ကျွန်တော်တို့ ခန္ဓိုးရှမ်းနဲ့ ရဝမ်၊ လီဆူး၊ ဂျိန်းဖောစကားတွေက ဆင်ပါတယ်။ အတော်များများတူညီလို့ စကား ပြောရင် နားလည်ကြတာ များပါတယ်''

တောင်တက်ခရီးမှာ ရွာနှင့်နီးချိန်ထင့်။ လမ်းကလေးရှိသည်။ တောင်ထိပ်သို့ မိနစ် (၂၀) ခန့်တက်ရပြီး တောင်ထိပ်မှတစ်ဖက်တောင် ခြေသို့ မိနစ် (၂၀) ခန့် ဆင်းရပြန်သည်။ တောင်ခြေတွင် စိမ့်တော။ သို့သော် ဘာကောင်မှ မတွေ့ရပါ။ ကြက်တွန်သံတော့ ကြားနေရသည်။ တောကြက်တွန်သံမဟုတ်ပါ။ ရွာကြက်တွန်သံဖြစ်သည်။ ရဝမ်ရွာတစ်ရွာနှင့် နီးပြီဖြစ် သည်။

''လန်ကျဲခေါင်ရေ . . . ရွာနဲ့နီးပြီ မဟုတ်လား။ ရွာကြက်တွန်သံကြားရတယ်''

''ဟုတ်တယ် . . . ဆရာ။ ရဝမ်ရွာတစ်ရွာပဲ''

''ကျွန်တော်တို့ တောစိုကိုဖြတ်၊ စမ်းချောင်းကိုကျော်ပြီးနောက် စိုက်ပျိုးရေးခြံတစ်ခြံကို တွေ့ရသည်။ လိမ္မော်နှင့်ကျဲကောပင်များဖြစ်ပြီး တစ်ဖက်တောင်စောင်းတွင် လက်ဖက်ပင်များအား လေ့ကားထစ်စိုက် ပျိုးထားသည်ကို့ ညီညာစွာတွေ့ရသည်။ ရွာကလေးမှာ ဒရုခချောင်း ကမ်းပါးကိုငဲ့မးတင်ထားပြီး အိမ်ခြေသုံးဆယ်ခန့်သာရှိသည်။ အိမ်ကလေး များမှာ သက်ကယ်မိုး၊ ဝါးထရံကာအိမ်ကလေးများ ဖြစ်သည်။ သို့သော် သပ်ရပ်သန့်ရှင်းပြီး စနစ်တကျဆောက်လုပ်ထားသဖြင့် ဤရွာတွင် ခေတ်မီပညာတတ်များရှိမည်ဟု မှန်းဆမိသည်။

ခြံအလုပ်သမားတစ်ဦးနှင့်တွေ့၍ လန်ကျဲခေါင်တို့ စကားပြော ကြသည်။ ခြံအလုပ်သမားက လက်ညှိုးထိုး၍ ရွာလယ်ကို ညွှန်ပြနေ သည်။

ကျွန်တော်က လှမ်းပြောရသည်။

''လန်ကျဲခေါင်ရေ . . . စောသေးတယ်။ ဒီရွာမှာ မနားတော့ ဘူး။ ဆက်သွားကြမယ်''

''ဆရာ . . . ဆက်သွားမယ့်ခရီးက ရွာထဲကသွားရမှာ။ ရွာ လယ်က လူကြီးအိမ် ခဏဝင်နားပြီးမှ ဒရုခချောင်းကိုကျော်ပြီးသွား ရမှာ''

''အေး . . . အေး . . . အဲဒါဆိုရင်လည်း သွားကြတာပေါ့''

ခြံအလုပ်သမားက လူကြီးအိမ်သို့လိုက်ပို့သည်။ လူကြီးအိမ် မှာ ခြေတံရှည်၊ မြေစိုက်ဖြစ်ပြီး သစ်လုံးချောများအား တိုင်လုပ်ထား သည်။ အခင်းနှင့်အကာမှာ ပျဉ်ဖြစ်သော်လည်း အမိုးကတော့သက် ကယ်မိုးဖြစ်သည်။

လူကြီးအိမ်ရှေ့ရောက်သော် လိုက်ပို့သူခြံအလုပ်သမားက လှမ်း အော်ပြောရာ အိမ်အပေါ်ထပ်မှ ရဝမ်လူငယ်တစ်ဦးနှင့် လူကြီးတစ်ဦး ဆင်းလာသည်။ သေနတ်များကိုင်ဆောင်ထားသော ကျွန်တော်တို့အား မြင်သဖြင့် ပစ္စမရွှံ့သွားဟန်ရှိသော်လည်း လန်ကျဲခေါင်က ရဝမ်လို ရှင်းပြသဖြင့် အိမ်ထဲသို့ဖိတ်ခေါ်ပြီး ဧည့်ခံစားပွဲတွင် နေရာပေးသည်။ လူငယ်ကကျွန်တော့်အား လက်ဆွဲနှုတ်ဆက်ပြီး သူ့အဖေသူကြီးနှင့် မိတ် ဆက်ပေးသည်။ ကျွန်တော့်တို့အား ဖခါးဇည်နှင့်ဧည့်ခံသည်။ လူငယ်မှာ မြို့နယ်စိုက်ပျိုးရေးသင်တန်းဆင်းဖြစ်သည်။ ဗမာစကားကိုလည်း ပြောတတ်သည်။ သူ့အမည်မှာအင်ထုဖြစ်၍ သူ့အဖေအမည်မှာ ဦးအင်

ဖုန်းဆန်းဖြစ်ကြောင်း မိတ်ဆက်ပေးသည်။

ဗမာစကားပြောတတ်သဖြင့် အလွန်အဆင်ပြေသွားသည်။ ကျွန်တော်တို့ တစ်ဦးချင်းမိတ်ဆက်ကြပြီးနောက် ကျွန်တော်ကပါလာသည့် Army Rum တစ်လုံးကို လက်ဆောင်ပေးရာ အင်ထုကနေ့လယ်စာ ထမင်းစားပြီးမှ ခရီးဆက်ရန်တားတော့သည်။ ကျွန်တော်မှာ အစီအစဉ်မရှိသဖြင့် အားနာကြောင်း၊ ကျွန်တော်တို့အဖွဲ့မှာ လူ(၇) ဦးဖြစ်၍ တာဝန်ကြီးကြောင်း ပြောသော်လည်း မရပါ။ အဆင်သင့်ရှိကြောင်း ပြောဆို၍ ထမင်းပွဲပြင်ပါတော့သည်။

ထမင်းဝိုင်းမှာ အိမ်မကြီးပေါ်တွင်ဖြစ်သည်။ အမြင့်တစ်ပေခွဲ၊ အလျားလေးပေခန့်ရှိ လေးထောင့်စားပွဲနှစ်လုံးကို ဆက်၍ထားသည်။ စားပွဲပေါ်တွင် စလူရွက်နှင့်ထုပ်ထားသော ထမင်းထုပ်များကိုချထားသည်။ အလယ်တွင် ကြက်သားနှင့်သင်္ဘောသီးဟင်း၊ ငရုတ်သီးဇထောင်းတို့ဖြစ်သည်။ အချိန်မှာ မနက်(၁၀)နာရီကျော်ခန့်သာရှိသေးသည်။ ထမင်းစားရန် လက်ဆေးခွက်ကို မတွေ့ရ။ ဇွန်းလည်း မပေးချေ။ ကျော်ထွားအား စားပွဲအောက်မှလက်ဆေးရန်ရေခွက်အား ညွှန်ပြတော့မှတွေ့ရပြီး လက်ဆေးရတော့သည်။ ဟင်းခပ်ဇွန်းမှာလည်း ဝါးဆစ်ပိတ်ဖြင့်လုပ်ထားသောဇွန်းသာဖြစ်သည်။ စလူရွက်ထမင်းထုပ်ကိုဖြေလိုက်ရာ ထမင်းသည် ဆွတ်ဆွတ်ဖြူဖွေးနေသည်။ အငွေ့ထထောင်းထောင်းထပြီး အံ့နံ့တသင်းသင်းဖြင့် ပူနွေးနေသည်။ ထမင်းထုပ်ပြီး ပြန်ပေါင်းထားဟန်တူသည်။ အပြင်သို့ အလွယ်တကူယူဆောင်သွားရန် ပြင်ဆင်ထားခြင်းနှင့်တူသည်။ ထမင်းမှာ ထွေးထွေးလေးဖြစ်သည်။ တောင်ပေါ်ရှမ်းဆန်လို မစေးချေ။ အချိန်စောသေးသော်လည်း လမ်းလျှောက်လာရ၍ ထမင်းစားကောင်းလှသည်။ ထမင်းထုပ်များမှာ တစ်ထုပ်ပြီးတစ်ထုပ်ချပေးလာရာ

ကျွန်တော်တို့အနီးတွင် ထမင်းထုပ်စလူရွက်များ ပုံသွားတော့သည်။

ကျွန်တော်မှ . . .

"အင်ထု . . . ထမင်းတွေ ဒီလောက်လုပ်ထားတာ ဧည့်သည်လာဖို့ရှိလို့လား"

"မဟုတ် ဆရာ . . . ။ ခြံအလုပ်သမားတွေအတွက်ပါ။ မနက်စာ၊ ညစာချက်ပြီး ပေါင်းထားတယ်။ ဆရာတို့ တစ်ဝကြီးစားနိုင်ပါတယ်။ ညနေစာပဲ ပြန်ချက်ဖို့ရှိပါတယ်"

"ကျေးဇူးတင်တယ်တွာ။ ငါတို့မှာ ရိက္ခာတွေတော့ပါတယ်။ စခန်းချတဲ့နေရာ ကြုံသလိုချက်စားကြရုံပါပဲ"

ကျွန်တော်တို့ ထမင်းစားသောက်ပြီး ဖခါးရည်သောက်၍ စကားဝိုင်းဖွဲ့ကြစဉ် ကျွန်တော်တို့ခရီးစဉ်အကြောင်းပြောပြရာ အင်ထုမှ . . .

"ဆရာ . . . ကျွန်တော်လည်း စိုက်ပျိုးရေးသင်တန်းဆင်းတစ်ယောက်ပါ။ မြစ်ကြီးနားမှာ (၁၀) တန်းအောင်ပါတယ်။ သစ်ခွပင်ကို ကျွန်တော်အလွန်စိတ်ဝင်စားပါတယ်။ အိမ်အနောက်ဘက်မှာလည်း ကျွန်တော်စုထားတဲ့ ဒေသထွက်သစ်ခွမျိုးတွေ ရှိပါတယ်။ ဆရာလေ့လာသွားပါဦး။ သစ်ခွနဂ်ကိုတော့ ကျွန်တော်လည်းမမြင်ဖူးသေးဘူး။ ဖြစ်နိုင်ရင်တော့ ဆရာတို့နဲ့အတူ ကျွန်တော်လိုက်လေ့လာချင်တယ်"

"ရပေါ့ အင်ထုရယ် . . . ။ မင်းကဒေသခံ၊ ခေတ်ပညာတတ်ဆိုတော့ မင်းပါရင်ပိုကောင်းတာပေါ့ကွာ"

"ကျေးဇူးကဘာ ဆရာ"

ကျွန်တော်တို့အား အိမ်အနောက်ဘက်ရှိ အင်ထု၏သစ်ခွပန်းခြံအား ပြပါသည်။ ဒေသထွက်မျိုးများဖြစ်သည့် စာကလေးသစ်ခွ၊ မဟာဇေဝီ၊ ပန်းသင်တော်ညို၊ ရတနာရွှေခက်၊ ငှက်ကြီးသစ်ခွနှင့်

ဦးလုံးမိုင်း၊ စလဲတော်သစ်ခွများ ဖြစ်သည်။ ဖယောင်းပန်းလက်တံတို၊ လက်တံရှည်များကိုလည်း တွေ့ရသည်။ ကျွန်တော်စုဆောင်းထား သလောက်တောင် မစုံလင်ပါ။

သူကြီးအား နှုတ်ဆက်၊ ခွင့်ပန်ပြီး အင်ထုအားခေါ်၍ ခရီး ဆက်ခဲ့ကြသည်။ အင်ထုက် လွယ်အိတ်တစ်လုံးနှင့် ဓားရှည်တစ်ချောင်း ကိုသာ ယူခဲ့သည်။ ကျွန်တော်တို့အုပ်စု ရွာအနောက်မှထွက်၍ ချောင်း ကူးကြရာ ချောင်းထဲတွင် ရွှေကျင်နေသူများက ဝိုင်းမေးဟန်ထူသည်။ အင်ထုက ရှင်းပြသဖြင့် လက်မြှောက်နှုတ်ဆက်ပြီး အော်ကြပြန်သည်။

''အော့အာအဲ . . . အော့အာအဲ . . .''

ဤတစ်ခါလည်း ချောင်းကိုဖြတ်ပြီးသည်နှင့် တောင်တက်ရ ပြန်သည်။ ဤတစ်ခါတက်ရသည်မှာတော့ တောင်နှာမောင်းတစ်ခုသာ ဖြစ်၍ လမ်းမှာဖတ်စောက်ခြင်းမရှိဘဲ ပြေလွှသည်။ တောင်မေ့ါက ဆင်းသည်နှင့် ရဝမ်ရွာစွန်ရွာသို့ရောက်ပြန်သည်။ ရွာငယ်ကလေးဖြစ် သည်။ တဲအိမ်(၁၀)အိမ်ခန့်သာ တွေ့ရသည်။ ရွှေကျင်သောရွာဟု အင်ထု က ပြောသည်။ ရွာထဲသို့မဝင်ကြတော့ဘဲ ရွာနောက်ဖျားမှပတ်၍ ညို့မှိုင်း နေသော တောင်တစ်လုံးဆီသို့ ဦးတည်လိုက်ကြသည်။

လဲန်ကျဲခေါင်က ပြောသည်။

''ဆရာ . . . အဲဒီတောင်ကြီးက ကျွန်တော်တို့တက်ရမယ့် တောင်ပဲ။ ဒရုခချောင်းမြစ်ဖျားခံရာ နေရာပဲ။ မြန်မာလို ကျောက်စိမ်း နက်တောင်ပေါ့''

အမြင်နီး၊ ခရီးဝေးသည့်တောင်ဆိုသောစကားမှာ မှန်လှသည်။ ရွှေကျင်သောရွာကလေးနှင့် နီးသည်ထင်ရသော်လည်း ကျွန်တော်တို့ (၂) နာရီခန့်လမ်းလျှောက်မှ တောင်ခြေသို့ရောက်သည်။ လူနေရပ်ရွာ

နှင့်လှမ်းသဖြင့် သစ်တော၊ ဝါးတောများမှာ ထူထပ်သိပ်သည်းလှသည်။ ဒရုခရောင်းမှာတောင်ခြေတွင် ရေကန်ကြီးသဖွယ်ဖြစ်နေပြီး တောင်ပေါ်ရောင်းလက်တက်များ ဆုံစည်းရာနေရာဖြစ်သည်။

နေစောင်းပြီဖြစ်သဖြင့် ကျွန်တော်တို့ရေအိုင်ကြီးအစပ် မြေပြန့်ကလေးတွင် အရေးပေါ်မြေစိုက်တဲကြီး ထိုးကြသည်။ သစ်ဝါးပေါသောနေရာဖြစ်၍ အဆင်ပြေလှသည်။ အမိုးနှင့်အကာအကိုတော့ တောင်ထန်းဖက်များအားခုတ်၍ အမိုးအကာလုပ်လိုက်ကြသည်။ ညနေစာအတွက် ထမင်းချက်၊ ရေနွေးတည်ကြပြီး အသားဘူး၊ ကျောက်ခက်ညွှန့်ကြော်၊ တောင်ချဉ်ပေါင် (ပိန်းရိုးအနီပင်) ချဉ်ရည်ဟင်းကို မုဆိုးကျော်ထွားက စီစဉ်ပေးသည်။

တောင်ခြေတောဖြစ်၍ စိမ့်အေးနေသော်လည်း ကျွန်တော်တို့အနီးရှိရေကန်တွင် ရေချိုးကြသည်။ ပြီးနောက် အနွေးထည်များအားဝတ်ဆင်ကြပြီး ဆေးဖြစ်ဝါးဖြစ် Army Rum အနည်းငယ်စီသောက်ကြပြီး ညစာထမင်းပူပူနွေးနွေးအား စားကြသည်။

မှောင်စပြုချိန်တွင် မှက်၊ ခြင်၊ ယင် ကာကွယ်ရန်နှင့် အနွေးဓာတ်ရရှိရန်အလို့ငှာ မုဆိုးကျော်ထွားနှင့် တင်သောင်းတို့က မီးပုံကြီးကို တဲအလယ်တွင် ဖိုပေးသည်။ ကျွန်တော်ကလည်း ငှက်ဖျားရောဂါ ကာကွယ်ရန်အတွက် လူတိုင်းအားဆေးနှစ်လုံးစီ တိုက်လိုက်သည်။

ပြီးနောက် တောင်တက်ရန်နှင့် တဲစောင့်၊ ချက်ပြုတ်ရန် လူစုခွဲရတော့သည်။ အားလုံးက လိုက်ချင်ကြသည်။ ထို့ကြောင့် မနက်မှစစဉ်ရန်ဆုံးဖြတ်လိုက်ပြီး (၂) နာရီ တစ်ဦးနှုန်းကင်းစောင့်ရန် တာဝန်ပေးရတော့သည်။ လူသူဝင်းသော တောနက်ထဲတွင် ကင်းချမထားဘဲ စိတ်ချလက်ချအိပ်၍ရမည်မဟုတ်ပါ။

မုဆိုးကျော်ထွားက တဲပတ်လည် စည်းချထားသည်။ အပေါ်သွားရန်လည်း တဲပြင်မထွက်စေဘဲ တဲအနောက်ထောင့်တွင် ဝါးကျည်တောက်များ ချထားပေး၏။ ရေသုံးရန်အတွက်လည်း တဲရှေ့အပေါက်ဝအနီးတွင် ဝါးကျည်တောက်များ ထောင်ထားပေးသည်။ ကျွန်တော်က ဘုရားရှိခိုး၊ ပုတီးစိပ်၍ အမျှဝေသည်။ ကျောက်စိမ်းနက်တောင် အစောင့်အရှောက်များနှင့် ရွှေဝါရောင်သစ်ခွစောင့်ညီအစ်မနှင့် အဘိုးတို့အား မေတ္တာပို့၍ အမျှဝေသည်။ နဂါးနက်ကြီးကိုလည်း စောင့်ရှောက်ရန် မေတ္တာပို့သည်။

တောင်ကြီးကွယ်နေသဖြင့် နေဝင်သည်မှာ စောလှသည်။ ညနေ (၅) နာရီခန့်တွင်ပင် အလင်းရောင်ပျောက်ကွယ်နေပြီး ညနေ (၆) နာရီအချိန်တွင် လုံးဝမှောင်အတိကျသွားတော့သည်။ ကန်အတွင်းမှ ပုရစ်သံ၊ ဖားအော်သံအပြင် တဝုန်းဝုန်းရေသံ ကြားနေရသည်။ ငါးကြီးများအသံဖြစ်မည်ထင်သည်။ တောင်စောင်းမှ တေ့ကြက်တွန်သံနှင့်ငှက်ကလေးများ အိပ်တန်းတက်နေကြသံကို ကြားနေရသည်။

ပဆမကင်းကို မျောက်တင်သောင်းစောင့်သည်။ ကျွန်တော်တို့လည်း အိပ်ကြသည်။ မောပန်းသဖြင့် တခဏနှင့်အိပ်ပျော်သည်။ အိပ်မက်ထဲတွင် ရွှေဝါရောင်ညီအစ်မအပြင် အဘိုးနှင့်လည်း တွေ့သည်။

အဘိုးက ပြောသည်။

''ငါ့သားကြီးတို့ ရည်မှန်းချက်နီးလာပြီ။ နဂါးနက်ကြီးက ငါ့သားကြီးတို့ကို အနီးကပ်စောင့်ရှောက်နေပါတယ်။ မနက်ဖြန် တောင်ပေါ်တက်မယ့် အဖွဲ့ဝင်အားလုံး ငါးပါးသီလမြဲကြပါ။ ပစ္စည်းအလေးအပင်တွေကို တောင်အောက်မှာပဲထားခဲ့ကြ။ အထူးမှာချင်တာက တောင်ပေါ်ကို အရက်ပုလင်းယူမသွားနဲ့။ သားဘူးငါးဘူးတွေလည်း ယူမသွားနဲ့။

ထမင်းထုပ်လည်း ယူမသွားနဲ့။ မနက်စာ စောစောစားပြီး တက်ကြပေါ့။ သစ်ခွနက်က တောင်အနောက်ဘက်က ကျောက်တောင်နံရံမှာရှိတယ်။ ဝါးလေ့ကားဆင်ပြီး တက်ပါ။ ဝါးရုံက အဲဒီအနီးမှာရှိတယ်။ ကြသော်ငင်းဝါးရုံပဲ။ နေရာက တောင်အလယ်၊ အနောက်ဘက်။ ဒီတောင်ကြီးတစ်တောင်လုံးမှာ အဲဒီတစ်နေရာမှာပဲ ရှိတယ်။ တခြားနေရာ မရှာနဲ့။ မရှိဘူး။ ခူးရင်လည်း အကုန်မခူးနဲ့။ မျိုးချုန်ထားခဲ့ပါ။ မနက်တောင်ပေါ်တက်တာနဲ့ တောစောင့်နတ်၊ တောင်စောင့်နတ်များကို အထူးမေတ္တာပို့ပါ။ ဆဲတာဆိုတာ၊ နောက်တာပြောင်တာ မကြိုက်ဘူး။ အထူးမှာချင်တာက တောင်ပေါ်မှာ အပေါ့၊ အလေး လုံးဝမသွားပါနဲ့။ သစ်ခွနက်ရတာနဲ့ လေ့ကားကိုဖျောက်ဖျက်ပြီး ချက်ချင်းပြန်ဆင်းခဲ့ပါ''

''ဟုတ်ကဲ့ပါ အဘိုး။ ကျွန်တော် ကြပ်ကြပ်မတ်မတ် အဘိုးမှာတဲ့အတိုင်း ဆောင်ရွက်ပါ့မယ်''

ရွှေထီးရောင်ညီအစ်မက ဝင်ပြောပြန်သည်။ အစ်မကြီးက ပြောသည်။

''မောင်ကြီး . . . နဂါးလက်စွပ်တစ်ကွင်း ထပ်ရတယ် မဟုတ်လား။ ကျောက်စိမ်းနက်လက်စွပ်တစ်ကွင်းတည်းနဲ့ မလုံလောက်မှာစိုးလို့ ထပ်ပေးတာပါ။ မော်ဝါကလည်း မောင်ကြီးရဲ့ပဋ္ဌာန်းဆက်အမျိုးပါပဲ။ အပြန်ကျရင် သူ လက်ဆောင်တစ်ခု ထပ်ပေးလိမ့်ဦးမယ်''

အငယ်မက ပြောပြန်သည်။

''မောင်ကြီးတို့ အန္တရာယ်ကင်းနေတာ အဲဒီလက်စွပ်တွေကြောင့်ပဲ။ မောင်ကြီးတို့ရောက်နေတဲ့နေရာက ကျောက်စိမ်းနက်ရတနာသိုက်ကြီးမို့ အစောင့်အရှောက်အလွန်များတဲ့ယ်။ အထူးသဖြင့် မြွေတွေပဲ။ မောင်ကြီးတို့အခုနေတဲ့ တဲရှေ့ကကန်ထဲမှာ နဂါးနက်ကြီးက စောင့်

ရှောက်ပေးနေတယ်။ ဒါကြောင့် မြွေတွေ မောင်ကြီးတို့ကို အနှောင့်အယှက်မပေးတာပါ။ အဘိုးမှာတဲ့အတိုင်း လိုက်နာဆောင်ရွက်ပါ မောင်ကြီး''

ကျွန်တော်တစ်ရေးနိုးတော့ ညဉ့်သန်းခေါင် (၁၂) နာရီပဲရှိသေးသည်။ ကင်းစောင့်နေသူက ကိုကျော်။ ကျွန်တော်အပျော်ထသွားပြီး . . .

''ကိုကျော် . . . ဘာထူးသေးသလဲဗျ''

''ဘာမှတော့ မထူးဘူးဗျ။ တဲရှေ့က ရေကန်ထဲကတော့ တပွမ်းပွမ်းနဲ့ ရေပွက်သံတွေ ကြားနေရတယ်။ ကျွန်တော် လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်တော့လည်း ရေပွက်ကြီးပဲတွေ့ရတယ်။ အကောင်မတွေ့ရဘူး။ ကန်ထဲမှာ ငါးအကြီးကြီးရှိတယ်ထင်တယ်ဗျ''

ကျွန်တော် အိပ်မက်ကို သတိရလိုက်မိသည်။ နဂါးနက်ကြီးများလား . . . ။

''ကိုကျော်ပြီးတော့ ဘယ်သူလဲဗျ''

''ကိုအင်ထု . . . ။ ဒါနဲ့ ဆရာရေ . . . ။ ဒီမှာ ခြင်၊ ဖြုတ် လုံးစမကိုက်ဘူးဗျနော်။ အုံသြစရာပဲ''

''မီးဖိုကြောင့် ဖြစ်မယ်ထင်တယ်''

''ဟာ . . . ဆရာကလည်း။ ကျွန်တော်တို့ဒရုခစခန်းမှာ မီးပုံမပြောနဲ့၊ ခြင်ထောင်ထဲတောင် ဖြုတ်ကဝင်ကိုက်တာ။ အမှန်က ဒီနေရာကရေကန်နဲ့နီးပြီး ထောနက်ကြီးထဲမှာ။ တကယ်ကိုက်ရမယ့် နေရာပဲ''

ကျွန်တော်တို့ စကားပြောနေစဉ် အင်ထုနိုးလာသည်။

''ဟာ . . . (၁၂) နာရီတောင် ကျော်ပြီပဲ။ ကိုကျော် ကျွန်တော့် ကိုနှိုးရောပေါ့ဗျာ''

''ကိုအောင်ထူးအိပ်ပျော်နေတာ ကျွန်တော်မနှိုးရက်လို့ပါဗျာ။ ရပါတယ်''

''ကဲ . . . ကဲ . . . အိပ်ကြတော့။ ဆရာလည်း အိပ်တော့။ အိပ်ရေးပျက်နေမယ်''

ကျွန်တော်တို့နှစ်ဦး အိပ်ရာဝင်ခဲ့ကြပါသည်။

မနက် (၅) နာရီတွင် ကျွန်တော်နိုးသည်။ မုဆိုးကျော်ထွားနှင့် မျောက်တင်သောင်းတို့ ချက်ပြုတ်နေကြသည်။ ကျွန်တော် မျက်နှာသစ် အပြီး ဘုရားဝတ်ပြု၊ ပုတီးစိပ်နေစဉ် တစ်ဦးပြီးတစ်ဦး နိုးလာသည်။ ကိုအောင်ကြီးက ပြောလာသည်။

''ဆရာ . . . ညက ကျွန်တော့်ကင်းအလှည့်မှာ ရေကန်ထဲက ရေပွက်သံကြီးကြားလို့ ဓာတ်မီးနဲ့ထိုးကြည့်တာ နဂါးနက်ကြီးကို မျက်လုံး နီနီကြီးနဲ့ မြင်လိုက်ရတယ်''

''နောက် . . . သူက ဘာလုပ်သေးလဲ''

''ဘာမှတော့ မလုပ်ဘူး။ ကျွန်တော်လည်း သေနတ်မောင်း တင်ပြီး စောင့်နေတာ။ ရေကန်ထဲကတော့ ရေသံတဝုန်းဝုန်းကြားနေရတယ်''

''တို့ကို စောင့်ရှောက်နေတာ နေမှာပေါ့ကွာ''

''ဆရာရယ် . . . ။ ဒရုခစခန်းကနေ ဒီအထိ ဒီကောင်လာနိုင်ပါ့မလား။ နောက်တစ်ကောင်ဖြစ်မယ်ထင်တယ်''

''နောက်တစ်ကောင်ပဲဖြစ်ဖြစ်၊ အရင်ကောင်ပဲဖြစ်ဖြစ် အန္တရာယ် မပေးတော့ စောင့်ရှောက်နေတယ်လို့ပဲ မှတ်ပါကွာ''

ကျွန်တော် ပြောရင်းဆိုရင်း ကျွန်တော်ဝတ်ထားသည့် နဂါး လက်စွပ်ကလေးနှစ်ကွင်းကို မီးဖိုမီးအလင်းရောင်နှင့် ငုံကြည့်နေမိသည်။

နဂါးနက်ကြီးစောင့်ရှောက်စေရန် ဤလက်စွပ်နှစ်ကွင်းအား ကျွန်တော့်ကို ပေးလိုက်ဟန်တူသည်။

အဖွဲ့သားအားလုံး မျက်နှာသစ်ပြီး၍ မနက်စာစားကြရန် ပြင်ဆင်နေကြစဉ် . . .

''ကဲ . . . အားလုံး ခဏထိုင်ကြဦး။ တောင်ပေါ်ကို အကုန်တက်ကြမယ်။ ဒီတဲမှာလည်း စောင့်နေစရာမလိုဘူး။ တောင်ပေါ်ကို အရက်ပုလင်း ယူမသွားရဘူး။ အရှေးပေါ်သုံးပစ္စည်းကလွဲလို့ အကုန်ထားခဲ့မယ်။ တောင်ပေါ်မှာ မဆဲရ၊ မဆူရ၊ မနောက်ပြောင်ရ၊ အပေါ့အလေး မသွားရဘူး။ စားစရာပစ္စည်းလည်း ယူသွားစရာမလိုဘူး။ နေ့လယ်ထမင်းစားချိန် ပြန်ရောက်လာကြမှာ။ အထူးမှာချင်တာက ငါးပါးသီလခံယူပြီးမှ တောင်ပေါ်တက်ရမယ်။ လုံခြုံအောင်လည်း ထိန်းရမယ်''

''ဆရာ . . . အဲဒါဆို သေနတ်တွေ၊ ဒူးလေးတွေ၊ ဓားတွေ ပါထားခဲ့ရမှာလား''

''အဲဒါတွေက ဘေးဆီးရန်ကာ ယူသွားရမယ်။ သူများအသက်ကို ရန်မရှာဘဲ မသတ်ဖို့ပြောတာ။ ကဲ . . . ငါတို့ငပေးမယ်။ ငါးပါးသီလ လိုက်ဆိုကြ''

ကျွန်တော်တို့ငပေးရာ ခရစ်ယာန်ဘာသာဝင်များဖြစ်ကြသော ကိုအင်ထုနှင့် လန်ကျဲခေါင်၊ လန်ကျဲနောင်တို့ကလည်း လိုက်ဆိုကြသည်။ ငါးပါးသီလခံယူပြီးနောက် ကျောက်စိမ်းနက်တောင်အစောင့်အရှောက်များ အားလည်း မေတ္တာပို့၍ အမျှဝေပါသည်။ ကျွန်တော့်က သီးခြား ရွှေဝါရောင်သစ်ခွအစောင့်ညီအစ်မနှင့် အဘိုးနဂါးနက်ကြီးတို့အား မေတ္တာပို့၍ အမျှဝေလိုက်ပါသည်။ ထူးဆန်းသည်မှာ တဲရှေ့ရောက်အတွင်းမှ တဝုန်း

ဝုန်းရေသံများ ကြားရခြင်းဖြစ်သည်။

ကျွန်တော်တို့ မေတ္တာပို့၊ ဆုတောင်းပြီးနောက် မနက်စာ စားကြသည်။ မနက် (၇) နာရီ အလင်းရောင်ရမှ ကျွန်တော်တို့တဲကထွက်၍ တောင်ပေါ်တက်ခဲ့သည်။ ကျွန်တော်က ဦးဆောင်သည်။ တောင်တက်လမ်းမှာ မတ်စောက်သော်လည်း မခက်ခဲပါ။ တောင်ပေါ်တွင်ပေါက်ရောက်နေသော သစ်ပင်လေးများအားဆွဲ၍ တစ်ဆင့်ပြီးတစ်ဆင့် တက်ခဲ့ကြသည်။ တောင်ထိပ်ကိုတော့ မမြင်ရ။ မြူတွေရစ်သိုင်းနေသည်။ တောင်ကြီးမှာ ဗကတိကျောက်တောင်ကြီးဖြစ်သည်။ ကြီးမားလှသည်။ မြင့်လည်း အတော်မြင့်သည်။ နာရီဝက်ခန့်အကြာတွင် တောင်လယ်ခါးပန်းသို့ ရောက်လာကြသည်။ တောင်လယ်ခါးပန်းမှာ တောင်ထွတ်များဝိုင်းရံနေသဖြင့် လွတ်လပ်ရေးကျောက်တိုင်ကြီးနှင့် တူနေသည်။ ကျောက်တောင်ကြားမှ အနောက်ဘက်သို့ မှန်းဆလျှောက်ရာအရောက်တွင်၊ တောင်ထွတ်မည်းမည်းကြီး၏ခြေရင်းတွင် ကြသောင်းဝါးရုံကို တွေ့ရ၍ သဖြင့် အပေါ်သို့မော့အကြည့်တွင် ချည်ပြင်များပေါ်တွင် တွယ်ကပ်ပေါက်ရောက်နေသော သစ်ခွနက်အပင်များအား တွေ့ရပါတော့သည်။ ကျွန်တော်က ရပ်၍ အဖွဲ့အား . . .

"ဒီမှာ . . . သစ်ခွနက်တွေ့ပြီဟေ့။ ကျေးထွားနဲ့တင်သောင်းဝါးခုတ်တော့။ လှေကားလုပ်ရအောင်။ လန်ကျဲခေါင်တို့ ညီအစ်ကိုက အရွယ်တူခြင်းနှစ်လုံး ရက်ကြကွာ"

ကိုအင်ထုနှင့်ကိုကျော် အလွန်အံ့သြနေကြသည်။

"ဆရာရယ် . . . ဆရာ့မြေပုံညွှန်းကလည်း ကွက်တိပါလား။ ဒါကြောင့် ဆရာဦးဆောင်ပြီးတက်ခဲ့တာကိုး။ ဘယ်သူက လမ်းညွှန်တာလဲ ဆရာ"

"ကိုကျော်နဲ့ကိုအင်ထုကို နောက်မှပြောမယ်ဗျာ။ ကဲ . . . လှေကားအမြန်ပြီးအောင် ဝိုင်းကူလုပ်ကြရအောင်"

တောင့်တောင့်ဖြောင့်ဖြောင့် ဝါးနှစ်လုံးခုတ်။ အဆစ်ပေါ်တွင် ဓားနှင့်ပါးဟက်ဟက်ပြီး ဝါးကိုင်းဖျားများအားဖြတ်၍ နှစ်ဖက်ပေါက်အောင် လှေကားဆံသွင်းလိုက်သည်နှင့် ဝါးလှေကားဖြစ်သွားပါသည်။ လှေကားမှာ(၁၅) ပေခန့်ရှည်၍ သစ်ခွနက်များမှာ အမြင့် (၁၀) ပေကျော် ခန့်တွင် ရှိနေသည်။

ကျွန်တော်မှ အဘိုးမှာသည့်အတိုင်း တောစောင့်နတ်၊ တောင်စောင့်နတ်၊ သစ်ခွနက်အစောင့်များအား မေတ္တာပို့ပြီး မျောက်တင်သောင်းအား လှေကားထောင်၍ တက်စေပါသည်။

"တင်သောင်းရေ . . . ဘယ်နှပင်ရှိသလဲကွ။ အကုန်မခူးဘူးနော်။ အပင်ပေါက်၊ အပင်ငယ်ကလေးတွေကို ချန်ခဲ့မယ်"

"တစ်ချယ်ငါးပင်လောက် ရှိတယ်ဆရာ။ အပွင့်ပွင့်နေတဲ့အပင်က ငါးပင်ပဲရှိတယ်။ အရမ်းလှတာပဲ ဆရာရယ်။ ကျွန်တော် တစ်ခါမှကို မမြင်ဖူးတာ"

"အေး . . . အဲဒီအထဲက အပွင့်ပွင့်နေတဲ့အပင်ငါးပင်နဲ့ အပင်ကြီးငါးပင်ကိုပဲ ဓားနဲ့အသေအချာခုတ်။ ကျန်တာတွေ ချန်ထားခဲ့"

"ဟုတ်ကဲ့ဆရာ"

"ကဲ . . . အောင်သန်း။ မင်းလည်း အပေါ်တက်ဦး။ တင်သောင်းခူးပေးတာကို မင်းကလှမ်းယူပြီး ငါ့ကိုကမ်းပေး။ လန့်ကျဲခေါင်တို့ညီအစ်ကို ခြင်းရက်ပြီးရင် ဝါးရွက်တွေအောက်ကခံထား။ သစ်ခွပင်တွေထည့်မယ်။ အပွင့်တွေကို လုံးဝမထိခိုက်စေနဲ့နော်"

အောင်သန်းက လှေကားပေါ်မှ အောက်ဆင်း၍ တစ်ပင်ချင်း

ကမ်းပေးသည်။ ကျွန်တော်ကလှမ်းယူပြီး ကိုကျော်နှင့်အင်ထုအားပေးရာ သူတို့လက်ထဲမှ သစ်ခွနက်များအား တအံ့တသြကြည့်နေကြသည်။ ထိုစဉ် ကိုအောင်ကြီးက . . .

"ငါတို့ဆရာကတော့ အလွန်တော်သဟော့။ ဒေသမကျွမ်း၊ မြေပုံညွှန်းမပါဘဲနဲ့ မမြင်ဘူးတဲ့ သစ်ခွနက်ကို ရအောင်ရှာနိုင်တယ်။ တကယ့်ပုဂ္ဂိုလ်ပဲဟော့"

"ကဲ . . . အောင်ကြီးရေ။ အပိုတွေ မပြောနဲ့တော့။ သစ်ခွနက်ဆိုတာ ဘယ်လောက်လှသလဲ . . . ကြည့်စမ်းကွာ။ မြေစိုက်သစ်ခွမျိုးဆို ပေမယ့် သူ့အလှက အခြားသစ်ခွပန်းတွေ မမီနိုင်ဘူးကွ။ အပွင့်ကတစ်ပွင့်တည်း အပင်ကထွက်ပြီး ထောင်နေတယ်။ အိုးကလေးပုံစံ . . . ။ ဝတ်မှုန်အိတ်ပေါ်မှာ ပွင့်ဖတ်ကလေးနှစ်ခုထွက်နေတာ တစ်ရောင်တည်းပဲ။ အစိမ်းရင့်ရောင်ပေါ်မှာ ခရမ်းရင့်ရောင်အစက်အပြောက်အစင်းကလေးတွေက ပန်းချီဆွဲထားတာ ကျနေတာပဲ။ ကျောဘက်မှာ ရှိတဲ့ပွင့်ဖတ်ကလည်း ထောင်မတ်နေပြီး အစိမ်းနုရောင်ပေါ်မှာ အစိမ်းရင့်ရောင် ထောင်လိုက်အစင်းကလေးတွေပါတယ်။ ပွင့်ဖတ်၊ ပွင့်ချပ်တွေရဲ့နှုတ်ခမ်းသားမှာ အနက်ရောင် အမွေးနုကလေးတွေပါတယ်။ အရွက်ကိုလည်းကြည့်ဦး။ ပင်စည်ယောင်ကနေ လေးငါးရွက်ပဲထွက်တာ။ အစိမ်းရင့်ရောင်အရွက်ပေါ်မှာ အဖြူပြောက်ကလေးတွေပါတယ်။ တွေ့လား . . . ။ ကျောဘက်ကလည်း ဒီအတိုင်းပဲ။ အရိုင်းပင်ကတော့ ကျောဘက်မှာ နီညိုရောင်ဖြစ်နေတယ်။ ပွင့်တော့လည်း အနီရောင်အပွင့်သေးသေးလေးတွေပွင့်တာ"

ကိုကျော် . . .

"ဆရာရေ . . . ကျွန်တော့်လည်း သစ်ခွနက်ဆိုတာ ဓာတ်ပုံ

ထဲမှာပဲမြင်ဖူးတာ။ အခုမှ လက်တွေ့မြင်ရတာ။ ဆရာက သစ်ခွနက် အကြောင်း အတော်သိထားပုံပဲ''

''ကျွန်တော်က လေ့လာထားတာပါ။ ကျွန်တော်လည်း ပျားဂေဟာဆင်း ကေဒါတစ်ယောက်ပါ။ သစ်ခွပန်းကို အလွန်မြတ်နိုးသလို အလွန်စိတ်ဝင်စားတယ်။ ပဲခူးရိုးမနဲ့ တနင်္သာရီရိုးမမှာလည်း ကျွန်တော် အမဲလိုက်ရင်း သစ်ခွရှာပြီး စုဆောင်းခဲ့ဖူးတယ်။ ရေဦး၊ ကလေးဝ၊ မဟာမြိုင်တောကြီးထဲမှာလည်း ရှာဖွေစုဆောင်းခဲ့ဖူးတယ်။ ဒါပေမဲ့ မြန်မာပြည်မြောက်ဖျားတောလောက် သစ်ခွမစုံဘူး။ မလှဘူးဗျ . . . ။ သစ်ခွပန်းဆိုတာကလည်း အေးတဲ့ရာသီကို အတော်ကြိုက်ကြတာ''

''ဟုတ်တယ်ဆရာ့။ ကျွန်တော်လည်း သစ်ခွပန်းကို စိတ်ဝင်စားလွန်းလို့ မင်္ဂလာဒုံသစ်ခွဥယျာဉ်မှာ သင်တန်းတက်ခဲ့တာ့။ သစ်ခွနက်က ကမ္ဘာပေါ်မှာအရှားဆုံးပဲ။ မြန်မာနိုင်ငံကပဲ ထွက်တာ။ မြန်မာအမည်ခွန်မြလှိုင်လို့လည်း ခေါ်တယ်။ ကျွန်တော်တို့သိခဲ့ရတာကတော့ သစ်ခွနက်ကို မြန်မာပြည်မှာ ကချင်ပြည်နယ်၊ မချမ်းဘောမြို့နယ်အတွင်းက နွိုင်ဝင်းလစ်တောင်တန်းပေါ်မှာပဲ တွေ့ရတတ်တယ်။ တခြား ဘယ်နေရာမှာမှ မရှိဘူး။ ကမ္ဘာ့နိုင်ငံ ဘယ်နိုင်ငံမှာမှရှာမရနိုင့်ဘူးလို့ ရုက္ခဗေဒပါရဂူစာရေးဆရာကြီးကင်းဒမ်းဝါဒ်က ပြောခဲ့တယ်လို့ ဖတ်ရဖူးပါတယ်။ အခု ဆရာက နေရာသစ်ရှာပြီး ဆိုက်ဆိုက်မြိုက်မြိုက်တွေ့အောင် ရှာနိုင်တာကိုတော့ ချီးကျူးတယ်ဗျာ။ ကိုအောင်ကြီးပြောတာကိုလည်း ကျွန်တော်ထောက်ခံပါတယ်''

အပွင့်ပါသော သစ်ခွနက်ငါးပင်နှင့် အပွင့်မပါသော ငါးပင်အားခြင်းနှစ်လုံးအတွင်းမျှထည့်ပြီး ဝါးလှေကားအားလည်း ဖျက်ဆီး၍ တောင်အောက်သို့ပစ်ချလိုက်ပါသည်။ ကျွန်တော့်တို့ရပ်ခဲ့သည့်နေရာတွင်လည်း

ဝါးတိုဝါးစမကျန်ခဲ့ရအောင် ရှင်းလင်းစေပြီး လက်စလက်နဖျောက်ဖျက်ပစ်လိုက်ပါသည်။

"ကဲ . . . ပြန်ကြရအောင်။ ပစ္စည်းတွေစစ်ဆေးကြ"

ကိုကျော် . . .

"ဆရာ . . . တခြားနေရာ မရှာတော့ဘူးလား"

"ဒီတောင်ပေါ်မှာ ဒီတစ်နေရာတည်းပဲရှိတယ်။ တခြားနေရာမှာ မရှိဘူး"

"ကိုယ့်ဆရာက အပိုင်ကိုပြောတော့တာပဲနော်"

မုဆိုးကျော်ထွား . . .

"ကျွန်တော့်ဆရာကတော့ ပိုင်သလား မပြောနဲ့ဗျို့။ မြေပုံညွှန်းထက် စိတ်ချရတဲ့သူ သူ့မှာရှိတယ်ဗျ"

"ကဲ . . . ကျော်ထွား။ စကားမများနဲ့တော့။ အမြန်ဆင်းကြမယ်"

ကျွန်တော်တို့အဖွဲ့ ကျောက်စိမ်းနက်တောင်ပေါ်မှ ပြန်ဆင်းလာကြရာ အတက်ကြမ်းကြမ်း၊ အဆင်းခက်ခက်ဖြစ်သော်လည်း အဆင်းခရီးမှာ မြန်ဆန်လှပါသည်။ သစ်ခွပန်းပင်များအားညှာ၍ တစ်ဆင့်ပြီး တစ်ဆင့် ကြိုးနှင့်ချပေးရသဖြင့်သာ အချိန်အနည်းငယ်ပို၍ကုန်ပါသည်။ မနက် (၁၀) နာရီခန့်တွင် တောင်ခြေပတ်လမ်းသို့ ပြန်ရောက်ကြသည်။ တစ်ဦးချင်းတန်းစီပြီး တောင်အောက်သို့ပြန်ဆင်းခဲ့ကြသည်။ ကျွန်တော်မှာကြားထားသဖြင့်လားတော့ မသိပါ။ စကားပင်မပြောကြဘဲ ဆိတ်ငြိမ်စွာ ကိုယ့်အတွေးနှင့်ကိုယ် လမ်းလျှောက်ပြန်ခဲ့ကြသည်။

တဲစခန်းရောက်တော့ (၁၁) နာရီခန့်သာရှိသေးသည်။ ထင်းရှားသူ၊ ရေခပ်သူ၊ ထမင်းဟင်းချက်ရန် ပြင်ဆင်သူနှင့်၊ အားသူများက

ရေချိုးကြသည်။ ရေမှာ အေးစိမ့်နေသော်လည်း တောင်တက်ခရီးတွင် ပင်ပန်းခဲ့ကြ၍ ရေစိမ်ချိုးနိုင်ကြသည်။ ရည်ရွယ်ချက်အောင်မြင်ပြီးဖြစ်၍ ကျွန်တော်လည်း စိတ်လက်ချမ်းသာစွာ ရေချိုးနေမိသည်။ အဖွဲ့ဝင်များကတော့ တောင်ပေါ်တွင် ဆူညံခြင်းမပြုရသဖြင့် တဲစခန်းရောက်သည့်နှင့်သီချင်းဆိုသူ၊ စကားပြောသူတို့ဖြင့် ဆူညံနေတော့သည်။ စိတ်တူကိုယ်တူ အမိန့်နာခံသူအဖွဲ့ဝင်များဖြစ်ကြ၍ ပြည်မ,ပြန်ပါက သူတို့နှင့်ခွဲခွာရတော့မည်မို့ ကျွန်တော်စစ်ခန့် ရင်ထဲတွင် နာကျင်မိသွားပါတော့သည်။ ။

* * *

ထောင်မှူးကြီးသိန်းဝင်း

ပုံသကူဘာဘုန်းရဲ့ မေတ္တာမဟာမြို့ဝင်



အချို့သော ရပ်ဝေးမှရဟန်းများက ဘုန်းကြီးအိုကြီးအား ဦးသီလဝမွဲ ဟု ခေါ်ဆိုကြလေသည်။ သို့သော် ရိုးမဝန်းကျင်၌ နေထိုင်ကြသော ကရင်၊ ဗမာတိုင်းရင်းသားများကမူ ရဟန်းအိုကြီးကို အမည်လွယ်တစ်မျိုးနှစ်မျိုးနှင့် ခေါ်ကြသည်လည်း ရှိလေ၏။

တစ်ခုသောအမည်ကား ဘုန်းခေါင်းရှည်ဖြစ်ပြီး နောက်ဘွဲ့အမည်ကား ပုံသကူဘုန်းအိုဟူသတည်း။

ဘုန်းခေါင်းရှည်ဟု အဘယ်ကြောင့်ခေါ်ကြပါသနည်းဟူ ဘုန်းဘုရားကြီး၏ ဦးခေါင်း (မဏိတော်) သည် အတော်ကို ရှည်လျားလေ၏။ သူသာမန် ဦးခေါင်းအမြင့်ထက်ပို၍ရှည်၏။ ဥပမာပြုရသော် ဇာတ်သဘင်

များမှ ဝန်ကြီးများဆောင်းသည့် ဦးထုပ်ကဲ့သို့ပြင့်ပြီး နောက်သို့ နောက်စေ့ကလန်ပြီး ရှည်ကာ ချွန်လုံးလုံးရှိလေ၏။

ပုံသကူဘုန်းအိုဟု ခေါ်ကြသည်ကား . . .

သူသည် သက်တော်အလွန်ကြီး၏။ ပါးရေနားရေများ တွန့်လိပ်နေ၏။ ခါးပင်ကိုင်းစပြုနေ၏။ သူ့သက်တော်မည်မျှရှိသည်ကို သည်ရိုးမတောင်ခြေရွာသားများ မည်သူမျှမသိ။

ရိုးမတောင်ခြေမှာ သချိုင်းကုန်းတစ်ခုရှိ၏။ မလှမ်းကမ်းမှာ တစ်ချိန်တစ်ခါက လူသေကောင်များစွန့်ပစ်သည့် သုသာန်ဟောင်းတစ်ခုလည်း ရှိ၏။

ထိုသချိုင်းနှင့် သုသာန်မှ အရေ့ဘူးဘူးသို့ဝင်လျှင် သစ်ကြီးတော၊ ဝါးကြီးတော ရှိလေ၏။ သစ်ကြီးတော၊ ဝါးကြီးတောအလယ် စမ်းချောင်းအနီးမှာ ဝါးကျောင်းငယ်လေးတစ်ကျောင်းရှိ၏။ ထိုကျောင်းမှာ ၄င်းဘုန်းကြီးခေါင်းရှည်ခေါ် ပုံသကူဘုန်းကြီးအိုသည် သုသာန်ဓူတင်ဆောင်၍ ထစ်ပါးတည်းတောထွက်နေ၏။

အဖော် လုံးဝမရှိ။

ရွာအနီးဝန်းကျင်သို့ ဆွမ်းခံထွက်၏။ တစ်ပါးစာ ဆွမ်းခံရလျှင် ကျောင်းသို့ပြန်ကြွ၏။ မည်သူနှင့်မျှလည်း စကားမပြော။ ပြောခဲ၏။

ဆယ်ခွန်းမေးလျှောက်လျှင် နှစ်ခွန်းသုံးခွန်းခန့်မျှသာဖြေ၏။

သူသည် သချိုင်းကုန်းမှ လူသေကောင်လွှမ်း အဝတ်အစားများကို စပ်ဖာလျှော်ဖွတ်၍ ပုံသကူသက်နုံးကြီးကို ခြုံလေ့ရှိရကား နောင်အခါ ယင်းဘုန်းကြီးအိုကြီးကို ပုံသကူဘုန်းအိုဟု လေးစားချစ်စနိုးခေါ်တွင်ကြလေ၏။

* * *

၂၂

ဤဝန်းကျင်သည် ဆင်းရဲသားလက်လုပ်လက်စားရွာကလေးမျှသာ ဖြစ်ကြ၏။ တောင်ငယ်စိုက်၏။ စပါးစိုက်၏။ သစ်ခုတ်၊ ထင်းခုတ်လုပ်ကြ၏။ တောင်၌ ဝါးခုတ်၊ မျှစ်ရှာ၊ ရာဘီစာများ ရှာဖွေလုပ်ကိုင်ကြ၏။

အချို့က မုဆိုးလုပ်ငန်းကို လုပ်ကိုင်ကြ၏။

ရွာကလည်း ရွာသစ်ကလေးမျှသာဖြစ်ပြီး အိမ်ခြေအနှည်းငယ်သာရှိ၏။ သို့ဖြစ်၍ ဘုန်းခေါင်းရှည်ခေါ် ပဲ့သကူဘုန်းအို ဘယ်အချိန်ကာလကတည်းက ဒီတောနက်ခေါင်ခေါင်မှာ တစ်ပါးတည်း ဥုတင်ကမ္ဘဏ်း ကျင့်နေသည်၊ ရောက်နေသည်ကို မည်သူမျှမသိကြ။

သခ္ခါင်းအသစ်ကလေးဖြစ်လာတော့ ဘုန်းခေါင်းရှည်သည် ပွင်းသခ္ခါင်းသစ်မြေပုံများမှာ သုသာန်ကမ္ဘဏ်း အားထုတ်ပွားများနေသည်ကို ရွာလူကြီးဦးပုရောင်တို့ မြင်ရခြင်းဖြစ်၏။

နောင် . . . ရွာသစ်ကလေးမှာ ကြွရောက်၍ ဆွမ်းခံ၏။

ကြည်ညိုဖွယ်ကောင်းလွန်း၍ တောင်ခြေ တောခြေ ရွာလေးမှ ရွာသူရွာသားများသည် ရသမျှတောစာဟင်းလေးများဖြင့် အားရဝမ်းသာ လောင်းလှူကြ၏။

အစကနဦး သား၊ ငါး၊ ပုစွန်ဟင်းများပါ လောင်းလှူကြပါသော်လည်း နောင်အခါ ဘုန်းခေါင်းရှည်က အသက်လွတ်ဘုဉ်းပေးမှန်း သိသောအခါ ရွာသူရွာသားတို့သည် အသက်လွတ်ဟင်းများကိုသာ လောင်းလှူလေ့ရှိ၏။

တစ်နေ့သောအခါ . . .

ရွာလူကြီးဦးပုရောင်သည် ဘုန်းခေါင်းရှည်၏ နေမူထိုင်မှု လုံခြုံမှုကိုသိလို၍ တောနက်ထဲရှိ ဝါးကျောင်းလေးရှိရာသို့ နောက်ပါတပည့်တစ်ဦးနှင့် ရောက်ရှိသွား၏။

ဘုန်းကောင်ကြီးများ ရန်ပြုမှာစိုး၍ လုံရှည်တစ်ယောက်တစ် ချောင်းနှင့် ခြောက်သွားသောအခါ ရောက်ရောက်ချင်း ဦးပုရောင်နှင့် ငကျောင်းအိမ်တို့ လန့်သွားကြ၏။

လန့်ရသည့်အကြောင်းကား . . .

ဝါးကျောင်းရှေ့မှ ရောမခွေးနက်ကြီးဆယ်ကောင်ခန့်ကြောင့် ဖြစ်လေ၏။ ခွေးနက်ကြီးများကား ရွာထဲရှိခွေးများလို မဟုတ်။

ရင်ခေါင်းနီးပါးခန့် အရပ်မြင့်ပြီး နွားပေါက်သာသာခန့်ရှိသော ခွေးဒေါမံမြင့် ထွားထွားကြီးများ ဖြစ်သောကြောင့်တည်း။

ခွေးကြီးဆယ်ကောင်ခန့်သည် လုံရှည်ကိုယ်စီကိုင်၍ ဝင်လာကြသည့် သူတို့နှစ်ဦးကို မြင်လိုက်ကြသောအခါ ကျယ်လောင်စွာ ဟိန်းဟောက်လိုက်ကြပြီး ခေါင်းထောင်၊ နားစွင့်၍ သူတို့ကို ဝိုင်းထားလိုက်ကြရကား သူတို့နှစ်ဦး လုံရှည်များနှင့်ခုခံရန် ပြန်ချိန်ပြီးရင်များ

တုန်နေကြ၏။

ခွေးကြီးများက ကျားဟိန်းသလိုဟိန်းပြီး အစွယ်ရှည်ကြီးများကိုဖြဲပြ၍ တစ်လှမ်းချင်းတိုးလာနေသည်။

ဒီခွေးဆယ်ကောင်ခန့်အုပ်ကြီးကို သူတို့ လုံရှည်နှစ်ချောင်းနှင့်တုံ့ပြန်ခုခံရန် လုံးဝမလွယ်မှန်းသိသောအခါ နောက်ပြန်တရွေ့ရွေ့ဆုတ်၍ ပြေးရန်ပြင်လိုက်သည်။

ဝါးကျောင်းဝန်းကျင်မှ တုံးခေါက်သံကို ရုတ်ခြည်းကြားလိုက်ရ၏။

"တောင် . . . တောင် . . . တောင် . . ."

"တုံ . . . တုံ . . . တုံ . . ."

တုံးခေါက်သံများ ရုတ်ခြည်းပေါ်လာသောအခါ ရန်ပြုရန် ဝိုင်းလာသည့် အင်းခွေးနက်ကြီးဆယ်ကောင်ခန့်သည် ဝုတ်ခနဲ နောက်ပြန်ပြိုင်တူလှည့်လိုက်ကြတာ ဝါးကျောင်းလေးရှိရာသို့ ပြေးသွားပြီး . . .

မကြာခင် ဟိုး . . . တောနက်ထဲသို့ အသီးသီးပြေးဝင်သွားကြသည်ကို အံ့ဖွယ်မြင်လိုက်ရပြီး ရင်တုန်များပြေကျကာ သီးစိုနေသောချွေးများကို ပုဆိုးခါးပုံစနှင့်သုတ်၍ ရပ်နေမိလိုက်၏။

ဒီမှာ ဘုန်းခေါင်းရှည်ကို ပုံသကူသက်နှံးကြီးနှင့် တွေ့လိုက်၏။ သူတို့နှစ်ဦးဝမ်းသာသွားသည်။ သို့နှင့် လုံနှစ်ချောင်းကို မြေမှာစိုက်ပြီး လက်အုပ်ချီ၍ ချဉ်းကပ်လာကြ၏။

"ဘဘုန်း . . ."

"ပြော . . ."

"ဆွမ်းကွမ်းများ ပြည့်စုံပါရဲ့လား ဘုရား"

"အိမ်း . . ."

''နေရေးထိုင်ရေးများရော လုံခြုံမှုရှိပါရဲ့လား - ဘုရား''

''အိမ်း . . .''

''ရေ၊ ထင်း၊ မီးရော အဆင်ပြေပါရဲ့လား ဘုရား''

''အိမ်း . . .''

ဘဘုန်းခေါင်းရှည်သည် သူတို့လျှောက်မေးသမျှကို 'အိမ်း' ဟုသာဖြေ၏။ ဘာစကားအပိုမျှ တစ်လုံးပိုမပြော။

''အရှင်ဘုရား ဘုဘုန်း . . . ဘာများလိုအပ်ပါသလဲဘုရား''

''မရှိ . . .''

သို့ကလိုပြောပြီး တိတ်ဆိတ်နေ၏။ လက်ကမူ စိပ်ပုတီးကို သာ စိပ်၍နေတော်မူ၏။ ဦးပုရောင် ဘာဆက်ပြောရ၊ လျှောက်ရမှန်း မသိ။

''ဘဘုန်း . . . တပည့်တော်တို့ကို ဘာများမိန့်မှာစရာ ရှိပါသလဲဘုရား''

''ရတနာသုံးပါး မြဲမြံကြ''

''မှန်လှပါဘုရား''

''လူသတ္တဝါများအပေါ် မေတ္တာထား''

''မှန်လှပါဘုရား''

ရွာလူကြီးဦးပုရောင် လွန်စွာဝမ်းသာသွား၏။ 'အိမ်း' ချည်း လိုက်နေရာမှ ရတနာသုံးပါးမြဲမြံကြ၊ လူသတ္တဝါများအပေါ် မေတ္တာထား ဟုစကားနှစ်ခွန်းဆိုလိုက်ရာ လွန်စွာအားရဝမ်းသာဖြစ်ပြီး လာရကျိုး နပ်သဟဲ့ဟု ကျေနပ်နေ၏။

သည်နောက် ဘာစကားမှ မမိန့်တော့။

မျက်လွှာကိုချ၍ စိပ်ပုတီးကိုသာ တွင်တွင်စိပ်နေလေ၏။

သို့နှင့် အတန်ကြာသွား၏။

''ဘဘုန်း . . . တပည့်တော်တို့ကို ပြန်ခွင့်ပြုပါဘုရား''

''အိမ်း . . .''

ဒါပဲ မိန့်သည်။ သူနှင့် ငကျောင်းအိမ်တို့ ဦးချ၍ ပြန်လှည့်လိုက်ကြ၏။ လှည့်လာရင်း ဝန်းကျင်ကို သေသေချာချာ ဂရုပြုကြည့်လိုက်ကြသည်။ ဝါးစောင်းကလေးသည် ဘဘုန်းတစ်ပါးစာမျှသာရှိ၏။ တောင့်တောင့်တင်းတင်းဖြစ်၏။

ဝါးပိုးဝါးကို ခွဲစိတ်၍ အခင်းပြုထား၏။ ဝါးကပ် ကာထား၏။ နံဘေးမှာ စမ်းချောင်းလေးက ကြည်လင်စွာစီးကျနေသံကို ကြားရ၏။

ကျောင်းရှေ့မှာ အဝတ်လှန်းဝါးတန်းတစ်ခုရှိ၏။ တန်းပေါ်မှာ အရောင်သွေးစုံ ပုံသကူသင်္ကန်းနှစ်ထည် လှန်းထား၏။

ဝန်းကျင်သည် အမှိုက်မရှိ။ လှည်းကျင်းသန့်စင်ထား၍ ပြောင်ဖွေးပြီး နေချင်နှာချင်စဖွယ်ရှိလေ၏။ စိစိရိရိဖြတ်ထား၊ ပုံထားသည့် ထင်းပုံများလည်း ရှိနေ၏။

ဒါတွေ့ ဘဘုန်းခေါင်းရှည် လုပ်ထားသလား။

မည်သူများ လာရောက်လုပ်ပေးထားသလဲ။

ကျောင်းဝန်းကျင်မှာ လူရိပ်မမြင်ရ။ လူခြေရာ မတွေ့ရ။ လူသံ မကြားရ။ သူတို့နှစ်ဦး မြေပြင်မှာစိုက်ထားသည့် လုံရှည်များကိုနုတ်၍ ပြန်လာလိုက်သောအခါ အင်းခွေးနက်ကြီးဆယ်ကောင်ခန့်သည် လမ်းနံဘေး သစ်ပင်ကြီးများဝဲယာမှ သူတို့နှစ်ဦးကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေကြသည်ကို ထူးဆန်းစွာမြင်လိုက်ကြရသောအခါ . . .

နှစ်ဦးသား ခြေကုန်သုတ်၍ ရွာသို့ အရောက်ပြေးခဲ့ကြလေသည်။

* * *

၎၃

နောင်အခါ ရွာထဲမှ စပ်စုလိုသောလူအချို့သည် ဘဘုန်းခေါင်းရှည် ညဘက် သုသာန်ကမ္ဘဏ်းစီးဖြန်းနေသည်သဘိုင်းသို့ ချဉ်းကပ်လေ့လာကြလေ၏။

သည်မှာ ဘဘုန်းခေါင်းရှည်ကို မြေပုံပေါ်မှာ မြက်ဖျာခင်းပြီး တရားကျင့်နေသည်အား လရောင်ဝိုးဝါးနှင့်မြင်ရ၏။

ဒါနှင့်အတူ . . .

ဘဘုန်းခေါင်းရှည်နှင့် မလှမ်းမကမ်းမှာ လွန်စွာအရုပ်မြင့်မားပြီး ခွန်အားပလကြီးထွားပုံရသည့် လူဟုခေါ်ရမည်လား၊ လူဝံကြီးများဟုပဲခေါ်ရမည်လား အမွေးရှည်နှင့် လူထွားမည်းမည်းမြင့်မြင့်ကြီးများ ဇေးငါးဆယ်ယောက်ခန့်ကို သူတို့မြင်ရပြီး ကြက်သီးမွေးညင်းများ ထောင်ထကုန်ကြ၏။

လူထွားကြီးများ၏ လက်နှင့်ပခုံးပေါ်မှာလည်း တင်းပုတ်လို အရာပစ္စည်းမျိုးများကို လရောင်ဝိုးတဝါးနှင့် မသဲမကွဲမြင်ရ၏။

လူထွား လူမည်းကြီးများသည် သူတို့ချောင်းမြောင်းလေ့လာ နေမှန်း၊ စပ်စုနေမှန်း သိသွားသည်ထင့်။ တင်းပုတ်လိုအရာကြီးများ ထမ်း၍ သူတို့ချောင်းမြောင်းစပ်စုနေရာ ချုံပုတ်များရှိရာသို့ လှမ်းလာကြ သောအခါ အသံမျှမထွက်ရဲကြဘဲ ပြေးခဲ့ရလေ၏။

နောင်အခါ . . .

လပြည့်၊ လကွယ်ညများသို့ ရောက်သောအခါ ထိုတောကျောင်းဝန်းကျင်အရပ်မှ အလင်းရောင်ဖွေးဖွေးများကို သူတို့မြင်ရ၏။ မီးရောင်၊ မီးပုံအလင်းရောင်မှတ်၍ ခပ်လှမ်းလှမ်းမှ အကဲခတ်ကြည့် လိုက်ကြသောအခါ . . .

မီးပုံအလင်းရောင်များ မဟုတ် . . .။

မီးပုံများလည်း မရှိ . . .။

ကျောင်းခေါင်ပေါ်မှ ဖြာထွက်နေသောအလင်းရောင်များ ဖြစ်နေ သည်ကို **ထူးဆန်းအံ့ဖွယ်** မြင်ရသောအခါ . . .

တောသူတောင်သားများပီပီ ကြံဖန်တွေးလိုက်ကြလေ၏။

ဘဘုန်းကြီးခေါင်းရှည်ကျောင်းဝင်းအခန်းထဲမှာ လသာနေ သည်ဟု။

တစ်နေ့ . . .

ဘဘုန်းကြီး**ကျောင်း**ရှိရာသို့ နံနက်စောစော ရွာလူကြီးဦးပုရှောင် နှင့် တပည့်ငကျောင်း**အိမ်တို့** အရက်ဆွမ်းပေးပို့ရန် လှမ်းခဲ့ကြ၏။

ပြောရလျှင် . . .

ဘဘုန်းကျောင်းသို့ရောက်ရန် နာရီဝက်ကျော်ခန့် လျှောက်

ရ၏။ ဤရိုးမတောင်ခြေခရီး၏ နာရီဂဏ်ခရီးသည် မှန်ရာပြောရလျှင် အလွန်အန္တရာယ်များလှ၏။

သည်ရိုးမသည် သားရိုင်းများ ပေါ၏။

တောဝက်များဆိုလျှင် ရွာခြေကိုဆင်း၍ စပါးခင်း၊ ပိန်းခင်းများကို မကြာခဏ ဖျက်လေ့ရှိ၏။ ဝက်ပံများ အဝင်အထွက်ရှိ၏။ ကျားနှင့် ဆင်များ အသွားအလာ၊ အကူးအသန်းရှိ၏။ ရွာထဲ မုဆိုးများပင် လူ အဖော်မပါလျှင် မဝင်၊ မသွားရဲကြ။

သူတို့နှစ်ဦးအနက် . . .

ရွာလူကြီးဦးပုရောင်က သက်သတ်လွတ်ဆွမ်းဟင်းများကို ကျောက်ကာသုံးဆင့်ချိုင့်နှင့်ထည့်၍ ဆွဲလာခဲ့၏။

ငကျောင်းအိမ်က လုံရှည်ကိုထမ်း၍ လိုက်လာ၏။

နေရောင်က တောထဲကို မရောက်သေး။

သို့သော် လင်းလင်းပျပျလေးရှိ၍ သွားလို့လာလို့ရ၏။ လူနှစ်ယောက်မျှသာ သွားလို့ရသည့် ဝါးရုံများ၊ သစ်ကြီးဝါးကြီးများ အုံ့ဝဲနေသည့်လမ်းအတိုင်း အသံဗလံများနှားစွင့်၍ လာခဲ့လိုက်ရာ မကြာမီ ဝါးကျောင်းအဝင်လမ်းသို့ ရောက်လာ၏။

''ဟင် . . .''

''ဟာ . . .''

''ဒီကြီး . . . သူ . . . ကြီး . . .''

''ဘုရား . . . ဘုရား . . . ကျောင်း . . . အိမ် . . . နောက်ကို ဆုတ်နေ''

သူတို့နှစ်ဦးသည် မမျှော်လင့်သောမြင်ကွင်းကြောင့် လန့်ဖျပ်ပြီး ပါးစပ်မှအသံများထွက်သွား၏။ သည့်နောက် သစ်ပင်ကြီးများနှင့်

ကိုယ်ကိုကွယ်၍ မစုံမရဲရောင်းကြည့်လိုက်ကြ၏။

ဟုတ်မှဟုတ်ရဲ့လား . . . ။

အိပ်မက်များလား . . . ။

မျက်စိအမြင်များ မှောက်လို့လား . . . ။

သူတို့မျက်စိများကို လက်ခုံနှင့်ပွတ်သပ်၍ ကြည့်လိုက်ကြသည်။

ဘုရားရေ . . . ။ မြင်နေရတာ တကယ်ဖြစ်နေသည်။

ကြည့်စမ်း . . . ။

ဘဘုန်းခေါင်းရှည် ကျောက်ဖျာတစ်ခုပေါ်မှာထိုင်၍ တရားစွာနှံဝင် မှတ်ရှုနေ၏။ သူထိုင်နေသည့်ကျောက်ဖျာ၏ ခေါင်းရင်းဘက်၌ စွယ်စုံဆင်မည်းကြီးနှစ်ကောင်သည် ဒူးထောက်ဝပ်၍ နှာမောင်းများကို ဦးကင်းပေါ်တင်ပြီး လူများရှိခိုးနေသလိုရှိနေ၏။

ခြေရင်းဆောက်မှာကား ကိုးတောင်ခန့်ရှည်လျားနိုင်သော ဇရာမကျားကြီးတစ်ကောင် . . . ။

အဝါနှင့်အနက်စင်း ရစ်ထပ်လျက်ရှိသော နားရွက်တိုတို၊ နှာခေါင်းပွပွနှင့် ကျားကြီးသည် ရှေ့လက်နှစ်ဖက်ပေါ် သောက်ရေအိုးလုံးခန့်ကြီးမားသော ဦးခေါင်းကိုတင်ပြီး ဘဘုန်းခေါင်းရှည်ကို ဇမ့်ကြည့်နေသလိုရှိ၏။

"ရှီး . . . ကျောင်း . . . အိမ် . . . "

"ဗျာ . . . ဗျာ . . . သူ . . . သူကြီး . . . "

"ကျား . . . ကျားကြီး . . . "

"ကျား . . . ကျားတင် မကဘူးဗျ။ စွယ် . . . စွယ်စုံ ဆင် . . ဆင်ကြီးတွေဗျ။ ကျုပ် . . . ကျုပ်တို့ . . . ပြေး . . . ပြေးကြစို့ . . .

သူ . . . သူကြီး''

သူတို့နှစ်ဦး ထူးဆန်းကြောက်မက်ဖွယ် မြင်ကွင်းကိုကြည့်ပြီး ခြေရော၊ လက်ရောတုန်၍ ရှူးရှူးများပင် ထွက်နေကြ၏။

''လာ . . . လာ . . . သူ . . . သူကြီး''

''အေး . . . အေး . . . ဟ . . . ဟ . . . ငါ့ကို . . . စောင့် . . . စောင့် . . . ''

''မ . . . မစောင့်နိုင်ဘူးဗျ။ ကျွန်းလိုက်လိမ့်မယ်။ အမယ်လေး''

တပည့်ငကျောင်းအိမ်သည် လှဲရှည်ကိုထမ်း၍ ပုဆိုးကွင်းသိုင်းပြီး ပြေးလေ၏။ သူကြီးလည်း ကြောက်ချေးများပါထွက်ပြီး ပြေးရကား လမ်းတွင် မှောက်လျက်လဲပြီး ကျောက်ကာဆွမ်းချိုင့်ပါ မှောက်ပွင့်ကုန်လေ၏။

အရေးထဲ ပုဆိုးက ကျွတ်နေ၏။

ကျောက်ကာချိုင့်ကို တစ်ဖက်ကကိုင်၊ ကျွတ်ကျနေသည့် ပုဆိုးကို ဖြစ်သလို လုံကွင်းသိုင်းပြီး မြင်းရိုင်းတစ်ကောင်က 'အဖေရေ . . . ဖြည်းဖြည်းဗျ' ဟုခေါ်ရအောင် ကဆုန်စိုင်း၊ ဒုန်းစိုင်း၍ ပြေးရကား ရွာသို့ရောက်သော် ချွေးသံရွှဲ၍ ချေးစော်နံ၊ သေးစော်နံဟောင်နှင့် သူကြီးကတော် မနည်းနှာနှပ်ယူခဲ့ရလေသည်။

* * *

၎၄၎

ထိုနေ့ထိုရက်များမှစ၍ ရိုးမတောထဲမှ ပုံသကူဘဘုန်း၏ ထူးဆန်းအံ့ဖွယ်သတင်းသည် ရွာနီးဝန်းကျင်များမှာပါ အုတ်ကောဒေးယူကျော်စောသွားခဲ့လေ၏။

"ဘဘုန်းအနီးမှာ စွယ်စုံဆင်ကြီးတွေ ဝပ်နေတာတဲ့ဗျ"

"ဝပ်နေတာမဟုတ်ဘူး။ ဘဘုန်းခေါင်းရှည်ကို ရှိခိုးနေတာ"

"ကိုးတောင်ကျားကြီးရောဆို"

"အမယ်လေး . . . ကျားခေါင်းကတင် သောက်ရေအိုးလောက် ရှိတယ်ဗျို့"

"ဘဘုန်းခေါင်းရှည်ကို မကိုက်၊ မနှင်းကြဘူးလား"

"ကိုင်မကြည့်ခဲ့ဘူးလား သူကြီးရဲ့"

"မင်းအမေလင်ဦးခေါင်းမို့လို့ ကိုင်ကြည့်ရမှာလားကွ မသာလေးရဲ့"

"ကျားရော၊ ဆင်ရော အိမ်ကြောင်လို ဝပ်နေတာပဲဗျာ"

"ဟာ . . . အံ့သြစရာ ကောင်းလိုက်တာကွာ"

"အဲဒါ တို့ဘဘုန်းရဲ့ တန်ခိုးသိဒ္ဓိကြောင့် နေမှာပျ"

ရှေးလူကြီးသက်ကြီးများက ဒါ . . . ပုံသကူဘဘုန်းရဲ့ သီလသိဒ္ဓိ၊ ဘာဝနာသိဒ္ဓိ၊ ကမ္မဋ္ဌာန်းသိဒ္ဓိ၊ သမထသိဒ္ဓိနှင့် မေတ္တာသိဒ္ဓိများကြောင့်သာလျှင် သားရဲသားရိုင်းများဖြစ်သော ဆင်ရိုင်း၊ ကျားဆိုးနှင့် ခွေးနက်ကြီးများကိုယ်တိုင် အန္တရာယ်မပြုဘဲ ဗိုင်းဝန်းစောင့်ရှောက်ကြတာနေမှာဟု ဝေဖန်ပြောဆိုကြ၏။

ဘုန်းကြီးလူထွက် ဦးဘစုကမူ . . . ,

"မေတ္တာရန်ရှိတဲ့ မဟာမြိုင်အရပ်မို့ သားရဲကြီးများကိုယ်တိုင် မေတ္တာဓာတ်ခံယူပြီး လိမ်မာယဉ်ကျေးနေတာနေမှာပေါ့။ နို့မို့ သူကြီးရော၊ ငကျောင်းအိမ်ရော ဘာဝေးလို့လဲ။ ကျားကလူနဲ့ရပြီး ကိုက်လို့ခုလောက်ဆို အရိုးပါ ခွေးကိုက်စရာ ကျန်မှာမဟုတ်ဘူး"

"သူကြီး . . . ခင်ဗျားက်ကောင်းတယ်"

"အေးကွ . . . ငါကလည်း ဘဘုန်းအတွက် အရုဏ်ဆွမ်းလေး သွားပို့မယ်ဆိုပြီး သွားခဲ့တာကိုး"

"နောက်နေ့ရော သွားပို့ဦးမလားဗျ"

"ပို့တော့ ပို့ချင်တာပေါ့ကွာ။ ကြောက်လည်း အရမ်းကိုကြောက် သွားသကွ"

"သူကြီးကြောက်တာတော့ ယုံတယ်ဗျ"

"ဘာဖြစ်လို့လဲ ကျော်ဦးရ"

"တစ်ရွာလုံး ချေးစော်ကို နံဟောင်နေတာကိုးဗျ"

"ဟာ . . . ဒီခွေးမသား ကျော်ဦးတော့ကွာ။ ဟေ့ကောင် . . . ကျော်ဦး"

"ဗျာ . . . ဆူ . . . သူကြီး . . . "

"နောင်ကို မင်း ဒီအကြောင်းတွေကို ဟိုရွာဒီရွာ လျှောက်မပြော နဲ့နော်"

"ဘာကိုလဲ သူကြီးရ။ ဘာဘုန်းခေါင်းရှည်နံဘေးမှာ ဆင်နဲ့ကျား တွေ ရှိခိုးနေကြတာကိုလား"

"မဟုတ်ဘူး"

"ဒါဖြင့် ဘာလဲဗျ။ ရှင်းအောင်လုပ်ပါ ဘသူကြီးရ"

သူကြီးဦးပုရှောင်က အံကြိတ်ပြီး ကျော်ဦးကိုစိုက်ကြည့်နေသည်။ ဒီမှာ အငြိမ်မနေနိုင်သူ သူကြီးကတော် ဒေါ်ချက်ကောင်းက . . .

"ဟဲ့ . . . အကုသိုလ်ကောင် ကျော်ဦးရဲ့။ ငါ့ယောကျ်ားချွေး ထွက်တဲ့ကိစ္စ ဟိုရွာဒီရွာ လျှောက်မပြောနဲ့လို့ နင့်ကိုသတိပေးနေတာဟဲ့"

"ဟာ . . . ဒီသောက်ကန်းမအာကျယ်မှ ပိုဆိုးနေပေါ့ဟာ။ ဒေါ်ချက်ကောင်း . . . "

"ဘာတုံးတော့်"

"နင်ဝင်ဝင်မပါနဲ့"

"စိတ်ချပါတော် . . . ။ နောက်နေ့ တော်ဘာ့သာ ပါ"

"ဟား . . . ဟား . . . ဟား . . . ဟား . . . "

"တော့်ဘာ့သာပါ မလုပ်နဲ့ ကြီးဒေါ်ချက်ကောင်းရဲ့ . . . ။ တော့်ဘာ့သာထွက်လို့ ပြောပါဗျ"

"ငါ . . . မသားတွေ့။ သွားကြ"

"ဟား . . . ဟား . . . ဟား . . . ဟား . . . "

"ဟီး . . . ဟီး . . . ဟီး . . . ဟီး . . . "

"အဟစ် . . . အဟစ် . . . ဟစ် . . . "

နောင်အခါ ဘဘုန်းခေါင်းရှည် ရွာထဲသို့ဆွမ်းခံကြသော် ရွာသူ
ရွာသားတို့သည် သူ့ထက်ငါ အလျင်ဦးအောင် ဆွမ်းလောင်းလှူကြ၏။
ရှိခိုးကန်တော့ကြ၏။

ရွာသူကြီးက ဘဘုန်းခေါင်းရှည်၏ ပုံသက္ကသက်နှံး အစပ်အဖ
ကြီးရုံထားသည်ကို မြင်ရတာ စိတ်မကောင်း၍ သက်နှံးဒိုစုံဝယ်၍လှူခဲ့၏။

အလှူကို လက်ခံခဲ့သော်လည်း . . .

ဝှင်းသက်နှံးကို မဝတ်ရဲခဲ့။

တစ်ခါတစ်ရံ သူ့ကျောင်းသို့ရောက်လာကြသည့် ရဟန်းအိုကြီး
များကိုသာ တရားစကားဆွေးနွေးအပြီး ဝှင်းသက်နှံးကို စွန့်ကြဲပြန်လည်
လှူဒါန်းခဲ့လေ၏။

ဘဘုန်းခေါင်းရှည်ကိုယ်တိုင်ကား လူသေကောင်ကိုယ်မှရသည့်
ပုံသက္ကအဖာအစပ်သက်နှံးကြီးကို လျော်ဖွတ်ပြီး ရုံတော်မူနေမြဲရှိလေသည်။

နောင်အခါ . . .

ဘဘုန်းက သူကြီးဦးပုရောင်ကို မိန့်တော်မူ၏။

''သူကြီး . . .''

''ဘုရား . . .''

''နောင်ကို ခဏခဏမလာနဲ့''

''မှန်ပါ ဘုရား''

''ဟိုဟာဒီဟာလည်း လျှောက်မပြောနဲ့''

''ဘာဖြစ်လို့ပါလဲဘုရား''

''မပြောကောင်းဘူး၊ ဒကာကြီး''

''မှန်ပါ . . . နောင်မပြောတော့ပါဘူးဘုရား''

* * *

၅

တစ်နေ့သောအခါ မြို့ပိုင်မင်းဦးတိုးဒမာင်ရှိန်နှင့် လူနှစ်ဦး သူကြီးဦးပုရောင်အိမ်သို့ ရောက်လာကြသည်။ သူကြီးကား မြို့ပိုင်မင်း ကိုယ်တိုင် ကြွရောက်လာသဖြင့် ဗျာပျာသလဲ ခရီးဦးကြိုပြု၏။ မြို့ပိုင်မင်း သည် လှည်းယာဉ်ပေါ်မှဆင်းလာ၏။

မြို့ပိုင်မင်းနှင့်အတူ အမဲပစ်သေနတ်များလည်း ပါလာ၏။

''သူကြီး . . . ''

''အမိန့်ရှိပါ မြို့ပိုင်မင့်းခင်ဗျား''

''ကျုပ်တို့အမဲပစ်မလို့ဗျ။ သူကြီးနဲ့ ရွာခံမှဆိုးများ ကူညီကြ ဦးဗျ''

''အားလုံး လိုလေသေးမရှိ စီစဉ်ပေးပါ့မယ် မြို့ပိုင်မင်းခင်ဗျား'' ဤသို့နှင့်နောက် သူကြီးဦးပုရောင်သည် အရေးပေါ်ကြက်နှစ်ကောင် ကိုချက်၍ အရက်နှင့်တည်ခင်းကျွေးခဲ့၏။ မြို့ပိုင်မင်းက မြို့မှပါလာသည့်

ဝိစကီအရက်များနှင့် သူကြီးကိုပြန်ည့်ခဲ့ရကား သူကြီးလည်း ခံတွင်းတွေ့လေ၏။

မကြာခင် ငကျောင်းအိမ်ကိုလွှတ်ပြီး အနီးဝန်းကျင်မှရွာခံမှူးဆိုးများကို ခေါ်လိုက်ရကား ရွာခံမှူးဆိုးများဖြစ်ကြသော ကျောက်အိုး၊ ကွဲကြီးနှင့် စိုင်ကော်တို့သုံးဦးပါ ရောက်လာကြ၏။

"မြို့ပိုင်မင်းခင်ဗျား . . . နေ့ပစ်မှာလား၊ ည့ပစ်မှာလားဗျ"

"နေ့ခင်းပဲ ကောင်းပါတယ်ဗျာ"

"ဟေ့ . . . ကျောက်အိုးတို့။ မင်းတို့ကိုယ်တိုင် မြို့ပိုင်မင်းကို အမဲကောင်းကောင်းရဖို့ နေရာပြထားကြနော်"

"စိတ်ချပါ သူကြီး။ သားကောင်ကြီးကြီးရော၊ သားကောင်သေးသေးရော လိုချင်တာ ပြောမါခင်ဗျ"

"တွေ့တာ အကုန်ပစ်မယ်ဗျာ"

မြို့ပိုင်မင်းနှင့်အတူပါလာသည့် ကိုကျော်ဇေယျဆိုသူက နှစ်လုံးပြူးသေနတ်ကိုပွတ်ရင်း မူးမူးနှင့်ပြောလိုက်၏။

"ဒီအရပ်က ကျားရော၊ ဆင်ရော၊ ပြောင်ရော၊ တောဝက်ရော ပေါမှပေါခင်ဗျ"

"ကောင်းတာပေါ့ဗျာ . . . ။ ကျားရေလည်း လိုချင်တယ်။ ဆင်စွယ်လည်း အိမ်မှာအလှချိတ်ထားချင်သဗျ။ အဟတ် . . ."

မြို့ပိုင်မင်းက ဆင်ပါပစ်ချင်သည်တဲ့။ အေးလေ . . . သူက မြို့ပိုင်ဥစ္စာ။ နာဠာဂိရိဆင်ပါ သူပစ်ရဲလျှင် ပစ်ပေါ့။

နံနက်စာစားသောက်ပြီးသောအခါ သူတို့အုပ်စု ရိုးမထဲသို့ဝင်ခဲ့ကြ၏။ မကြာမီ တောနက်ထဲသို့ရောက်လာ၏။

အမှန်က အမဲလိုက်လျှင် အရက်ကိုမသောက်ရ။

သို့သော် မြို့ပိုင်မင်းနှင့်အဖွဲ့ကား အရက်ကို တောထဲမှာသောက်ဇ။ စကားကို အော်ကျယ်အော်ကျယ်ပြောဇ။ စီးကရက်များကို တစ်လိပ်ပြီးတစ်လိပ်မှာဇ။ အချို့သားကောင်များကားနှင်းအနှံများ၊ အသံများကိုကြားရ၍ အဝေးသို့ပြေးကြဇ။

တွေ့ရှာသားကောင် ပစ်လွှန်းရကား . . .

တောထဲမှာ သေနတ်သံများ ဆူညံနေဇ။ အချို့က နေရာတင်သေဇ။ အချို့ ဒဏ်ရာနှင့် ပြေးကုန်ကြဇ။ အကျိုးအကြောင်းကို ရွာခံမုဆိုးများ ပြောမပြရဲ။

အဘယ်ကြောင့်မူ . . .

သူတို့သည် မြို့ပိုင်နှင့်အဖွဲ့ဖြစ်ဇ။ ပြောလည်း နားမထောင်။ နောက်ဆုံး ဝက်ပေါက်နှစ်ကောင်နှင့် ရွာခံမုဆိုးကျောက်အိုး ဒူးလေးနှင့်ပစ်၍ရသည့် ချေတစ်ကောင်ကိုထမ်းပိုးပြီး ပြန်လာကြဇ။

ဂင်းအသားများကို ရွာသို့ရောက်သော် ဖျက်ကြဇ။ အူကလီစာများကို အရက်နှင့်မြည်းပြီးနောက် လေစာစားသောကြီး အနားယူကြလေသည်။

ထိုသို့အနားယူနေစဉ် ရွာသားတစ်ဦးရောက်လာဇ။

''သူကြီး . . . သူကြီး . . .''

''ဟေ . . . ဘယ်သူလဲကွ''

''ကျုပ်ပါဗျ . . . ကံကြီးမောင်ပါ''

''ကံကြီးမောင် . . . ဘာကိစ္စလဲကွ''

''ဘဘုန်းခေါင်းရှည် အမှာပါးလိုက်လို့ပဲဗျာ''

''ဟေ . . . ဘဘုန်းခေါင်းရှည် ဘာပြောလိုက်လို့လဲ''

''ဘဘုန်းက ပြောတယ်။ နှေခင်းက တောထဲမှာ သေနတ်သံ

တွေကို ညည်နေတာပဲတဲ့။ ဒဏ်ရာရတဲ့ တိရစ္ဆာန်အချို့ သူ့ကျောင်းဝန်းကျင် မှာ သေနေတာတွေ့ရလို့ သူ့ကျောင်းဝန်းကျင်က သတ္တဝါတွေကို အသက်ချမ်းသာပေးပါလို့ မှာလိုက်လို့ပျ''

''ဟော . . . အဲဒီလိုလားကွာ။ အားနာစရာ ကောင်းလိုက်တာကွာ။ အေး . . . အေး . . . ငါ မြို့ပိုင်နဲ့အဖွဲ့ကို ပြောပြလိုက်ပါ့မယ်ကွာ။ သွား . . . သွား . . . ပြန်တော့''

ကံကြီးမောင်ပြန်သွားသောအခါ သူကြီးကမဝံ့မရဲနှင့် မြို့ပိုင်မင်းကို ပြောပြရလေသည်။

''အဲဒီလိုကန့်ကွက်နေတာ၊ တားမြစ်နေတာ ဘယ်သူလဲ သူကြီးရ။ အေ့ . . .''

''သုသာန်ကျောင်းဘုန်းကြီးပါ မြို့ပိုင်မင်း''

သူက ဘာလို့တားမြစ်နေရတာလဲ။ တော်အုပ်မို့လား။ အေ့ . . . အေ့ . . . ''

သို့နှင့် သူကြီးဦးပုရောင်ကြွ ဘဘုန်းခေါင်းရှည်ခေါ် ပုံသက္ကသုသာန်ကျောင်းဘုန်းကြီး၏ ထူးဆန်းသော ဖြစ်ရပ်ဆန်းများအကြောင်းကို ပြန်ပြောလိုက်သောအခါ . . .

''လုပ်မနေစမ်းပါနဲ့ဗျာ။ သူ့အလုပ်သူလုပ်၊ ကိုယ့်အလုပ်ကိုယ် လုပ်ကြရုံဘဲစွာ။ နက်ဖြန် စောစောထွက်မယ် သူကြီး''

သူကြီးကား ဘာမှ ခွန်းတုံ့မပြန်ရဲ။

ကိုယ်က သာမန်ရွာသူကြီး . . . ။

သူက ဓားပိုင်၊ မီးပိုင်၊ ရေပိုင် မြို့အုပ်မင်း . . . ။

* * *

၎၆၎

နောက်နေ့မိုးလင်းတော့ အဆာပြေများစားသောက်ပြီး အမဲပစ်လက်နက်ကြီးများကိုင်ဆွဲ၍ ရိုးမထဲသို့ ဝင်လာခဲ့ကြသည်။

"အူး . . . ဝူး . . . ဝူး . . . ဝူး . . . "

"အူ . . . ဝူး . . . ဝူး . . . ဝူး . . . "

"အိန် . . . ဂိန် . . . ဂိန် . . . ဂိန် . . . "

"အူး . . . ဝူး . . . ဂိန် . . . အိန် . . . အိန် . . . "

တောထဲသို့ဝင်လာလို့မှ မကြာသေး။ ခွေးအူသံများ ကြားလိုက်ရ၏။ ခွေးအူသံများကား မကောင်းဆိုးဝါး နာနာဘာဝများကို မြင်လိုက်ရ၍အူသည့် အ,ဝိဂ်လာအသံမျိုးဖြစ်နေ၍ ကိုယ်တိုင်အဖော်လိုက်လာသည့် သူကြီးဦးပုရောင်ပင် ကြက်သီးထသွားခဲ့သည်။

ရွာခံမုဆိုးများ လှမ်းကြည့်လိုက်တော့ မျက်စိမျက်နှာများ ပျက်နေကြ၏။

မြို့ပိုင်မင်းကား လူရွယ်တည်း။

အပျော်တမ်းမုဆိုးမျှသာဖြစ်၍ အမဲလိုက် တောဝင်ဓလေ့များကို နားမလည်။ တောမိုင်တောင်ပိုင်များထံ တင်မြှောက်ပသ၍ ဟင်းစားတောင်းရသည့်ဓလေ့ကို အလေးဂရုမပြု။ လေချွန်သည့်အခါ လေချွန်ဇာ်။ အော်ရုယ်ချင်သည့်အခါ ရယ်ဇာ်။

သေနတ်ကို ဇော်ထုမ်းထမ်း၍ ဝင်ဇာ်။

တစ်ခါတစ်ခါ မူးမူးနှင့် တောထဲ က,ချင် က,ဇာ်။ ပြောလည်းမရ။ သတိပေးလည်း လက်မခံ။ ရွာခံမုဆိုးများ၊ လမ်းပြများပြောတုန်းကမယုံ။ ကိုယ်တိုင်လိုက်ပါကြုံတွေ့မှ ကြက်သီးဖျန်းဖျန်းထရတော့ဇာ်။

ဤရိုးမတောနက်ကြီးများမှာ နတ်ကြီးသည်။ တောခြောက်ကြမ်းသည်။ အမြင်မှောက်ကြမ်းသည်။ တောစရိုက်အရ လုပ်၍မရသည့် အပြုအမူ၊ ဆင်ခြင်လိုက်နာရမည့် အပြုအမူများရှိ၍ အကျိုးအကြောင်းပြောပေမင့် ခေတ်ပညာတတ်မြို့ပိုင်မင်းကား လုံးဝလက်မခံခဲ့။

"ဪး . . . ဝူး . . . "

"အူး . . . ဝူး . . . "

"သူကြီး . . . ဆင်အော်သံကြားတယ်ဗျ"

"ဟုတ်တယ်ဟေ့ . . . ။ သတိထားကြမှာ"

ခပ်လှမ်းလှမ်းမှ ဆင်အော်သံနှင့် တောတိုးသံကြား၍ မုဆိုးများက သစ်ပင်ကြီးများနံဘေးမှာ ပြေးကပ်လိုက်ကြသည်။

"သူကြီး . . . ဘယ်မှာလဲဆင်"

မြို့ပိုင်ကြီးက မဂ္ဂနမ်အမဲပစ်ဆေနတ်ကြီးကို မောင်းတင်ပြီး ဝမ်းသာအားရ လှမ်းမေးလိုက်သည်။

"သိပ်မဝေးဘူး မြို့ပိုင်မင်း"

"ဘယ်နှကောင်လောက် ရှိမလဲဗျ"

''သုံးလေးကောင်အုပ် အသံပဲ''

''ဟန့်ကျပြီတော့ . . . ။ ဆင်ပစ်ရတော့မယ်ကွ။ အဟတ်. .''

မြို့ပိုင်မင်း၏အဖော်နှစ်ဦးကလည်း နှစ်လုံးပြူးသေနတ်များမှာ ကျည်မာများထိုး၍ အသင့်ပြင်ကြ၏။ ဒီမှာ သူကြီးက အသံတုန်တုန်နှင့် ပြောရတော့၏။

''မြို့ပိုင်မင်း . . .''

''ဘာလဲ . . . သူကြီး''

''ကျွန် . . . ကျွန်တော် . . . တစ် . . . တစ်ခု . . . မေတ္တာရပ်ခံပါရစေဗျာ''

''ဘာများရပ်ခံချင်လို့လဲဗျာ။ အရေးထဲ . . .''

''ဒီ . . . ဒီဝန်းကျင်က တော . . . တောဆင်များ၊ သားကောင်များကို မ . . . မပစ်ပါနဲ့ . . . မြို့ပိုင်မင်းရာ''

'''ဟေး . . . သားကောင်ကိုတွေ့လို့ ပစ်ဖို့ကျိန်းသေနေမှန်း သိရဲ့သားနဲ့ မပစ်ရဘူးဆိုတာ လုံးဝအဓိပ္ပာယ်မရှိတဲ့ ကိစ္စဗျ။ နေပါဦး ဘာကြောင့်မပစ်ရတာလဲ။ ရှင်းပါဦး''

''အ . . . အခု . . . ရောက်နေတဲ့ဝန်းကျင်ဟာ . . . ပုံသကူဘဘုန်းရဲ့ သက်သတ်လွတ်ဘေးမဲ့နယ်မြေလို . . . ဖြစ် . . . ဖြစ် . . . နေလို့ပါခင်ဗျ''

''ဟား . . . ဟား . . . ဟား . . . ဟား . . . တော်စမ်းပါဗျာ။ တိတ်တိတ် နေတော့ . . .''

''ဝူး . . . အူး . . .''

''ဝူး . . . အူး . . .''

''ဝရောင်း . . . ဖျောင်း . . . ဖျောင်း . . .''

"ဟော . . . ဒီဘက်ကို ဆင်အုပ်လာနေပြီ"

"မြို့ပိုင်မင်း . . . မ . . . မပစ်ပါနဲ့ . . . ။ မိုဘက်ကျမှ . . ."

"တော်ပျာ . . . ။ အားလုံး ရယ်ဒီဟေ့"

ပြောလို့မရသည့်အဆုံး သူကြီးကား ပုံသကူဘဘုန်းခေါ် ဘဘုန်းခေါင်းရှည်ရှိရာအုရပ်သို့ လက်အုပ်ချီ ရှိခိုးဆောင်းပန်ရင်း ပြေးလမ်းကို ကြည့်နေလိုက်တ၏။ ရွာခံမှဆိုးများကား တောအထာကိုသိနေပြီမို့ အချို့က ရှောင်နေလိုက်ကြတ၏။

အချို့က သစ်ပင်ကြီးများပေါ်ပြေးတက်၍ စိတ်ချရသည့် သစ်ပင်ခွကြားမှာ ပုန်းနေကြသည်။

မကြာခင် ဆင်အုပ်တောတိုးခ၍ ပြေးလာတ၏။

လူနှံ့ရသောအခါ ရှေ့ဆုံးက စွယ်စုံဆင်ကြီးက နာမောင်းကို မြှောက်ပြီးအော်၍ တစ်ဖက်သို့အပြေး . . .

"ဒိုင်း . . ."

"ဖောင်း . . ."

"ဒိုင်း . . ."

"ဖောင်း . . ."

မြို့ပိုင်မင်းတ၏ မဂ္ဂနမ်အမဲပစ်သေနတ်ကြီးမှ အသံမြည်ဟိန်းပြီး ကျည်ထွက်သွားတ၏။ ကျည်ဆန်သည် ရှေ့ဆုံးက စွယ်စုံဆင်ကြီး၏ဦးကင်းကိုထိပြီး ဆင်ကြီးချာချာလည်သွားသည်။

"ထိသွားပြီကွ"

"ဟု . . . မလဲပါလားဗျ"

"ပစ်ကွာ . . . ဝိုင်းပစ် . . ."

"ဒိုင်း . . ."

"ဖောင်း . . . "

"ဝေါ် . . . ဝေါ် . . . ဝေါ် . . . "

"ဝရုန်း . . . ဝရုန်း . . . "

"အီ . . . ကျီ . . . ကျီ . . . "

"အူး . . . ပူး . . . ကျီ . . . "

ဒဏ်ရာရသွားသောဆင်ကြီးသည် ရန်သူရှိမှန်းသိသောအခါ ခြေဦးတည့်ရာသို့ စွတ်ပြေး၏။ ကျန်ဆင်များ အုပ်စုကွဲ၊ လန့်ဖျပ်ပြီး မြို့ပိုင်မင်းတို့ရှိရာသို့ ပြိုဆင်းလာရကား မူးမူရူးရူးနှင့်ရမ်းသမ်းပစ်နေသော ငမူးမုဆိုးများကြီးစွာလန့်ပြီး သေနတ်များပြောက်၍၊ ဖောက်၍ ပြေးကြ၏။

ကျန်ဆင်များသည် ရရာပစ္စည်းများကို နှာမောင်းနှင့်ချိုးလိမ်ပြီး ငွေ့ယမ်းပစ်ခတ်၍ လွတ်မြောက်ရာလမ်းကို ရှာ၍ပြေးရကား တောသည် ဝရုန်းသုန်းကား ဖောက်ချားစရာကောင်းကာ ဆူညံနေ၏။

သည်မှာ ဆင်ရိုင်းနှစ်ကောင်က မြို့ပိုင်မင်းတို့အဖွဲ့နောက်ကို လိုက်လေ၏။ သူတို့ ချောက်ချောက်ချားချားနှင့် ရမ်းသမ်းပစ်ခတ်ရင်း ခြေဦးတည့်ရာ ကွေ့ကောက်အော်ဟစ်ပြေးရကား လူစုကွဲကုန်ကြလေသည်။

မကြာခင် ဆင်ရိုင်းအုပ်၏လှုပ်ရှားသံများ ငြိမ်သက်သွားခဲ့သည်။ အခြေအနေကောင်းပြီဟုယုံကြည်တော့မှ ရွာခံမုဆိုးများ သစ်ပင်ကြီးများပေါ်မှ ဆင်းလာကြ၏။

သူကြီးလည်း ရွာခံမုဆိုးများရှိရာသို့ တုန်လှုပ်ချောက်ချားစွာ ရောက်လာ၏။

"မြို့ပိုင်မင်းတို့ရော ကျောက်အိုး"

''မသိဘူး . . . စွတ်ပြေးတာပဲ''

''ရှာမှ ဖြစ်မယ့်ကွ''

''သေသေချာ . . . ဘယ်လိုမှ ပြောမရတာ။ သေပစေ''

မုဆိုးကျွဲကြီးက ဒေါပွပွနှင့် အော်ပြောလိုက်၏။

''ဆင်ကို ဘာများမှတ်လို့လဲ မသိဘူး''

အားလုံးကို ဖျောင်းဖျနားချပြီး သူတို့မြို့ပိုင်မင်းတို့သုံးယောက်ကို အရှာထွက်ခဲ့ကြသည်။ ဆင်တိုးလမ်းများမှာ နီရဲသောသွေးစက်သွေးကွက်များကို အထင်းသားမြင်နေရသည်။

ဒဏ်ရာရဆင်သည် အလွန်ကို ကြောက်စရာကောင်းသည်ကို သူတို့သိ၏။ ဝူးဝူးနှင့် တောသံပေးရှာ လိုက်ရှာပါသော်လည်း သုံးယောက်စလုံးကို မတွေ့ရသေး။

''ဝေါင်း . . .''

''ဘုရား . . .''

''ဝေါင်း . . .''

''သူကြီး . . . ကျားဟိန်းသံပျ''

''အေးကွ . . . ခပ်ဝေးဝေးကပဲ''

''ဒီဘက်ကိုရောက်လာရင် ဘယ်လိုလုပ်မလဲ''

''မြို့ပိုင်မင်းတို့ ကျားနဲ့တွေ့ရင် ဒုက္ခပဲကွာ''

''သူတို့အကုသိုလ်နဲ့ သူတို့သွားတာ။ သွားပစေပျာ''

''ကျောက်အိုးနဲ့ကျွဲကြီး . . . ငါတို့မှာ ဘာလက်နက်ကြီးမှ ပါတာမဟုတ်ဘူး။ ငါတို့ ဘဘုန်းခေါင်းရှည်ကျောင်းရှိရာကိုပဲ ပြေးကြစို့''

''အဲဒါ စိတ်အချရဆုံးပဲဗျ။ သွားစို့ . . .''

* * *

၎၇

သူတို့လေးယောက် တောလမ်းများကိုရှာလိုက်၊ ဒဏ်ရာရဆင်ကြီးရဲ့ အခြေအနေကိုနားစွင့်လိုက်နှင့် မကြာခင် ဘဘုန်းခေါင်းရှည်ကျောင်းအဝင်လမ်းသို့ ရောက်လာကြလေသည်။

"သူကြီး . . . "

"ဘာတုံး . . . စိုင်ကော်"

"ဒီမှာ သွေးစက်တွေဗျ"

မုဆိုးစိုင်ကော်ပြသည့်နေရာကို ကြည့်လိုက်တော့ သွေးစက်ခပ်ရွဲရွဲများကို မမျှော်လင့်ဘဲ မြင်လိုက်ရ၏။

"လူသွေးလား၊ တိရစ္ဆာန်သွေးလဲ့ စိုင်ကော်ရ"

"တိရိစ္ဆာန်သွေးဗျ . . . ။ ဒဏ်ရာရဆင်ရဲ့သွေးဗျ"

"ဘုရား . . . ဘုရား . . . ဒါ . . . ဒါဆို . . . ဒီ . . . ဒီဝန်းကျင်မှာ ရှိနေမှာပဲကွ။ ငါတို့များ ချုံခိုအလစ်ဝင်တိုက်ရင် ခက်ပဲ"

"ကျောင်းကို အရောက်သွားစို့ဗျာ"

သို့နှင့် ဘဘုန်းခေါင်းရှည်၏ တေဘရကျောင်းရှိရာသို့ ဝင်လာလိုက်သောအခါ . . .

"ဟာ . . ."

"ဟင် . . ."

"ဟယ် . . ."

"ဘုရားရေ . . ."

ရုတ်ခြည်းမြင်လိုက်ရသည့် မြင်ကွင်းကြောင့် သူတို့လေးဦးလွန်စွာ အံ့သြပြီးတုန်လှုပ်ခဲ့ရ၏။

ကြည့်စမ်းပါ့ . . ။

ဘဘုန်းခေါင်းရှည်ရဲ့ ကျောင်းရှေ့က ကျောက်ဖျာဝန်းကျင်မှာ ဆင်ကြီးသုံးကောင် လက်ထောက်၍ဝပ်နေ၏။

တစ်ကောင်သောစွယ်စုံဆင်ကြီးသည် မျက်လုံးအထက် ဦးကင်းနှင့် မေးအောက်မှ သွေးများဒလဟောစီးကျပြီး ဦးခေါင်းကို နာကျင်စွာ ယမ်းခါနေ၏။

တစ်ချက်တစ်ချက် နာကျင်လွန်း၍ အော်နေ၏။

ကျန်ဆင်နှစ်ကောင်က ဝပ်ပြီး သွေးကျခေါင်းယမ်းနေသည့် ဆင်ကြီး၏ ကျောကုန်းနှင့်ဦးကင်းကို နှာမောင်းနှင့်ပွတ်သပ် အားပေးယုယနေကြ၏။

"ကျောက်အိုး . . ."

"ဗျာ . . . အာ . . . ဟာ . . ."

"ဒါ . . . ဒါ . . . မြို့ပိုင်မင်းပစ်လိုက်တဲ့ စွယ်စုံဆင်ကြီးကွ"

"ဟုတ်တယ် . . ။ ဘ . . . ဘဘုန်းဆီကို ရောက် . . .

ရောက် . . .''

ကြည့်နေဆဲမှာပဲ သူတို့လေးဦး ထူးဆန်းအံ့ဖွယ်မြင်ကွင်းကို မကြုံစဖူး မြင်လိုက်ရလေသည်။ ဆင်ကြီးသည် ဦးခေါင်းပေါ်မှာတစ်ချက်၊ လည်ပင်းအောက်မှာတစ်ချက် မှန်ထား၏။ သွေးများကား ကျောင်းရှေ့ ကျောက်ဖျာဝန်းကျင်မှာ ရွှဲရွှဲစိုနေ၏။

စွယ်စုံဆင်ကြီးသည် နာကျင်လွန်း၍ တစ်ကိုယ်လုံးတုန်နေ၏။ သည်မှာပဲ ပုံသကူဘဘုန်းခေါ် ဘဘုန်းခေါင်းရှည်သည် ဒဏ်ရာရ ဆင်ကြီး၏ဦးခေါင်းပေါ်သို့ ညာလက်ကိုတင်ပြီး မေတ္တာသုတ်အပါအဝင် ပရိတ်မန္တန်ဂါထာတော်များကို ရွတ်ဆိုနေ၏။ ဆင်ကြီးသည် အသားများ ဆတ်ဆတ်တုန်ပြီး နာမောင်းကိုလူး၍ နာခံနေ၏။ မကြာခင် ဘဘုန်းခေါင်းရှည်က သူ့ကိုယ်ပေါ်မှာရုံထားသည့် အစပ်အဖာရောင်စုံနှင့် ပုံသကူသင်္ကန်းကြီးကို ဒဏ်ရာရဆင်ကြီးဦးခေါင်းပေါ်သို့ လွှမ်းခြုံပေးလိုက်လေ၏။

စွယ်စုံဆင်ကြီးသည် မြေမှာဝပ်၍ ငြိမ်ကျသွား၏။ မကြာခင် တုန်နေသော ခြေ၊ လက်၊ ကိုယ်လုံးကြီးသည် ငြိမ်ကျသွားပြီး နာမောင်းမှစ၍ လူးလွန့်လှုပ်ရှားကာ . . .

''ကျီ . . . ကျီ . . . ''

''ဘုရား . . . ဆုရား . . . ''

''သူကြီး . . . ပြေး . . . ပြေးကြစို့''

''အေး . . . အေးပါကွ''

''ကျုပ်တို့အနှံရသွားရင် လိုက်မှာ ကျိန်းသေဗျ''

''နောက်ကို ဆုတ် . . . ဆုတ်ရင်း . . . ပြေး . . . ''

ဆင်ကြီးဦးခေါင်းပေါ်မှ ပုံသကူသင်္ကန်းကို ဘဘုန်းကပြန်ရုပ်

လိုက်သောအခါ . . . အလိုလေး . . . တိုးလျှိုစီးကျနေသောသွေးများ ချက်ချင်းရပ်ပြီး ကျည်ဒဏ်ရာပေါက်သည့် အသားစေ့သလိုဖြစ်သွား သည်ကို ခပ်လှမ်းလှမ်းမှမြင်လိုက်ရ၏။

သည်မှာပဲ . . .

ကျန်ဆင်နှစ်ဖောင်သည် နှာမောင်းများကို လေထဲမှာမြှောက် ၍ အနုံခံသလိုလုပ်ပြီး ရုတ်ခနဲထကာ သူတို့လေးဦးရှိရာသို့ မျက်နှာ မူပြီး ဒေါသတကြီးအော်လိုက်သောအခါ . . .

''သူ . . . သူကြီး . . . မြင်သွားပြီ . . . ပြေး . . . ပြေး . . .''

''ပြေးပါ . . . ပြေး . . .''

''အမလေးဗျ . . .''

''ဘုရား . . . ဘုရား . . . ဘဘုန်းဘုရား . . . ကယ်ပါဦး ဘုရား . . .''

ဆင်သုံးဖောင်သည် ပြေးလိုက်ရန်မြင်လိုက်စဉ် ဘဘုန်းခေါင်း ရှည်က ညာလက်နှင့်ဟန့်တားလိုက်ရကား ဆင်ကြီးသုံးကောင် တို့ခနဲ ရပ်သွားသည်ကို နောက်ဆုံးမြင်လိုက်ရပြီး သူတို့လေးဦး ချေးသေးထွက်၊ ပုဆိုးများကျွတ်ကာ ရွာရှိရာသို့ တရကြမ်းပြေးခဲ့ရလေသည်။

သူတို့ ရွာသို့ရောက်သည်နှင့် လူစုလိုက်ကြ၏။ လူစုပြီး တော ထဲဝင်၍ မြို့ပိုင်မင်းတို့သုံးယောက်ကို ရှာရန်လုပ်ကြ၏။ မရှာလို့ မဖြစ်။ ကိုယ့်နယ်ကိုယ်ရောက်နေ၍ ကိုယ့်မှာတာဝန်ရှိနေသည်။

လူစုပြီးနောက် ရိုးမထဲသို့ ဝင်ခဲ့ကြ၏။

ဦးစွာ ရိုးမအဝင် အံမိကရညောင်ပင်ကြီးမှာ လက်ဖက်ပွဲဆက် ၍ တော်ပိုင်အဘိုးကို မေတ္တာရပ်ခံရ၏။

ပျောက်ဆုံးနေသောလူသုံးဦးကို ပြန်တွေ့ရအောင် အကူအညီ

ပေးပါအဘိုးဟု မေတ္တာရပ်ခံရင်း အမှားများကို သည်းခံခွင့်လွှတ်ပါရန် ပြောဆိုမေတ္တာရပ်ခံလိုက်ကြ၏။

သို့ကလိုပြောဆိုနေစဉ် ညောင်ပင်အောက်သို့ သျှောင်ထုံးကြီး နှင့်အသားမည်းမည်း၊ ကျောပြောင်အကျီမလာနှင့် လူထွားကြီးတစ်ဦး ရောက်လာ၏။

"သူကြီးလားဗျ . . . "

"ဟုတ်ပါတယ် . . . မောင်ရင် ဘယ်သူတုံး"

"ပံသကူဘဘုန်း လွှတ်လိုက်လို့ပါ"

"ဟင် . . . ဘဘုန်းလွှတ်လိုက်လို့"

"ဟုတ်တယ် . . . ခုချက်ချင်းလိုက်ခဲ့ပါတဲ့"

သို့ကလိုပြောပြီး သျှောင်တစောင်းနှင့် လူမည်းကျောပြောင် ကြီး လှစ်ခနဲပြေးထွက်သွားလေ၏။ စောင့်ပါဦးဟု ပြောချိန်ပင်မရလိုက်။

သည်နောက်သူတို့လူစု ပုံသကူဘဘုန်းခေါင်းရှည်ကျောင်းရှိ ရာသို့ ရောက်လာကြသောအခါ . . .

"ဟာ . . . "

'ဒါ . . . ဒါ . . . "

"ဘုရားရေ . . . ဒီကိုရောက် . . . "

သူကြီးတို့အုပ်စု ဦးစွာမြင်ရသည်ကား ကျောင်းရှေ့မြေပြင် မှာ ဒဏ်ရာအသီးသီးနှင့်လဲကျပြီး ညည်းညူနေကြသည့် မြို့ပိုင်မင်း၏ မိတ်ဆွေအပျော်တမ်းမုဆိုးနှစ်ဦး။ သူတို့နှစ်ဦးကိုယ်မှာ သွေးများချင်းချင်း ရဲနေပြီး အရေပြားမှာခြစ်ရာများနှင့် အဝတ်အစားများပါ စုတ်ပြတ် နေ၏။

"အရှင်ဘုရား . . . သူတို့နှစ်ဦး ဘယ်လိုလုပ်ပြီး ဒီ . . . ဒီကို

ရောက်နေပါသလဲဘုရား''

''သူတို့ကိုသာမေးကြည့်ပါတော့ ဒကာ။ ဘုန်းကြီးတော့ တတ်နိုင်သမျှ သွေးတိတ်အောင်ပြုလုပ်ပေးပြီး အသက်မသေအောင် ကူညီခဲ့ပြီးပါပြီ။ အင်း . . . အနိစ္စ . . . ဒုက္ခ . . . အနတ္တ . . .''

တစ်ယောက်က ဦးနိုင်ဖေမြင့် . . .။

နောက်တစ်ယောက်က ဦးကျော်ဖေယျ . . .။

''ဦးနိုင်ဖေ . . .''

''ဗျာ . . . ဗျာ . . . အား . . . အား . . .''

သူတို့မှာ လက်နက်များလည်း မရှိတော့။ သွေးတိတ်နေသော်လည်း ကြောက်လန့်နေ၍ အရူးရုပ်လို ကယောင်ချောက်ချားဖြစ်နေ၏။

''ခင် . . . ခင်ဗျားတို့ ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာကြတာလဲဟင်''

''ကျွား . . . ကျွားချီလာလို့''

''ဗျာ . . .''

''ဟေ . . .''

''ဟင် . . .''

''ဘုရားရေ . . . ကျွားချီလာလို့ . . .''

သည်မှာ ဦးနိုင်ဖေမြင့်နှင့်ဦးကျော်ဖေယျတို့နှစ်ဦးက သူတို့ကြုံခဲ့ရသည့် သွေးပျက်လုခမန်း ဖြစ်ရပ်ဆန်းကြယ်များကို ပြန်၍မျက်ရည်လည်ရွဲနှင့် ပြောပြကြဇလသည်။

သူတို့သုံးဦး ဆင်များရန်ကြောင့် ခြေဦးတည့်ရာသို့ စွတ်ရွတ်ပြေးခဲ့ကြရာ ရှေ့ဆုံးမှပြေးနေသည့် မြို့ပိုင်မင်းကို အလွန်ကြီးမားသောကျားကြီးတစ်ကောင်က ရှောင်တစ်ခင်ပြေးခုန်အုပ်လိုက်ရာ မြို့ပိုင်မင်း

လည်ပင်းကိုကိုက်မိပြီး နေရာတင်ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။

သူတို့နှစ်ဦးလည်း ကြောက်လန့်လွန်း၍ ငယ်သံပါအောင် အော်ပြီးပြေးလိုက်စဉ် ၄င်းကျားကြီးက လက်နှင့်ပုတ်ရိုက်ချပြီး မကြေစဖူး ထူးဆန်းစွာ ပါးစပ်နှင့်ကိုက်ချီ၍ နှစ်ဦးစလုံးကို ဤဘုန်းကော်ကြီး ကျောင်းရှိရာသို့ပို့ပေးခဲ့ပြီး တောထဲသို့ ပြန်ဝင်သွားခဲ့သည်တဲ့။

"ဒကာကြီး . . ."

"ဘုရား . . ."

"ဘုန်းကြီးကြုံပြောခဲ့သားပဲ။ ဒီဝန်းကျင်မှာရှိတဲ့ သားကောင်များကို မနှိပ်စက်၊ မညှဉ်းပန်းပါနဲ့လို့။ ခုတော့ သူတို့တရားကိုသူတို့ စီရင်သွားကြပြီ။ မသေမပျောက် ထူးဆန်းစွာရောက်ရှိလာတဲ့ ဒိန္နစ်ယောက်ရဲ့ပြောပြချက်အရ ဘုန်းကြီးအားလုံးကိုသိပြီးပါပြီ။ ကိုင်း . . . ကိုင်း . . . နောင်ကိုဖြစ်နိုင်ရင် ဒီဝန်းကျင်မှာ သူ့အသက်တစ်ချောင်းကို သေစေလိုသောရည်ရွယ်ချက်နဲ့ လုံးဝမလာကြပါနဲ့။ သူ့အသက်တစ်ချောင်းကို ရှင်စေလိုသော၊ အေးချမ်းငြိမ်းအေးစေလိုသော မေတ္တာ၊ ကရုဏာ၊ မုဒိတာစိတ်မျိုးနဲ့သာ လာခဲ့ကြပါလို့ ဘုန်းကြီးမေတ္တာရပ်ခံပါရစေ။ ဖြစ်နိုင်ရင် ဘုန်းကြီးမေတ္တာဘာဝနာနဲ့ ကမ္မဋ္ဌာန်းအလုပ်လေးကို အသက်နဲ့ခန္ဓာမြဲနေသမျှလေး မှတ်ရွတ်များများကျင့်ကြံပါရစေ ဒကာကြီးတို့ရယ်။ ဘုန်းကြီးတို့အားလုံးကို မနှောင့်ယှက်ကြပါနဲ့။ ကိုင်း . . . သွားကြ . . . သွားကြ . . ."

သူတို့အားလုံး "မှန်ပါဘုရား . . ." ဟု ဝန်ခံကတိပြုပြီး နောက် ဘဘုန်းကိုရိုသေစွာဦးချလိုက်ကြသည်။

သည်မှာဘဘုန်းက ယနေ့သွားလေရာလာလေရာ မည်သည့် အန္တရာယ်ဆိုးမျှ မကျရောက်ပါစေနှင့်ဟု ဆုများပေးပြီး တောကျောင်း

လေးပေါ်သို့ တက်သွားလေ၏။

သူတို့ မသေကောင်းမပျောက်ကောင်း ကျားချီလာခဲ့သူနှစ်ဦးကို တွဲခေါ်ထမ်းယူခဲ့ကြပြီး သူတို့ပြောပြသည့်နေရာကို သွားရောက်ရှာဖွေကြသောအခါ သည်မှာပဲ မြို့ပိုင်မင်း၏အလောင်းကို တွေ့ခဲ့ရလေသည်။

မြို့ပိုင်မင်းကား လည်ပင်းမှာနက်လှစွာသော ကျားစွယ်ရာနှစ်ချက်နှင့် ကုပ်ကျိုး၍ ပွဲချင်းပြီးသေဆုံးနေလေပြီ။

⁂ ⁂ ⁂

❮၁❯

ထူးဆန်းအံ့သြဖွယ်၊ ထိတ်လန့်အသည်းတုန်ဖွယ်ကိစ္စရပ်များ ပြီးမြောက်သွားသည့်နောက်ပိုင်း တောရကျောင်း ပဲ့သကူဘဘုန်းခေါင်း ရှည်၏သတင်းသည် ရိုးမတောင်ခြေဝန်းကျင်၌ ပို၍ကြီးကျယ်၊ ထင်ရှား၊ ကြည်ညိုလေးစားဖွယ်ရှိနေ၏။

ထူးခြားသည်ကား . . .

နောက်ဆုံးနှစ်များမှစ၍ ဘဘုန်း ရွာထဲသို့ ဆွမ်းခံအကြွမထွက်ခြင်းပဲဖြစ်၏။ ရွာသူရွာသားများသည် နေ့စဉ်ဆွမ်းဟင်းများဖြင့် စောင့်မျှော်နေကြ၏။ သုံးရက်တိုင်တိုင် ဘဘုန်းဆွမ်းခံမကြွသောအခါ သူကြီးဦးပုရောင်ကို မေးမြန်းကြ၏။

''သူကြီး . . . ဘဘုန်း ဆွမ်းခံမကြွပါလား''

''သုံးရက်ရှိသွားပြီဗျ''

"နေများမကောင်းလို့လားဗျာ . . ."

"ဘဘုန်း ဆွမ်းဘယ်လိုစားမလဲ မသိဘူး"

"သူကြီး . . . ဘဘုန်းကျောင်းကို သွားကြည့်ကြရအောင်ဗျာ"

နောက်ဆုံး ရွာသားများကိုစုဝေး၍ ဘဘုန်းတောရကျောင်း ရှိရာသို့ သူကြီးတို့ရောက်ခဲ့သောအခါ ဘဘုန်းကိုလုံးဝမတွေ့ရတော့။ ဝါးကျောင်းလေးကိုသာ တံခါးပိတ်လျက်တွေ့ရ၏။

သူတို့ အသံပြု၍ ခေါ်ကြည့်ကြ၏။ ပြန်ထူးသံမကြားသောအခါ တံခါးကိုဖွင့်ကြည့်ကြ၏။ အထဲမှာ ဘဘုန်းမရှိ။ သင်္ကန်းနှင့်သပိတ်စသည့် ရဟန်းအသုံးအဆောင်ပစ္စည်းများလည်း မရှိ။

အင်းခွေးနက်ကြီးများလည်း မတွေ့ရ။

ဆင်ခြေရာ၊ ကျားခြေရာများလည်း မတွေ့ရ။

နောက်နေ့များတိုင် လာရောက်ကြည့်ရှုကြပါသော်လည်း ဗဲ့သက္က ဘဘုန်းခေါ်တောရကျောင်းဘဘုန်းခေါင်းရှည်၏ အရိပ်အယောင် အစအနကိုပင် မမြင်ရတော့။

ဟိုဟိုသည်သည် စုံစမ်းပါသော်လည်း စုံစမ်းလို့မရ။

အချို့က . . .

ရပ်ဝေးကို ပြောင်းသွားပြီဟု ဆိုကြ၏။

အချို့သောမှဆိုးများက ရိုးမအလယ်မှာ ဘဘုန်းကိုတွေ့ရသည်ဟုလည်း ဆို၏။

မြင်ရပြီး ဖူးရန်၊ ခေါ်ရန် ဟန်ပြင်လိုက်လျှင် ရုတ်ခြည်းပျောက်သွားသည်ဟု ဆို၏။

ရွာထဲမှ လူကြီးသူမ အသက်ကြီး ရှေ့မီနောက်မီများက ကိုးကွယ်ရာ သူတော်ကောင်းနှင့် ကံကြီး၍ ဆုံရပါသော်လည်း . . .

ဗြဟ္မစိုရ်တရားကင်းမဲ့သည့် လူ့ဗာလများကြောင့် ကိုးကွယ်ရာ၊ သည်းကပ်ရာ၊ အတုယူစရာ သူတော်ကောင်းသည် . . .

ရွာနှင့်မထိုက်တန်ဘဲ . . .

မမြင်ရသော နေရာအရပ်သို့ ပြောင်းရွှေ့သွားခဲ့သည်မှာ အလွန်နောင်တတရား ရစရာပါပဲဟု ပြောစမှတ်ပြုခဲ့ကြလေသည်။ ။

(ဘုန်းဘုရား ဦးသီလအား ရည်မှန်းကော်ရော် ပူဇော်၍ မေတ္တာမြို့ဖို့ဝါ)

* * *

မောင်ညီမြို့ဝင်း (သန်လျင်)

ပေဒင်ဆရာဦးပိုကာ

"ဗျို့ . . . ဒေါ်ကျင်အေး"

"ဘာတုံး . . ."

"ခင်ဗျားသား နိုင်ငံခြားသွားရဦးမယ်။ ချမ်းသာဦးမယ်"

"ရှင် ပေါက်ကရလေးဆယ် လာမပြောနဲ့"

"အဟုတ်ပြောတာပါဗျာ"

"အိပိုတွေ . . ."

"မယုံရင် စောင့်ကြည့်ပေါ့ဗျာ"

ကျောင်းအားရက်တွင် အမေ၏ကုန်စုံဆိုင်၌ ကူညီရောင်းချ ပေးနေစဉ် အသားညိုညို၊ ပုပုဝဝ၊ မျက်လုံးပြူးကြောင်ကြောင်၊ ဗိုက်ပူပူ လူကြီးတစ်ယောက် ဆိုင်ရှေ့မှရပ်ကာ ကျွန်တော့်ကိုရည်ညွှန်းလျက်

တွက်ချက်ခြင်းမရှိဘဲ ဟောပြောနေရာ အမေက မဟုတ်တန်ရာဟု ပြန်ပြောလိုက်သောအခါ ထိုလူကြီးမှာ တဟဲဟဲရယ်ရင်း သဘောကျ လျက်သူ ပြောချမနိုင်သောအမေ့ကို အရှုံးပေးသောသဘောဖြင့် ခေါင်း ကုတ်လျက် ထွက်သွားလေသည်။

"အမေ . . . သူက ဘယ်သူလဲဟင်"

"သူက ဗေဒင်ဟောတဲ့ ဦးပိုကာတဲ့"

"ဩော် . . . "

ကျွန်တော် ထိုမျှသာသိလိုက်ရသည်။ ထိုစဉ်က ကျွန်တော် က ရှစ်တန်းကျောင်းသား။ စာပေါင်းစုံဖတ်သူ။ အထူးသဖြင့် ဗေဒင်၊ နက္ခတ်၊ အတိတ်နိမိတ်ကောက်၊ အင်္ဂဝိဇ္ဇာ၊ အင်းအိုင်ခါးလှည့်၊ လက်ဖွဲ့ မန္တန်များကို အထူးစိတ်ဝင်စားသူ။ သို့သော်လည်း ငယ်ရွယ်သူဖြစ်သည့် အလျောက် အချိန်ပေးရွှဲလိုက်စားနိုင်ခြင်း မရှိခဲ့။ ထိုသို့မလိုက်စားခဲ့ သော်လည်း ကျွန်တော့်ထံပါးသို့ ထူးဆန်းမှုအမျိုးမျိုးတို့ကား တစ်နည်း တစ်ဖုံအားဖြင့် ရောက်ရှိလာတတ်ကြသည်။

သို့သော် အသုံးမပြုတတ်သော ကျွန်တော့်အဖို့ ကစားစရာ များသာ ဖြစ်ခဲ့သည်။

ငယ်စဉ်က ကျွန်တော့်အိပ်ခန်းထဲ၌ ငုံးဥကဲ့သို့ ဥတစ်လုံးရရှိ ခဲ့သည်။ ကျောက်မဟုတ်၊ သံမဟုတ်၊ ပလတ်စတစ်မဟုတ်။ ကျွန်တော် လှိမ့်ကာ ဆော့ကစားရင်းပျောက်သွားတတ်သော်လည်း တစ်ရက်နှစ်ရက် အကြာတွင် ကျွန်တော့်အခန်းတွင်းမှ ပြန်၍ရရှိတတ်သည်။ တစ်နေ့ တွင် ကျွန်တော်သည် အိမ်၌ရှိသော ငါးပိသာသာအလေးတုံးပေါ်တင်၍ ရဲတင်းဖြင့် ထုကြည့်ခဲ့သည်။ လွင့်စဉ်သွားသော်လည်း ပြန်ကောက်၍ ကြည့်သော် မည်သည့်ဒဏ်ရာကိုမှ မတွေ့ရခဲ့။ သို၍စမ်းခြင်းမဟုတ်ဘဲ

ကလေးသဘာဝ သံလား၊ ကျောက်လား၊ ပလတ်စတစ်လား စမ်းသပ်ရုံ မျှသာ။ ယခု အသက်အရွယ်ရောက်သောအခါမှ ထိုအရာသည် သိန္ဓိဝင် ပစ္စည်းတစ်ခုဖြစ်ကြောင်း နားလည်ရတော့သည်။ နှမြောလုပါဘိ။

ယခုလည်း ကျွန်တော် အမေ့ကိုကူညီရင်း ထူးဆန်းသော အဖောကို ကြားလိုက်ရ၍ အံ့သြမိရသည်။ ထိုစဉ်က နိုင်ငံခြားသွား ရောက်သည်ဆိုခြင်းမှာ ကျွန်တော်တစ်ကြိမ်တစ်ခါမှ မတွေးမိဖူးသော အရာဖြစ်သည်။ သို့သော် . . .

* * *

ကျွန်တော် ဘွဲ့ရပြီ။ အမေက ကုန်စုံဆိုင်ဖွင့်ဆဲ။ ကျွန်တော်က ကျောင်းဆရာဘဝ။ ညဖြစ်သူက ရန်ကုန်မြို့သို့တက်၍ စီးပွားရှာသော အခါ အမေ့ကိုကူညီဖို့ လူလိုလာပြီ။

သို့ဖြစ်၍ ကျွန်တော် ကျောင်းဆရာအဖြစ်မှနုတ်ထွက်၍ အမေ နှင့်အတူ ကုန်စုံဆိုင်ကြီးကို ဦးဆောင်၍လုပ်ခဲ့ရ၏။

ကြိုးစားမှုကြောင့် အသီးအပွင့်တို့ဝေဆာနေချိန် ညဖြစ်သူက..

''အစ်ကို . . . ငါတို့ နိုင်ငံခြားသွားရအောင်''

''ဘာသွားလုပ်မှာလဲ''

''အလုပ်ရရင်လည်းလုပ်၊ မရတော့လည်း အလည်ပေါ့''

"ဖြစ်ပါ့မလား"

"ငါစိစဉ်ပြီးသွားပြီ"

ညီဖြစ်သူ၏ကျေးဇူးကြောင့် နိုင်ငံခြားသို့ ရောက်ခဲ့ရသည်။ ထိုအခါတွင်မှ ဦးပိုကာ၏ နက္ခတ်ဗေဒင်အစွမ်းကို အံ့သြလေးစားမိတော့သည်။

* * *

နိုင်ငံခြားရှိ နှစ်သစ်ကူးပွဲတော်ချိန် ခွင့်ရ၍ မြန်မာပြည်သို့ အလည်ပြန်ရောက်လာသောအခါ ဦးပိုကာဆိုသူကိုတွေ့ဆုံရန် မွေးဇာတိမြို့လေးသို့ ပြန်လာခဲ့သည်။

အခန့်သင့်ပင်တွေ့လိုက်ရသော ဦးပိုကာမှာ ယခင်အတိုင်း ပြူးစစမျက်နှာ၊ ပြူးကြောင်ကြောင်မျက်လုံး၊ ပူတူတူဝင်းပိုက်တို့က မပြောင်းလဲသေး။ ကျွန်တော့်ကို သူမမှတ်မိတော့။

"ဦးပိုကာ . . . ကျွန်တော့်ကို မှတ်မိလား"

"ဟင့်အင်း . . ."

"ဒေါ်ကျင်အေးရဲ့ သားလေဗျာ"

"ဩော် . . . ကျောင်းဆရာကြီးကိုး"

"ကျွန်တော်ရှစ်တန်းနှစ်တုန်းက ဦးပိုကာဟောတာမှန်လိုက်တာ"

''ဘာဟောခဲ့လို့လဲ''

''နိုင်ငံခြားသွားရမယ်ဆိုတာလေ''

''ဩော် . . .''

သူ အခုမှ မှတ်မိသွားဟန်တူသည်။ ကျွန်တော်ကျောင်းဆရာလုပ်စဉ်က သူခေါ်နေကျအတိုင်း ဆရာကြီးနိုင်ငံခြားရောက်နေကြောင်း သိရတော့ ဝမ်းသာမိတယ်ဗျာဟု ရိုးသားစွာပြောရသည်။

သို့နှင့် သူ၏ ထူးဆန်းသောအတတ်ပညာအကြောင်းများကို မေးရတော့သည်။

''ဦးပိုကာ . . . လူတစ်ယောက်ရဲ့ရှေ့ဖြစ်ကို ဘယ်လိုကြိုပြီး သိနိုင်တာလဲ''

''ကျွန်တော်က နက္ခတ်ဗေဒင်တွက်တယ်လေ''

''နက္ခတ်ဗေဒင်က အဲဒီလောက်မှန်နိုင်သလား''

''ဩော်. . . . ဆရာကြီးရယ်။ ဘုရားအလောင်းတော် သိဒ္ဓတ္ထဘဝမှာ ကောဏ္ဍညပုဏ္ဏားက လက်ညှိုးတစ်ချောင်းတည်းထောင်ပြီး ဘုရားစင်စစ်ကောန်ဖြစ်ရမယ်လို့ ဟောခဲ့တယ်မဟုတ်လား''

''အလောင်းတော် မယ်တော့်ဝမ်းထဲ သန္ဓေစကတည်းက တရားဟောပလွင့်ပေါ် ထိုင်နေတော်မူတဲ့ အရှင်ကိုဖူးမြင်ရတာပဲ မဟုတ်လား''

''အဲဒါက ခမည်းတော်နဲ့ မယ်တော်တို့သာ မြင်ရတာပါ''

''ရွှေမန်းတင်မောင်ရဲ့ ဘုရားလောင်းဖွားတော်မူခန်းမှာ သုဒ္ဓါဒနမင်းကြီးက သန္ဓေတော်ကိုရှုကြည့်တော့ မယ်တော်ရဲ့ဝမ်းကြာတိုက်ထဲမှာ ပလွင့်ပေါ်စံပယ်တော်မူငဲ့ အလောင်းတော်ကိုတွေ့လို့ လက်အုပ်ချီမိုး ရှိခိုးလိုက်တဲ့အခါ မယ်တော်မာယာက ကပျာကယာတားရတယ်

မဟုတ်လား''

''အင်း . . . ဟုတ်ပါရဲ့။ ဇာတ်တော်ထဲမှာ ဝမ်းကြောတိုက်တွင်းကို ဖခင်သုဒ္ဓါဒနမင်းက ထွင်းဖောက်လို့မြင်ရတာပဲ''

ဟု ကျွန်တော်က ပြောလိုက်ရာ ဦးပိုကာက . . .

''ဒါတင် ဘယ်ကမလဲ။ မယ်တော်မာယာဟာလည်း ဝမ်းတိုက်တွင်းကို မြင်ရတာပဲ''

''ဟုတ်ပါ့မလား ဦးပိုကာရယ်''

''သိပ်ဟုတ်ပေါ့ . . . ။ မယ်တော်ဟာ အလောင်းတော်သန္ဓေအဘယ်သို့ရှိပုံမလဲလို့ အခါခါရှုကြည့် သတိထားတော်မူတယ်။ ထ၊ ထိုင်၊ လျောင်း၊ သွား၊ ရပ်၊ နား၊ စောင်းငဲ့မည့် အခါတိုင်း သတိထားကြည့်ရှုတော်မူတယ်''

''မြင်ရတာပဲလား''

''အဟုတ်ပေါ့ ဆရာကြီးရယ်။ အလောင်းတော်ကို သန္ဓေဆောင်တဲ့ မယ်တော်ပဲ။ ဘုန်းသမ္ဘာဘယ်လောက်ကြီးမယ်ဆိုတာ စဉ်းစားကြည့်ပေါ့။ အလောင်းတော်မြတ်သန္ဓေတိုက်ဟာ လူသာမန်တို့လို အမိကျောရိုးဘက်ကိုမျက်နှာမူ၊ ဆောင့်ကြောင့်ကလေးထိုင်၊ မျက်နှာကို လက်ဝါးလေးဖုံပြီး အလွန်ကျဉ်းကျပ်တဲ့ သန္ဓေတိုက်မျိုး မဟုတ်ဘူး''

''ဒါဖြင့် ဘယ်လိုမျိုးလဲ . . . ။ ပြောပါဦး''

''အဲလွန်သန့်ရှင်းစင်ကြယ်ပြီး အမိကျောရိုးကို နောက်ခိုင်းလို့ တရားဟောပလ္လင်ပေါ်မှာ တင်ပလ္လင်ခွေလို့ စံပယ်နေသလိုပဲ''

''ဩော် . . . ကြည်ညိုစရာကောင်းလိုက်တာ''

''အဲဒါပဲ ဆရာကြီး။ ကောဏ္ဍညပုဏ္ဏားက အလောင်းတော်ကို ဖူးမြင်ရလို့ လက်ညှိုးထောင်တာ မဟုတ်ဘူး။ သူ့ရဲ့နက္ခတ်ပေဒင်ပညာနဲ့

ဟောခဲ့တာ''

''ဦးပိုကာရော အဲဒီလိုတတ်လား''

''ကျုပ်ကတော့ မတတ်ပါဘူး။ ရှေးဆရာကြီးတို့ရဲ့ အစွန်အဖျား ပညာလေးလောက် တတ်တာပါ''

''ဒါပေမဲ့ ဦးပိုကာ ဘာမှမတွက်ဘဲ ဒီအတိုင်းဟောလိုက်တာ ကျွန်တော့်အတွက်လည်း မှန်တယ်။ မြို့ထဲကလူတွေကလည်း မှန်တယ်လို့ ပြောနေကြတယ်''

''ကျွန်တော်က နက္ခတ်ဗေဒင်တွက်ရုံတင် မဟုတ်ဘူး''

''ဒါဖြင့် ဘာတွေပါသေးလို့လဲ''

''အခု ကျွန်တော်နေတဲ့နေရာကို ကြည့်လေ။ ကန်ဘောမှာ အိမ်ဆောက်ထားတာ။ ညဘက်ဆို အိုက်လို့ ကန်ဘောင်ပေါ်တက်အိပ်တယ်။ အိပ်တဲ့အခါမှာလည်း ကိုယ့်ကိုယ်ကိုယ် လူသေကောင်ကြီးလို့ သဘောထားပြီး မကြံလက်ဆန့်ခန့်ကြီး မလှုပ်ဘဲအိပ်တာ''

''ဟောဗျာ . . .''

''အဲဒီလိုအိပ်ပါများတော့ တစ်နေ့တခြားဆိုသလို စကားသံတွေကို ကြားလာရတယ်''

''ဘယ်သူပြောတာလဲ''

''ကျွန်တော်မသိဘူးလေ။ ကြားရတာတော့ အမှန်ပဲ''

''ဦးပိုကာ မကြောက်ဘူးလား''

''အစပိုင်းတော့ ကြောက်သလိုလိုပါပဲ။ နောက်တော့ ရိုးသွားပြီလေ''

''သရဲရော မခြောက်ဘူးလား''

''ကျွန်တော်တော့ ခြောက်တယ်လို့ မထင်ဘူး။ သူတို့အလုပ်

သူတို့လုပ်နေကြတာလို့ပဲ ထင်တယ်''

''နေပါဦး . . . ဦးပိုကာကြီးက မြင်ရလို့လား''

''နှစ်ပေါင်းကြာတော့လည်း ပုံပန်းသဏ္ဌာန်အမျိုးမျိုးကို တွေ့ရတာပဲလေ။ ကိုယ်ကလည်း ခန္ဓာငါးပါး။ သူတို့လည်း ခန္ဓာငါးပါးပဲ ရှိကြတာလေ။ ဘာမှမထူးလှပါဘူး''

ကျွန်တော်သည် ဦးပိုကာနှင့်စကားပြောရင်း ကြက်သီးများမကြာခဏထလာသည်။ ဦးပိုကာအနီးသို့ ပို၍တိုးကပ်ကာ သူ့ညည်ခံသော ရေနွေးကြမ်းနှင့် ထန်းလျက်ခဲကိုဝါးမျိုရင်း အကြော်က်ဖြေနေမိသည်။ ဦးပိုကာကြီးကို ယခင်ကလိုမမှုတ်ဘဲ ထူးခြားစွာအကဲခတ်မိသည်။ ဦးပိုကာက . . .

''ဆရာကြီးရယ် . . . လောကကြီးတစ်ခုလုံးမှာ ပညတ်နဲ့ပရမတ်ပဲရှိတာ။ ပညတ်က မမြဲဘူး။ ပရမတ်က မြဲတယ်။ ပညတ်ဆိုတာ နေရာဒေသ၊ အလှုံးအရင်း၊ အရည်၊ အဖတ်၊ အတုံးအခဲသဏ္ဌာန်ကို လိုက်လို့ ခေါ်ကြတာ။ ဆရာကြီးလက်ထဲက ဘာလဲ''

''ဇစ်ပိုမီးခြစ်လေးပါ''

''ကဲ . . . အဲဒီမီးခြစ်ကို ဘာနဲ့လုပ်ထားလဲ''

''စတီးနဲ့ပါ''

''ဒါဖြင့် ကျွန်တော်ထုခြေလိုက်ပြီးလုံးထားရင် ဘာလို့ခေါ်မလဲ''

''စတီးလုံးပေါ့ဗျာ''

''အဲဒါကို မျှင်မျှင်ကလေးဖြစ်အောင် နန်းကြိုးလုပ်လိုက်ရင်ကော''

''စတီးနန်းကြိုးပေါ့''

''ကဲ . . . ဒါဖြင့် မီးခြစ်ဆိုတာ ရှိသေးလား''

"ဟင့်အင်း . . . အခေါ်ပြောင်းသွားပြီလေ"

"အဲဒါပဲ ဆရာကြီး။ မီးခြစ်ဆိုတာ ပညတ်ဗျ။ အမှန်က သူက မာတယ်၊ ပျော့တယ်ဆိုတဲ့ ပထဝီဓာတ်ပဲ။ အဲဒီပထဝီဓာတ်လို့ ခေါ်တာကမှ ပရမတ်အစစ်ဗျ"

"အင်း . . . သဘောပေါက်ပါပြီဗျာ"

"အဲဒီလိုပဲ လူ၊ နတ်၊ သတ္တဝါ၊ ယောက်ျား၊ မိန်းမဆိုတာ ပညတ်တွေပဲ။ တကယ်တမ်း ပရမတ်အစစ်က ခန္ဓာငါးပါးပဲ"

ဦးပိုကာပြောသောစကားများက လေးနက်လာသည်ကို သတိထားမိလိုက်သည်။ ဦးပိုကာတစ်ယောက် တရားဓမ္မကို မည်မျှနှုံးသွင်းထားမည်ကိုလည်း မှန်းဆလိုက်မိသည်။ ဦးပိုကာရေနွေးကြမ်းသောက်အပြီး ကျွန်တော်က . . .

"ဦးပိုကာ . . . အခုလို တရားနှုံးသွင်းအလုပ်တွေလုပ်ရင်း သရဲ၊ တစ္ဆေဆိုတာတွေရော တွေ့ကြုံရသေးလား။ ကြောက်ကောကြောက်လား"

ဟု မေးသောအခါ ဦးပိုကာက . . .

"အဲဒါတွေလည်း ပညတ်တွေပါဗျာ။ သူတို့ကို မြင်ရင်လည်း 'ဩော် . . . သူတို့လည်း ခန္ဓာငါးပါးအပြင် ဘာမှမရှိပါလား' . . . လို့ တွေးလိုက်တော့ ရှင်းသွားတာပဲ။ ကြောက်စရာမှ မဟုတ်ဘဲ"

ဦးပိုကာကတော့ သူ့တရားနှင့်သူမို့ ကြောက်ရွံခြင်းမရှိသော်လည်း သူကျင့်နေသည့်နေရာ၊ သူမြင်တွေ့နေရသော ပရလောကသားများအနီး ကျွန်ုပ်ထိုင်နေရင်းက တရားမသိသေးသော ကျွန်တော်ကား ကြက်သီးများ တဖွားဖွားထလျက်ရှိသည်။ နေဝင်တော့မည်ဖြစ်သော ကြောင့် ကျွန်တော်ပြန်ရန်ပြင်ပြီး နှုတ်ဆက်လိုက်သည်။

''ဦးပိုကာရေ . . . သွားဦးမယ်''

''ကောင်းပါပြီ ဆရာကြီး။ ဟိုရောက်ရင် ရွှတ်နေကျဓမ္မစကြာ တရားကို ဝတ်မပျက်ရွတ်ပါ။ ရာထူးတက်ရင်လည်း မမေ့နဲ့နော်''

ဟု အမှာစကားဖြင့် နှုတ်ဆက်လိုက်သည်။

ကျွန်တော်ပြန်လာရာ လမ်းတစ်လျှောက်လုံးတွင် သူ၏အမှာ စကား ထူးခြားမှုကို သတိထားမိလိုက်သည်။ ကျွန်တော် စက်ာပူနိုင်ငံ တွင် ရောက်ရှိအလုပ်လုပ်စဉ်ကာလကတည်းက တိုပါးယိုးမြို့နယ်ရှိ ဗုဒ္ဓ ဘာသာ မြန်မာဘုန်းတော်ကြီးကျောင်းတွင် အပတ်စဉ် စနေနေ့ညတိုင်း ဓမ္မစကြာကို ဝတ်မပျက် သွားရောက်ရွတ်ဆိုပူဇော်ခဲ့သည်။

ဤသည်ကို ဦးပိုကာတစ်ယောက် သိလေရော့သလား မပြော တတ်။ ရာထူးတက်ရင်ဆိုသော စကားကရော. . . ။

ကျွန်တော့်အလုပ်မှာ တက်စရာ ရာထူးမရှိ။ အဘယ်ကြောင့် ဆိုသော် ကျွန်တော့်အလုပ်က ပရိဘောဂနှင့် အလှဆင်လုပ်ငန်း။ သူဌေး က အားလုံးကိုအုပ်ချုပ်သည်။ စက်ာပူနိုင်ငံသား ကားမောင်းသူရှိသည်။ သယ်ပို့ရန် ထိုင်းတစ်ယောက်နှင့် ကျန်သူများက စက်ာပူနှင့်မလေးနိုင်ငံ သားများ။ သူတို့က ပုတ်ပြတ်လုပ်သော ဆရာသမားများဖြစ်ကြသည်။ ပရိဘောဂပစ္စည်းများကို တစ်ပေလျှင် ဒေါ်လာခြောက်ရာဖြင့် အပြတ် လုပ်သည်။ တပ်ဆင်သည်။ ထိုင်းနှင့် ကားသမားက သယ်ပို့ကူညီရုံမျှသာ ဖြစ်သည်။ ကျွန်တော်က ကုန်ကြမ်းပစ္စည်းများကို လက်ခံ၊ ဖုန်းဖြင့် အမှာတို့ကို လက်ခံရုံမျှ။ ထို့ကြောင့် ကျွန်တော့်အတွက် ဘာရာထူးမှ တက်ရန်မရှိ။

သို့သော် . . .

* * *

ကျွန်တော် စကားပူသို့ပြန်ရောက်ပြီ။

ချန်ဂီလေဆိပ်တွင် ကျွန်တော့်သူငယ်းနှင့် ကျွန်တော်၏ညီမ ဖြစ်သူ မသီတာတို့ လာကြိုနေကြသည်။ ကျွန်တော်တို့သုံးဦး လေဆိပ်တွင် ထမင်းအတူစားကြပြီး ကျွန်တော်က သူငယ်းထံခွင့်တောင်းကာ ညီမ မသီတာနေထိုင်သော လီတ်ဆိုဒ်ဘူတာရှေ့ရှိ ကွန်ဒိုမီနီယံအိမ်သို့ လိုက်ပါ၍ အနားယူလိုက်သည်။ ညီမဖြစ်သူက သူ၏လက်ရာစွမ်းတို့နှင့် အစွမ်းကုန်ကျွေးခံရသည်။ တူလေးဖြစ်သူ ဘရန်ဒီနှင့်ဆော့ကစားရင်း အပျင်းဖြေကာ ညဘက်တွင်မှ စက်ရုံရှိရာသို့ ပြန်ခဲ့သည်။

ထိုင်းကြီး စွန်ကုမ်းက တံခါးဖွင့်ပေးသည်။

''ဟေး . . . အထွန်း . . . ပြန်လာပြီလား''

''အေး . . . စွန်ကုမ်း။ မင်းရော နှစ်ကူးမှာပျော်ရဲ့လား''

''အေးပေါ့ . . . ။ ဂိုးလ်ဒင်းပိုင်းလ်မှာ သွားပြီးသောက်လိုက်၊ ပျော်လိုက်ပဲ''

ကျွန်တော်သည် ခင်စရာကောင်းသော ထိုင်းကြီးကို လက်ဆောင်များပေးရင်း ပျော်စရာညကို ကြည်နူးနေမိသည်။

* * *

လှပသောနံနက်ခင်း။

စက်ဘူ၏ လှပသောနံနက်ခင်းကိုခံစားရင်း စက်ရုံအတွင်းရှိ စက်များ၊ ပစ္စည်းများကို တစ်နေကုန်ရှင်းလင်းကာ အလုပ်သိမ်းအပြီး စနေနေ့ဖြစ်သဖြင့် တိုပါးယိုးဘုန်းကြီးကျောင်းသို့ ဓမ္မစကြာရွတ်ရန် ထွက်ခဲ့သည်။ ပြန်လာသောအခါ အဓိကြီးစျေးဌ ထမင်းစား၍ အိပ်ရာဝင်ခဲ့တော့သည်။

* * *

နောက်နေ့ နံနက်တွင်ကား . . .

မိုးလင်းသောအခါ အလုပ်ဖွင့်စဉ်၌ သူဌေးက ဆရာများတို့ အလုပ်အတွက် Plan များ၊ ဒီဇိုင်းပုံများ ပေးအပ်လိုက်သည်။ ထို့နောက် ကျွန်တော့်အလုပ်ခုံရှိရာသို့လာပြီး . . .

"မိုင်ဆန်း . . . နင် ဒီအချိန်ကစပြီး စက်ရုံတစ်ခုလုံးကို ကြီးကြပ်ရမယ်"

"ဗျာ . . ."

ကျွန်တော် လွန်စွာအံ့သြမိသည်။ စက်ရုံတစ်ခုလုံးကို ကြီးကြပ်ရမည်တဲ့။ ခေါ်လိုက်ပုံကလည်း မိုင်ဆန်းတဲ့။ ဒါက သူဌေးစိတ်လိုလက်မာ ခေါ်လိုက်သံ။ ထိုင်းကြီးစွန်ကုမ်းကတော့ 'အထွန်း' ဟုပင်ခေါ်သည်။

ယခုတော့ ကျွန်တော်ချစ်သော၊ ကျွန်တော့်ကိုချစ်ကြသော စက်ခဲ့တစ်ခုလုံးရှိဆရာများ၊ သူငယ်ချင်းများကို ကြီးကြပ်ရမည်ဟု သူ့ဘွဲ့က ပြောလာပြီ။ ဝမ်းသာဝမ်းနည်း ဖြစ်မိသည်။

"ဦးဆန်း . . . နင်လုပ်နိုင်ပါတယ်"

"ဖြစ်ပါ့မလား သူဌေး။ တော်ကြာ သူတို့ . . ."

"ဖြစ်တယ် . . . ။ ငါ လစာလည်း တိုးပေးမယ်။ နင်လုပ်"

ထိုအချိန်မှစ၍ စက်ရုံတွင် ကြီးကြပ်ရသော ကျွန်တော်သည် အလုပ်များကြားဝယ် ပျော်ရွှင်စွာဆက်လက်လုပ်ကိုင်ရင်း အပတ်စဉ်စနေနေ့ညနေတိုင်း ပြုနေကျ ဝမ္မစကြာရွတ်ဖတ်ပူဇော်ခြင်းတော်ကို မပြတ်ပြုကာ နှစ်ပေါင်းများစွာ လစာအဆင့်ဆင့် တိုးမြှင့်ပေးခြင်း ခံခဲ့ရသည်။

ဝမ္မစကြာတရားတော်ကို ဝတ်မပျက်ရွတ်ဖတ်ပူဇော်ခြင်းအကျိုးကျေးဇူးကြောင့် ယခုကဲ့သို့သော အဆင့်အတန်း၊ အခြေအနေများ ရောက်ရှိသည်မှာ မလွဲ။

သို့သော် ဤသို့ရွတ်ဖတ်သည်ကို သိခြင်း၊ ရာထူးရရှိ မည်ဟု ကြိုတင်နိမိတ်ဖတ်နိုင်ခဲ့သော ဗေဒင်ဆရာဦးပိုကာကြီးကား သူ၏ နက္ခတ်ဗေဒင်ပညာကြောင့်လော သို့မဟုတ် မြတ်ဗုဒ္ဓ၏ တရားအဆိအနှစ်များကို နာလည်ပွားများ ကျင့်ကြံရင်း နှတ်တို့ကပေးသော နာ၊ ယုက်စိတို့ များ ကြောသည်လားဟု ယခုထက်တိုင် ဝေခွဲမရနိုင်ဖြစ်မိပါတော့သည်။

❁ ❁ ❁

နှတ်လှည့်ဦး



မြင်းမိုရ်မိုက်ကြား

'ကျောက်ပွားပြန်လာနေပြီ' ဆိုသည့် သတင်းကြောင့် သားအမိ နှစ်ယောက်စလုံး ဆောက်တည်ရာမဲ့သွားသလို ခံစားလိုက်ရ၏။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး အတော်ကလေးကို ချောက်ချား သွားခဲ့ကြ၏။ ကြားရသည့်သတင်းကိုလည်း မယုံနိုင်။

ကျောက်ပွားက ဓားပြမှုနှင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်း ကျနေသူဖြစ်၏။ သူတို့သွားအမိစိတ်ထဲ ကျောက်ပွား ဘယ်တော့မှပြန်လာ နိုင်တော့မည်မဟုတ်ဟု စိတ်ချလက်ချနေခဲ့ကြ၏။ ဘဝက ကျောက်ပွားမရှိသည့် ကာလမှစ၍ အလွန်တရာငြိမ်းချမ်းခဲ့၏။ ဘဝ၏ အဆင်မပြေမှုများကို ငြိမ်းငြိမ်းအေးအေးနှင့် ဖြေရှင်းနိုင်ခဲ့ကြ၏။ ထမင်းနှစ်နပ်ကို ပူပင်မဲ့စွာနှင့် စားနိုင်ခဲ့ကြ၏။ ဘဝက ပကတိငြိမ်သက်အေးမြနေခဲ့၏။

ယခုတော့ ကျောက်ပွားပြန်လာတော့မည် ဆိုသောသတင်းကြောင့် ငြိမ်သက်အေးမြခြင်းတွေ ဂယက်ထခဲ့ရချေပြီ။ မုန်တိုင်းဆိုးကြီး ကျရောက်တော့မည့် အခြေအနေနှင့် လက်တစ်ကမ်းသာရှိတော့၏။

သူတို့သားအမိ တစ်ယောက်လက် တစ်ယောက်ဆွဲပြီး ကျောက်ပွားနှင့်ဝေးရာကို ထွက်ပြေးကြရတော့မည်လား။ နှစ်ယောက်စလုံး၏ရင်ထဲအေးချမ်းမှုဗိမာန်ကလေးက အပိုင်းပိုင်းအစစ။

ပြောရလျှင် ဝဋ်ကျွေးမကုန်ဘူးပဲ ပြောရလေမလား . . . ။

* * *

မိခင်ဖြစ်သူ ဒေါ်မြရင်ခမျာ သမီးလေးရွှေငြိမ်းအတွက် ရင်ထဲနင့်နေအောင် ခံစားရ၏။ ဘဝပေးကုသိုလ်နည်းလှသည့် သမီးလေး။

သမီးလေးရွှေငြိမ်းက သူတော်ကောင်းကလေး။ ဘုရားတရားလည်း ကြည်ညိုလှသလို မိဘအပေါ်မှာလည်း သူမတူအောင် ပြုစုစောင့်ရှောက်ခဲ့သူကလေးဖြစ်၏။ ရိုးရိုးအအနှင့် ဘဝကြမ်းကြမ်းကြီးကို ဖြတ်ခဲ့ရသော သမီးလေး။ စေတနာ၊ မေတ္တာကြီးမားလှပြီး သူတော်ကောင်းဇီဇရှိသော သမီးလေးရွှေငြိမ်းမှာ အတိတ်ကဝဋ်ကြွေးပါလာသည်ပဲ ပြောရမလား။

ကျောက်ပွား . . . ။ သွေးအေးအေးနှင့် ဘီလူးတစ်ကောင်လို

ဗီဇရှိသောလူ။ စေတနာလည်းကန်း၊ မေတ္တာလည်းကန်း . . . ။ အရှင်း ဆုံးပြောရလျှင် လူစိတ်ကန်းနေသော လူ့တိရစ္ဆာန်တစ်ယောက်။ ဘုရား မသိ၊ တရားမသိ လူ့ဒိဋ္ဌိကြီး . . . ။

ကျောက်ပွားအဘိဓမ္မာဏ ဓားတစ်ချောင်း၊ လွှဲသေနတ်တစ်လက်ပေါ်မှာပဲရှိ၏။ ကျောက်ပွား၏အပြုံးက အမြဲတမ်းသွေးဆာနေဆဲဟု အပြုံး။ လူတစ်ယောက်ကို ကြက်ကလေးငှက်ကလေးလို ခြေမွှေပျက် ဆီးရဲသည့် လူမိုက်ကြီး။ စာနာစိတ်၊ ညှာတာစိတ်၊ ကိုယ်ချင်းစာစိတ် စသော သူတော်ကောင်းတရားတွေ ခြောက်ကပ်ပိန်ရှဲနေသော လူယုတ်မာဘစ်ဦး။ ရုပ်ရေက အမွေးအမျှင်ကြမ်းကြမ်း၊ အရပ်အမောင်းတုတ်တုတ်ထွားထွား။

အစားအသောက်၊ အနေအထိုင်၊ အပြောအဆိုကအစ ဘီလူးစီးနေသော လူ့အန္တ မိစ္ဆာကြီး။ သမီးလေးလွှေ့ငိုးနှင့် လူ့မိစ္ဆာကျောက်ပွားတို့ ဘယ်လိုမှနီးစပ်နိုင်စရာအကြောင်းလည်းမရှိ။ ဆုံနိုင်စရာလည်းမရှိ။

ထိုသို့ မရှိသောအကြောင်းရင်းများကြား၊ ဖြစ်ရသော ကံကြမ္မာက ချပေးလာသည်ပဲ ပြောရမလား။ တွေးကြည့်လျှင် ဒေါ်မြနှစ်ရင်ထဲ ဆတ်ဆတ်ခါသွားမတတ် နာကျင်ခဲ့ရ၏။ အတိတ်ဆိုတာ အတိတ်မှာပဲထားခဲ့ချင်ပါသော်လည်း ကျောက်ပွားသတင်း ကြားလိုက်ရသည့်အချိန်မှစ၍ အတိတ်သည် မိစ္ဆာဝိညာဉ်များ ပူးယှက်လွန့်လူး ခုန်ကာ လာသလိုပင်။

* * *

ကျောက်ပွားနှင့်သမီးလေး တွေ့ကြုံပုံကလည်း ဆန်းကြယ်လွန်းလှ၏။ လွန်ခဲ့သောငါးနှစ်ခန့်က ရွာဘုရားဖူးထွက်တော့ သူတို့သားအမိ ပါလိုက်ခဲ့ကြ၏။ ငွေကြေးမတတ်နိုင်သော်လည်း ရွာသူငွေးဦးမြတ်စံတို့လင်မယားက ဒါနပြုသဖြင့် ကုသိုလ်ထူးစွာ လိုက်ခွင့်ရခဲ့ခြင်းဖြစ်၏။

ထိုသို့ခရီးထွက်ရသည်ကို သားအမိနှစ်ယောက် အပျော်ကြီးပျော်ခဲ့မိ၏။ ဘဝက ယာမြေတွေ၊ သဲတောတွေ၊ ဘဲကလေးတွေကြားနံနံချာချာနှင့် ရပ်တည်ခဲ့ရသည့်ဘဝ။ ဘုရားစုံဖူးဖို့ဆိုသည်မှာ စိတ်ကူးထဲတောင်မထည့်ဝံ့သည့် အခြေအနေ။

သားအမိနှစ်ယောက်စလုံးက ဦးမြတ်စံ၏ ပဲခွဲစက်ကြီးမှာ လုပ်ခဲ့သည်မို့ ယခုလို ထူးထူးခြားခြား လိုက်ပါခဲ့ရ၏။

တစ်လမ်းလုံး ပျော်စရာ၊ ကြည်နူးစရာတွေ အတိ။ တန်ခိုးကြီးဘုရားတွေ ဖူးရသည်မှာလည်း ဖူး၍မဝ။ သားအမိနှစ်ယောက် ရှိတာလေးများကို စုဆောင်း၍ လှူခဲ့တန်းခဲ့ကြ၏။

ထိုသို့ကြည့်နူးမှုခရီးသည် လမ်းတစ်ဝက်အရောက်မှာ ပျက်စီးခဲ့ရ၏။ အကြောင်းကား ညဦးပိုင်း အဝေးပြေးလမ်းမကြီးတစ်ခုပေါ်သို့ အရောက်တွင် ဓားပြအဖွဲ့နှင့်ကြုံခဲ့ရခြင်းဖြစ်၏။ မျက်နှာဖုံးစွပ်ထားသော ဓားပြငါးယောက်က လုပ်သေနတ်တွေ၊ ဓားတွေကိုင်ပြီး ကားရပ်ခိုင်းကာ အကြီးအကျယ်ခြိမ်းခြောက်လာ၏။

သူတို့အားလုံး မျက်စိစုံမှိတ်ပြီး ခေါင်းငုံထားရ၏။ သားအမိနှစ်ယောက် ဘုရားတ,တတနှင့် ဖြစ်နေရ၏။ လူတွေအားလုံးကို ကားပေါ်မှဆင်းခိုင်းပြီး ရှိသမျှလက်ဝတ်လက်စားများကို ချွတ်ခိုင်း၏။ သူတို့သားအမိ နှစ်ယောက်ကိုယ်ပေါ်မှာ ရွှေဆို၍ မူး၍ပင်ရှူစရာမရှိ။

ထိုစဉ် လူထွားကြီးတစ်ယောက် ရောက်ရှိလာကာ ဓားပြအဖွဲ့ကို

အတင်းဝင်ရောက်တိုက်ခိုက်၏။ ဘုရားဖူးတွေအားလုံး ဝရုန်းသုန်းကား အော်ကြဟစ်ကြ၊ ပြေးကြလွှားကြဖြစ်ကုန်၏။ သူတို့သားအမိနှစ်ယောက်လည်း တစ်ယောက်လက် တစ်ယောက်ဆွဲပြီးပြေးကြရာ ဘယ်ရောက်၍ ရောက်မှန်းမသိ။

လမ်းတစ်ဝက်အရောက်တွင် လူထွားကြီးမီလာ၏။ ကယ်တင်ရှင်ဖြစ်၍ အားကိုးမိခဲ့ကြ၏။ သူတို့ကို ကားလမ်းမြောက်ဘက်ရှိ အိမ်ကလေးတစ်လုံးဆီသို့ ခေါ်သွား၏။ သားအမိနှစ်ယောက် လောလော ဆယ်လုံခြုံစွာနေနိုင်မည့်နေရာကို မျှော်ကိုးခဲ့ကြသည်မို့ လူထွားကြီးခေါ်လာသည့်အိမ်တွင် နေခဲ့ကြ၏။ ထိုအချိန်မှစပြီး လူထွားကြီးက သမီးငယ်လေးကို မတော်မတရားကြီးကာ ပန်းကောင်းအညွန့်ကျိုးဘဝရောက်အောင် ဖျက်ဆီးပစ်ခဲ့လေ၏။ သားမိနှစ်ယောက်လုံး ရှင်ကြီးကျားထက်ဆိုးဘဝကို ရောက်ခဲ့ရ၏။

နောက်ဆုံးတော့ သမီးလေးခမျာ ဘုမသိဘမသိနှင့် လူယုတ်မာရှင်ကြီးလက်ထဲ ရောက်သွားခဲ့ရ၏။ ရှက်စရာလည်းကောင်း၊ ရင်နင့်စရာလည်းကောင်း၊ ကြောက်ရွံ့စရာလည်း ကောင်းလှသည်မို့ သားအမိနှစ်ယောက် ရေငုံနေခဲ့ရ၏။ ရွာပြန်ရောက်တော့ ရှင်ကြီးဆိုသော ကျောက်ပွားက တစ်ထီးတစ်နန်းလုပ်လာလေ၏။

ရွာသားတွေကို မိုက်ကြေးခွဲ . . . ။

သေရည်တွေ မူးမူးမက်မက်သောက် . . . ။

ဘယ်သူမျှလည်း လူမထင် . . . ။

အကြင်နာမဲ့၊ စေတနာမဲ့၊ မေတ္တာမဲ့လွန်းလှပြီး အပြောအဆို၊ အပြုအမူကအစ ကြမ်းတမ်းလွန်းလှ၏။ သူတို့သားအမိလည်း ကျောက်ပွားကို အမြဲကြောက်နေရ၏။ မူးလာလျှင် သမီးလေးကို ကန်ကျောက်ဆဲ

ဆိုတတ်၏။ ဘယ်သူမှ ထင်မပြောရဲ။ မိုက်ကန်းယုတ်မာလှသော ကျောက်ပွား။ ဘုရားမရှိ၊ တရားမရှိ . . . ။ ကျောင်းထိုင်ဆရာတော်ကြီးကိုပင် လေးစားသူမဟုတ်။ ခက်ထန်မှုက ကမ်းကုန်နေပြီ။

တစ်ရွာလုံးကလည်း ကျောက်ပွားအသံ ကြားလိုက်သည်နှင့် လက်ရှောင်သွားကြတာများ၏။ သူတို့သားအမိခမျာ သူဌေးဦးမြတ်စံ၏ ပဲခွဲစက်တွင်လုပ်ကာ ဘဝဝမ်းကျောင်းကို ကိုယ့်နည်းကိုယ့်ဟန်နှင့် ကျောင်းခဲ့ကြ၏။

သမီးလေးလွင်ငြိမ်းခမျာ အမြဲတမ်းမျက်ရည်တဝဲဝဲ။ စိတ်ချမ်းသာရသည်ကား မရှိ။ လူမိုက်၊ လူကြမ်းကို လင်လုပ်ရသည့်ဘဝက ပေါက်ကွဲလုလု ပုံးတစ်လုံးကို ပိုက်ထားရသည့်ပမာ။

ထိုသို့နေထိုင်ခဲ့ရာမှ တစ်ချိန်တွင် ကျောက်ပွားပျောက်သွားခဲ့၏။ သားအမိနှစ်ယောက် လိုက်လည်းမစုံစမ်း။ တစ်စက္ကန့်မမြင်ရလျှင် တစ်စက္ကန့်ငြိမ်းချမ်းလှသည်ဟု တွက်မိကြ၏။ သို့နှင့် နှစ်ပတ်စာင်းတင်းပြည့်သွားသည့်ကာလတွင် ကျောက်ပွားပေါ်လာသည်ဖြစ်ရာ ဓားပြမှုနှင့်အဖမ်းခံလိုက်ရပြီဆိုသောသတင်း ကြားခဲ့ရ၏။ ထိုဆတင်းကြားရစဉ်က သားအမိနှစ်ယောက် သိန်းထီပေါက်သည့်အလား ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ကြ၏။ လူမိုက်အဖမ်းမခံရပြီဖြစ်၍ သားအမိနှစ်ယောက် ပျော်လိုက်ရသည်ဖြစ် ခြင်း။

နောက်ထပ်ရလာသည့်သတင်းက ကျောက်ပွားဓားပြမှုနှင့် တစ်ကျွန်းကျွသွားပြီဆိုသော သတင်းပင်။ ဒုက္ခတွေ၊ သောကတွေ၊ ခြိမ်းခြောက်မှုတွေ၊ ကြောက်စရာတွေ ဖားလုံး ကျတ်လွတ်သွားခဲ့ပြီ၏ သားအမိနှစ်ယောက် မရိုးရိုး ရှိရှိ ငြိမ်းငြိမ်းချမ်းချမ်းနှင့် ဖြတ်သန်းခဲ့ကြ၏။

တစ်ကျွန်းကျွသွားပြီဟု ပြန်လာစရာ အကြောင်းမရှိဟုလည်း

ကျိန်းသေကံမ တွက်ခဲ့ကြ၏။ ထိုအတောအတွင်း သမီးလေးရဲ့ [illegible]လည်း ချစ်ရသူအောင်မောင်း ရှိနေပြီဖြစ်၏။ သူကိုယ်တိုင် အောင်မောင်း နှင့် သဘောတူခဲ့မိ၏။ အောင်မောင်းက သားတစ်ယောက်ပမာ အားကိုး နေရပြီလည်းဖြစ်၏။ ပြီးတော့ သူဌေးဦးမြတ်စံ၏ တူတော်သည်မို့ သမီး လေးဘဝ အထိုက်အလျောက်ငြိမ်းချမ်းသွားလိမ့်မည်ဟု ယူဆခဲ့၏။

ထိုသို့ ငြိမ်းငြိမ်းချမ်းချမ်းရှိနေရာမှ ကျောက်ပွားတော်သတင်းကို မြို့မှပြန်လာသည့် လူတစ်ယောက်ဆီမှ ကြားလိုက်ရသဖြင့် သားအမိနှစ် ယောက်လုံး တုန်လှုပ်သွားသလို အောင်မောင်းလည်း အတော့်ကို ကြေ ကြေကွဲကွဲ ခံစားနေရလေ၏။

* * *

"အစ်မရယ် . . . ကျွန်မဘာလုပ်ရမလဲအစ်မ။ သင်းကြီးပြန် လာရင် ကျွန်မကို ဒုက္ခပေးလိမ့်မယ်"

"ဟုတ်ပါ့ကွယ် . . . မဖြစ်ဘူး . . . ။ ငါ့သမီးကို သင်းလို လူယုတ်မာလက်ထဲ မအပ်နိုင်ဘူး

"အစ်မရယ် . . . ကျွန်မကြောက်လိုက်တာ။ ကိုအောင်မောင်း လည်း ကျွန်မအနားတောင် မကပ်ရဲဘူးဖြစ်နေပြီ။ ကျွန်မတို့ ထွက်ပြေး ကြရအောင် အစ်မရယ်"

''နေ . . . နေပါဦးကွယ်။ အစ်မစဉ်းစားပါဦးမယ်''

''အို . . . အစ်မကလည်း။ ဟိုက နေ့ချင်းညချင်းကို ရောက်လာတော့မှာ။ သမီးကြောက်တယ် အစ်မရယ်။ သမီးကို သူဒုက္ခရောက်အောင်လုပ်ဦးမှာ''

''သမီးလေးရယ် . . . ဒီလောက်လည်း မကြောက်ပါနဲ့ကွယ်။ အစ်မတစ်ယောက်လုံးရှိနေတာ သင်းဘာလုပ်ရဲမှာလဲ''

''အစ်မရယ် . . .''

အစ်မ (အမေ့) စကားတွေက ကြောက်စိတ်တွေ မွှစိကြနေသော သူ့ရင်ကို အနည်းအကျဉ်းပြေလျော့သွားစေသော်လည်း အစ်မကိုကြည့်လိုက်တော့လည်း ထီးရိုးပါးတစ်ချောင်းအသွင်ရှိသော အစ်မ၏ခန္ဓာ ပိန်မျောမျောနှင့် လူကောင်ခပ်ယဲ့ယဲ့။ ကျောက်ပွားကိုရင်ဆိုင်ဖို့ နေနေသာသာ လေခပ်ကြမ်းကြမ်းတိုးလျှင်တောင် အစ်မတစ်ကိုယ်လုံးလွင့်သွားနိုင်သည့် အခြေအနေ။

သို့သော် အစ်မ၏နှုတ်ထွက်စကားတို့က ရဲရဲတောက်နေသဖြင့် ရွှေငြိမ်းအစ်မကိုကြည့်၍ အံ့သြနေ၏။ သူက သွေးကြောင်နေသလောက် အစ်မက ဘာမှမမှုသည့်အသွင်။

သူတို့သားအမိ ကျောက်ပွားကြောင့် စိတ်တွေရှုပ်ထွေးနေစဉ် ရွှေငြိမ်းဆီ ကိုအောင်မောင်း မျက်နှာငယ်လေးနှင့်ရောက်လာ၏။ သူလည်း ကျောက်ပွားသတင်း ကြားလာသဖြင့် အတော်ကြီးတုန်လှုပ်နေပုံရ၏။

''ငါတို့ဘာလုပ်ကြမလဲ ရွှေငြိမ်းရယ်။ ကိုကျောက်ပွားက ဘာမှမြင်တာ မဟုတ်ဘူးနော်။ နင်နဲ့ငါ ချစ်သူတွေဖြစ်နေတာသိရင် မွှမွှကို ခြေပစ်မှာ။ စိတ်ရှုပ်လိုက်တာကွာ''

''ကိုအောင်မောင်းကလည်း . . .။ ကျွန်မတို့နှစ်ယောက်ကသာ

သွေးနည်းနေတာ။ အစ်မကတော့ အဲဒီလူယုတ်မာကို ပြောင်ရင်ဆိုင်ပစ်လိုက်မယ်တောင် ပြောနေတာ''

''ဟာ . . . နင်တို့အစ်မက ခြေသလုံးပုလွေရိုးနဲ့။ ဟိုက ဘီလူးတစ်ဝက်၊ လူတစ်ဝက်ဟာ။ ရယ်စရာတွေ မပြောစမ်းပါနဲ့ဟာ။ ဒုက္ခပါပဲ''

''ဒီမှာကိုအောင်မောင်း . . . ကျွန်မတို့မှာ စဉ်းစားချိန်မရှိတော့ဘူး။ ဟိုက နေ့လား၊ ညလား ပြောလို့တောင်မရတော့ဘူး။ ကျွန်မကို့ သင်းနဲ့ဝေးရာ ထွက်ပြေးကြမလား''

''ဟာ . . . ဒီလူက သူခိုးဓားပြလုပ်စားလာတဲ့သူဆိုတော့ ငါ့ကို့ဘယ်လိုမှ ပြေးလွတ်မှာမဟုတ်ဘူးဟာ။ ဒုက္ခပါပဲဟာ . . . ။ ငါ နင်နဲ့မခွဲနိုင်ဘူး။ ပြီးတော့ ကျောက်မွားက နင့်ရဲ့တရားဝင်ယောကျ်ားလေ။ ဘယ်ဘက်က စဉ်းစားစဉ်းစား ငါ . . . ''

''တော်ပြီ ကိုအောင်မောင်။ ဆက်စကားမပြောနဲ့တော့။ ကျွန်မ ဘဝနဲ့ ကျွန်မကံအကြောင်းပဲလို့သာ မှတ်လိုက်တော့မယ်။ ဥပဒေတွေ၊ ထုံးတမ်းတွေအောက်မှာ ကျွန်မတို့မိန်းမသားတွေ လူဆိုးလူမိုက်တွေရဲ့ မတရားလင်လုပ်တာကို ခံခဲ့ရတယ်။ ဒါကို ဖောက်ပြန်ရုန်းထွက်လိုက်ရင် အရပ်က ဖောက်ပြန်တယ်၊ မျောက်မထားတယ်ဆိုပြီး လက်ညှိုးထိုး၊ အပြစ်တင်ကြတယ်။ တကယ်တော့ ကျွန်မတို့ဘက်က ဘယ်သူမှ မစဉ်းစားကြဘူး''

''မဟုတ်ရပါဘူး ရွှေငြိမ်းရယ်။ ငါက သဘောပြောတာပါ''

''မပြောနဲ့ . . . ။ ကျွန်မကို ချစ်သူလုပ်ရမှာ လိပ်ပြာမသန့်ရင် ကိုယ့်လမ်းကိုယ်လျှောက်ကြရုံပဲရှိတယ်''

''ရွှေငြိမ်းရယ် . . . ငါဘာပြောရမှန်းတောင် မသိတော့ဘူး''

အောင်မောင်းလည်း စဉ်းစားရ အတော်ကျပ်သွား၏။ စကား တွေ့ရှည်ရှည်လျားလျားမပြောဖူးသော ရွှေငြိမ်းက သူ့ကို ချက်နှင့်လက်နှင့် ပြောလာ၏။ အမှန်တော့ သူ့ရင်ထဲမှာ 'ရွှေငြိမ်းဟာ ကျောက်ပွား ရဲ့မယား' ဆိုတဲ့အသိကြီးက ခံနေ၏။ သူ့လိုပဲ တစ်ရွာလုံးကလည်း ထို အသိကြီး ရှိနေ၏။ ချစ်စကားပြောစဉ်ကလည်း လိပ်ပြာမသန့်ခဲ့။ ကာမေသုမိစ္ဆာဆိုသော ကံကြီးကို ကြောက်ရွံ့နေမိ၏။ ဦးလေးမြတ်စံ ကိုယ်တိုင်ကလည်း ပြောဆိုခဲ့၏။ သို့သော် ရွှေငြိမ်းကိုသူချစ်ခဲ့ရသည်မှာ ကျောက်ပွားနှင့် မညားခင်ကတည်းကဖြစ်၏။

ယခုတော့ ရွှေငြိမ်းပြောသလို ဓလေ့ထုံးစံအောက်မှာ ရွှေငြိမ်း၏ဘဝတစ်ခုလုံး အပိုင်းပိုင်းအစစဖြစ်နေသည်ကို သူရော၊ တစ်ရွာလုံးရော လက်ပိုက်ကြည့်နေသင့်သလား။ သူ့မေးခွန်းကို သူကိုယ်တိုင် ပြန်ဖြေရမှာ ဝန်လေးနေ၏။ ကျောက်ပွားလက်ထဲထိုးအပ်ရင်း မျက်စိမှိတ်လိုက်ရမည်လား။ သူ ဘယ်လိုမှ စဉ်းစား၍မရ။ တစ်နည်းပြောရလျှင် ရွှေငြိမ်းပြောသလို သူ ရွှေငြိမ်းနှင့်ပတ်သက်ပြီး သွေးနည်းခဲ့ရ၏။

* * *

ဒေါ်မြရင်ခန္ဓာကိုယ်တစ်ခုလုံး ခွန်အားသတ္တိတွေ ဟုန်းဟုန်းထ နေသလိုပင်။ သမီးလေးအတွက် လူမိုက်ကြီးကို ရင်ဆိုင်တော့မည်ဟု ဆုံးဖြတ်ထား၏။ အသင့်အနေအထား ပြင်ထား၏။ ကျောက်ပွားနှင့်ပတ် သက်ပြီး သမီးလေးချစ်သူ အောင်မောင်းကိုယ်တိုင် နောက်တဆုတ်ဆုတ် ဖြစ်နေသည်ကို ကြားရတော့ စိတ်မကောင်းဖြစ်ခဲ့ရ၏။

တကယ်တမ်းကျတော့ မိန်းမသားတွေရဲ့ဘဝက ကောင်း ကောင်းဆိုးဆိုး အရပ်ပါးစပ်ဖျားမှာ လူလုပ်နေရသလိုပင်။

လူယုတ်မာ စော်ကားသည်ကိုလည်း ခံခဲ့ရ၏။

လူယုတ်မာ လင်လုပ်သည်ကိုလည်း ခံခဲ့ရ၏။

ပန်းကောင်းအညွှန့်ကျိုးဘဝ ရောက်တော့လည်း အရပ်ဝလေ့ ထုံးစံကြား ဘာတစ်ခုမျှ ရွေးချယ်ခွင့်မရှိသော သမီးလေး . . . ။

မျက်ရည်စတွေကြား သမီးလေးဘဝ အခါခါသေရတော့မည် လား။ သူ ဘယ်လိုမှ လက်မခံနိုင်။ သူ လူယုတ်မာကျောက်ပွားကို ရင် ဆိုင်ဖို့ အသင့်။ အရပ်ပါးစပ်တွေကို တုံ့ပြန်ဖို့အသင့်။ သမီးလေး နောက် ထပ်တစ်ခါ ဘဝသေရတော့မည်ကိုတော့ သူ လုံးလုံးလျားလျား လက်မခံ နိုင်။

တွေးကြည့်တော့လည်း သူတို့သားအမိဘဝက ကူသူကယ်သူ မဲ့သွားခဲ့ရသလိုပင်။ တကယ်တမ်း နင်လားငါလား ရင်ဆိုင်လာရတော့ အရပ်ကလည်း နှာစေးနေမည်သာ။ သမီးချစ်သူ အောင်မောင်းပင် အဝေးသွားခဲ့ချေပြီ။

ဘယ်သူမှ သမီးဘက်က ရဲရဲကြီးရပ်လာမည့်သူ မရှိ။

ကျောက်ပွားက သမီး၏ တရားဝင်ယောကျ်ားမှန်သော်လည်း ကောင်းကျိုးတစ်မှုန်တစ်မှားမျှ မပေးခဲ့သူ။ လူမဆန်သည့် လုပ်ရပ်ဆိုးတွေ

အောက် သမီးဘဝက သေလိုက်ကြေလိုက်။ ဓလေ့ထုံးစံကြီးအောက်မှာ သမီးဘဝ ဒုးထောက်အညံ့ခံလိုက်ရတော့မည်လား။

အတွေးတွေ ကျပ်သိပ်မွန်းဆို့နေ၏။ အားကိုးစရာဆို၍ ရတနာသုံးပါးသာရှိတော့၏။ ထို့ကြောင့်လည်း သမီးလေးအတွက် ရည်စူးပြီး ဘုရားရှင်ထံမှောက်တွင် ပရိတ်မန္တန်တွေရွတ်ခဲ့သလို ပူဇော်ဆုတောင်းမှုများလည်း ပြုခဲ့၏။ သမီးလေးကိုလည်း ဘုရားရှင်ရှေ့မှောက် ဒုးထောက်ကာ ပရိတ်တရားတော်တွေ ရွတ်ခိုင်း၏။

သူတို့သားအမိ၏ ဘဝက ကြိုးတန်းပေါ်လျှောက်နေရသလိုပင်။ လင်ယောကျ်ားသတင်းကြောင့် မအိပ်နိုင်၊ မစားနိုင်နှင့် အတုန်လှုပ်ကြီး တုန်လှုပ်နေသော သမီးလေးကိုကြည့်ပြီး ဒေါ်မြရင်တစ်ယောက် နှလုံးသည်းပွတ်တွေ ကြေမွသွားမတတ် ခံစားနေရ၏။

ရွာထဲမှာလည်း ကျောက်ပွားပြန်ရောက်နေပြီဆိုသည့်သတင်းက ဟိုးလေးတကြော်ကြော်။ အားလုံးလည်း အထိတ်ထိတ်အလန့်လန့်၊ အောင်မောင်းလည်း ရွှေငြိမ်းအနားကို မကပ်ရဲတော့။ ဘဝက ဒဏ်ရာများစွာနှင့် သေလုမျောပါးသွားနေရသည့် သားသမင်အလား။ သွားနေရသည့် ခရီးဆုံးကလည်း ကိုယ့်အသွေးအသားကို ဝါးမျိုမည့်၊ ရက်စက်မှု၊ ကြမ်းတမ်းခက်ထန်မှုအပေါင်းနှင့် ပြည့်နှက်နေသော ကျားရဲပါးစပ်သို့။ ရွှေငြိမ်းအသွင်က ဓာစ်စထစ်စ လျှောရဲသေးကျဲလာ၏။ အိမ်ဝကို ရင်တမမလှမ်းကြည့်နေရသည်မှာလည်း အမော။ အရပ်ကလည်း သူတို့သားအမိသတင်းကို နားစွင့်နေကြ၏။ ကျောက်ပွား၏ခြေသံတွေက သူတို့နှင့် ပို၍ပို၍ နီးလာသလိုလိုပင်။

⁂ ⁂ ⁂

ကျောက်ပွားရွာထဲရောက်နေပြီဆိုကတည်းက သမီးလေး ရွှေငြိမ်းခမျာ ခြေဖျားလက်ဖျားတွေ အေးခဲကုန်ခဲ့၏။ စကားလည်း မပြော နိုင်တော့။ မျက်ရည်စတွေကလည်း မျက်လုံးအိမ်မှာ ရစ်သီဝှေ့ဝဲနေခဲ့၏။

ဒေါ်မြရင်ကဲ့တော့ ဆုံးဖြတ်ချက်ကို ဒုံးဒုံးချပြီးသားမို့ လာမည့် ဘေးကို ရဲရဲကြီးပြေးတွေ့တော့မည်။ ထိုအချိန် ကျောက်ပွားတစ်ယောက် ရွာထိပ်ကအရက်ဆိုင်မှာ ထင်သလို ကြဲနေ၏။ အရက်ဖိုး တစ်ပြား တစ်ချပ်မှမပေး။ 'ဘယ်သူမှလည်း ဂရုမစိုက်။

ဘူသောက်နေတုန်း အနားမှာ ဘယ်သူမှလာမထိုင်ရဲ၊ ကျောက် ပွား၏အသွင်က ပို၍ပို၍ ကြမ်းခက်ရွတ်ထော်သွားသလိုပင်။ မျက်လုံး ကြီးတွေက နီတောက်တောက်။

မျက်နှာပေါ်မှာလည်း အမွေးအမျှင်တွေ ဖွာလန်ကြဲ . . . ။ အပေါ်ပိုင်းက စွပ်ပြတစ်ထည်သာဝတ်ထား၏။ အောက်ပိုင်းမှာ ဘောင်းဘီ ညိုဖွတ်ဖွကြီးဝတ်ထား၏။ အနက်ရောင်လွယ်အိတ်ကြီးတစ်လုံး စွဲလွယ်သိုင်း ထား၏။ ဘယ်သူမျှ စကားမပြော။ မှုန်တေတေ၊ မိုက်ကန်းကန်း. . . ။ လူကောင်က ပို၍ကြီးထွားလာသလိုပင်။ သောက်စားတော့လည်း မြို့ လဲရမ်း။ နည်းနည်းကလေးထွေလာတော့ ဗုလင်းတွေလွှင့်ပစ်၊ ခွက်တွေ လွှင့်ပစ်လုပ်လာ၏။ ဘယ်သူမှ ဝင်မပြောရဲ။

အရက်ဆိုင်က ထပြီး ရွာထဲဝင်လာတော့လည်း ရွာထဲကလူ တွေ တုတ်တုတ်မျှမလှုပ်ရဲ။ သူ့ရှေ့ ကန့်လန့်ဖြတ်အိပ်နေသော ခွေးဝဲ စားတစ်ကောင်ကို အမြီးကဆွဲပြီး စာမာပင်ကြီးနှင့် ရိုက်ပစ်လိုက်၏။ ခွေးကြီးခမျာ အော်တောင်မအော်နိုင်ရှာ။ ဆန့်ငင်ဆန့်ငင်နှင့် အသက် ထွက်သွားရှာ၏။

ကျောက်ပွား၏မျက်လုံးထဲ ဒေါသမီးတွေ တဟုန်းဟုန်းတောက်

နေသလိုပင်။ လေသံကြီးကလည်း မွှာလောင်လောင်၊ ညဲညဲအက်အက်။ ရွှေငြိမ်းတို့အိမ်ဝိုင်းရှေ့ရောက်တော့ ခါးကြီးထောက်ပြီး ကြည့်လိုက်တ၏။

"ရွှေငြိမ်း . . . ထွက်ခဲ့စမ်းဟေ့"

သူ့အသံကြီးကြောင့် အိပ်ခန်းထဲ ကြောက်ကြောက်နှင့်ပုန်းနေသော ရွှေငြိမ်းခမျာ သေမင်းတ၏အသံကြီးကို နားနှင့်ဆတ်ဆတ် ကြားလိုက်ရသည့်ပုံပင်။ ကြောက်လွန်းလှသဖြင့် ကြက်သီးမွေးညင်းတွေ ထသွားတ၏။

"အစ်မ . . . လုပ် . . . လုပ်ပါဦး . . . ။ ကျွန်မကို ခေါ်နေဖြီ"

"မကြောက်နဲ့ သမီး။ အမေ သင်းကို ရင်ဆိုင်မယ်"

"အစ်မရယ် . . . "

"ငြိမ်ငြိမ်နေစမ်းပါ သမီးရယ်။ အစ်မရှိပါတယ်"

အိမ်ဦးခန်းတွင် ဒေါ်မြရင်ထိုင်နေတ၏။ လူမိုက်ကြီးကျောက်မှားကို ရဲရဲကြီးရင်ဆိုင်ခဲ့တော့မည့်အသွင် . . . ။ ထိုစဉ် အိမ်ဝိုင်းထိပ်မှ တကြော်ကြော်အော်နေသော ကျောက်မှားတစ်ယောက် ဒေါသယမ်း အိုးကြီးပေါက်ကွဲသွားကာ အထဲကို တစ်လှမ်းချင်းဝင်လာတ၏။

"ရွှေငြိမ်း . . . နင်က ငါ့ကို အာခံတာလား။ ထွက်ခဲ့ဆိုတာ မကြားဘူးလား။ နင်မလာရင် ငါလာပြီ"

အိမ်နားသို့ရောက်သောအခါ သူ့ကို သွေးအေးအေးမျက်လုံးများနှင့် ကြည့်နေသော ဒေါ်မြရင်ကို တွေ့လိုက်တ၏။

"အဘွားကြီး . . . ခင်ဗျားသမီး ဘယ်မှာတုံး"

"မင်း ဘာလုပ်မလို့လဲ"

"ဘာ . . . ကျုပ်မိန်းမ ကျုပ်လာခေါ်တာပေါ့ဗျ"

"နင်လာခေါ်လည်း ငါမထည့်နိုင်ဘူး"

"ဘာ . . . ခင်ဗျားကြီး ဘာယဲလိုဖြောလိုက်တာလဲ"

"နင် အိမ်ပေါ်ကို တက်လာခဲ့။ နင်နဲ့ငါ ဖြောစရာရှိတယ်"

"အောင်မလေးဗျာ . . . ။ ဟား . . . ဟား . . . ဟား . . . ဟား . . . ဒီအဘွားကြီး တယ်ပြီးလေသံမာလှပါလား။ လာပါပြီဗျာ"

ကျောက်ပွားတော်ရယ်မော့သံက အသည်းထိတ်စရာ။ တစ်ရွာလုံးက ဒေါ်မြရင်အတွက် စိုးရိမ်နေကြတော်။ ထိုအချိန် ကျောက်ပွားတစ်ယောက် အိမ်ကြီးပေါ်တက်သွားတော်။

ဒေါ်မြရင်သည် ခေါင်းရင်းခန်းတွင် တည့်တည့်ငြိမ်ငြိမ်ထိုင်နေတော်။ သူ့ရှေ့တွင် စဉ့်တိတုံးကြီးတစ်တုံးနှင့် ဓားမကြီးတစ်ချောင်း ချထားတော်။ ဆံပင်ဖြူဖြူ၊ ခါးကိုင်းကိုင်း၊ အရေပြားတွဲလဲကျနေသော အဘွားကြီးကိုကြည့်ရင်း ကျောက်ပွားကြောင်စိစိဖြစ်သွားတော်။

"ကိုင်း . . . ပြောစမ်းဗျာ။ ခင်ဗျား ဘာပြောချင်သတုံး။ စကားတွေရှည်ရှည်ဝေးဝေးတော့ မပြောနဲ့။ ကျုပ်က ခင်ဗျားဆီလာတာ မဟုတ်ဘူး။ ကျုပ်မိန်းမကိုလာခေါ်တာ"

"မင်းစကားတွေဟာ အတော့်ကို လူမိုက်ဆန်လှပါလား"

"ဗျာ . . . လူမိုက်။ ဟာ . . . ကျုပ်က လူမိုက်ပဲလေ အဘွားကြီးရဲ့"

"ဟုတ်ပြီ . . . ။ မင်း တကယ်လူမိုက်လား ဘာလားဆိုတာ ငါစမ်းကြည့်ချင်တယ်။ ပြောရရင် မင်းနဲ့ငါ မိုက်ကြေးခွဲကြည့်ကြတာပေါ့။ ငါစမ်းကြည့်သလိုလုပ်နိုင်ရင် နင့်လက်ထဲ ငါ့သမီးကို ငါကိုယ်တိုင် အပ်လိုက်မယ်"

"ဗျာ . . . ခင်ဗျားစကားတွေက အဆန်းပါလားဗျ။ ကိုင်း . .

ပြောစမ်းဗျာ။ ကျုပ်ဘယ်လောက်မိုက်တယ်ဆိုတာ ခင်ဗျားသိသွားစေ ရမယ်။ ဘယ်သူ့ကိုသတ်ရမလဲ . . . ပြော။'' ခြေထောက်ယူချင်လား၊ ခေါင်းလိုချင်လား၊ လက်ဆိုချင်လား . . . ပြောစမ်းဗျာ။ ဘာလဲ . . .။ ဟော်ဒီဓားနဲ့ လိုက်ခုတ်ရမှာလား။ ဘယ်သူ့ကို ခုတ်ရမလဲ . . . ပြော။

''မလိုဘူး . . .။ ဘယ်သူမှ လိုက်ခုတ်စရာ မလိုဘူး''

''ဟ . . . ဒါဆို ဘာတုံးဗျ''

''မင်း ငါပြောတာ နားထောင်။ ဟောဒီစဉ့်တီတုံးပေါ်မှာ ဟောဒီ ငါ့လက်သန်းလေးတင်ပြီး ငါကိုယ်တိုင်ခုတ်ဖြတ်ပစ်မယ်။ ငါခုတ်ပြီးရင် နင့်လက်သန်းကို ငါ့လိုပဲ နင်ကိုယ်တိုင် ပြန်ခုတ်စမ်း''

''ဘာ . . .''

''ကိုင်း . . . ဟောဒီမှာကြည့်''

ဒေါ်မြရင်၏ တည်ငြိမ်စွာထွက်ပေါ်လာသောစကားကြောင့် လူ မိုက်ကြီးကျောက်ပွား မျက်လုံးပြူးသွား၏။ ဘေးအိမ်ဝိုင်းက လူတွေ ကလည်း သူတို့အခြေအနေကို နားစွင့်နေကြ၏။ ကျောက်ပွား ဘာပြော လို့ ပြောရမှန်းမသိ။ ထိုစဉ် . . .

''ငါလုပ်သလို မင်းလုပ်ရဲရင် ငါ့သမီးကို ခုချက်ချင်းထည့် လိုက်မယ်မှတ်။ ကိုင်း . . . ကြည့်ပေတော့''

''ဒုံး . . .''

''ဟာ . . . အဘွားကြီး . . .။ ခင် . . . ခင်ဗျား . . . ရှား . . . ရှားနေလား''

''နင်မြင်ပြီမဟုတ်လား''

''ဟာ . . . ဒီအဘွားကြီး . . . ဘာ . . . ဘာတွေလုပ်နေ တာလဲ''

တိခနဲပြတ်သွားသည့် ဘယ်ဘက်လက်သန်းကလေး။ သွေးတွေက ဖွာခနဲ လွင့်စဉ်ကုန်တဲ့။ အဘွားအိုတဲ့သွေးတွေက ကျောက်ပွားမျက်နှာကိုပင် လာစဉ်တဲ့။ ဒေါ်မြရင်ကတော့ တစ်ချက်ကလေးမဲ့မသွား။

"ကိုင်း . . . ဟောဒီမှာ ဓား။ နင့်အလှည့်ရောက်ပြီ"

"ဗျာ . . . ခင် . . . ခင်ဗျား"

"မင်း တောင်တောင်အီအီမပြောနဲ့။ မင်းက လူမိုက်ဆို။ ဒီတော့ ဘာတွေးနေတာလဲ။ ကိုယ့်ကိုယ်ကိုယ်ပြန်လုပ်ရမှာ ကြောက်နေပြီလား"

"ခင်ဗျားလုပ်တာ မ . . . မဟုတ်ဘူး"

"ဘာမဟုတ်ရမှာလဲ။ နင်နဲ့ငါ မိုက်ကြေးခွဲဖို့ သဘောတူခဲ့ပြီးပြီလေ။ နင် တကယ်တမ်း မိုက်ရဲတယ်ဆို လုပ်ရဲရမှာပေါ့ဟဲ့။ ရော့လေ . . . ဟောဒီမှာ ဓား"

"ခင်ဗျားဗျာ . . . "

"ဘာလဲ . . . နင့်ကိုယ်နင် မခုတ်ရဲဘူးလား။ ဒါဆို ငါခုတ်ပြရမလား။ ကိုင်း . . . နင့်လက်ချစမ်း"

"ဟာ . . . မ . . . မလုပ်နဲ့ဗျ"

"ဘာ . . . နင်က လူမိုက်ကြီးဆို။ လူမိုက်ဆိုတာ ကိုယ်လုပ်ချင်တာကလွဲပြီး ဘာမှမသိဘူးဟဲ့။ နာတာကျင်တာ တစ်စက်ကလေးမှမရှိဘူးဟဲ့။ ပေးစမ်း . . . လက် . . . "

"မ . . . မလုပ်ပါနဲ့ဗျာ"

"ဒါဆို နင်က လူမိုက်မှ မဟုတ်ဘဲ။ သူများတော့ သတ်ရဲဖြတ်ရဲ လုပ်ရဲတယ်။ ကိုယ့်ကျတော့ လက်သန်းလေးပြတ်မှာတောင် ကြောက်နေပြီလား။ ပြောစမ်း . . . "

''ကျွပ် . . . ကျွပ် . . . ခင်ဗျားလောက် . . . မ . . . မမှိုက်ဘူးဗျ''

''ဘာပြောတယ် . . . ဟင်း . . . ဟင်း . . . မှတ်ထား ကျောက်ပွား။ ငါ့သမီးကို ငါ့အသည်းနှလုံးရင်းပြီး ချစ်ခဲ့ရတာ။ ငါ့သမီး လေးအတွက်ဆို ငါ့အသက်တောင် စွန့်ရဲတယ်ဆိုတာ နင်ယုံပြီလား။ နင်က ငါ့ရှေ့ ကြွမ်းပြ၊ ရမ်းပြပြီး ပိုင်စိုးပိုင်နင်းနဲ့ ခြောက်လှန့်လာတာ ငါမကြောက်ဘူးမှတ်။ နင်ဟာ သွေးကြောင်တဲ့ကောင်။ ဖွတ်ကျားလူမှိုက်။ နင် အခုချက်ချင်း ဒီနေရာကထွက်သွား။ ဒီကိုပြန်လာဖို့ ဘယ်တော့မှ စိတ်မကူးနဲ့။ အေး . . . ငါ့သမီးကို လိုချင်တယ်ဆိုရင် နင့်လက်နင် ဖြတ်ရဲတဲ့နေ့ကျရင် လာခဲ့''

''ဗျာ . . . ''

''သွားဆို သွားနော် . . . မသွားရင် ငါ ဓားနဲ့ထုခုတ်မှာ''

''ခင်ဗျားကြီးဗျာ . . . ''

''သွားစမ်း . . . နင့်လို လူမှိုက်အစုတ်အပဲ့ကို ငါ မျက်နှာ မကြည့်ချင်ဘူး''

ဒေါ်မြရင်၏အသံက ဟိန်းထွက်လာ၏။ သွေးတပေါက်ပေါက် ကျနေသော လက်သန်းပြတ်ကာလေးကို ငုံ့တောင်မကြည့်။ ဓားမတို့ကြီးကို ညာဘက်လက်နှင့် ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ရင်း လူမိုက်ကြီး ကျောက်ပွားကို ကြွမ်းနေ၏။

ကျောက်ပွား တစ်ခွန်းတစ်ပါဒမျှ မတွဲပြန်နိုင်။ ပြောစရာ စကားလည်း မရှိ။ အဘွားအိုကို ငေးငေးငူငူကြည့်ရင်း မတုန်လှုပ်စဖူး တုန်လှုပ်သွားခဲ့၏။ သောက်ထားသည့် အရက်ရှိန်လည်း ကြက်ပျောက် ငှက်ပျောက်။

ထထွက်မသွားလျှင်လည်း အဘွားကြီးလက်ထဲက ဓားကြောင့် သူ့ဇက်ပြတ်မှာ အသေအချာ။ အဘွားကြီးအသွင်က တစ္ဆေသရဲပူးနေသည့်အလား။ နောက်ဆုံးတော့ လူမိုက်ကြီး၊ လူကြမ်းကြီး ကျောက်ပွားအိမ်ငါမှ ခေါင်းငိုက်စိုက်ဆင်းသွားရှာ၏။

ကျောက်ပွားဆင်းသွားပြီး မိနစ်အနည်းငယ်အကြာတွင် ရွှေငြိုးငိုကြီးချက်မနှင့် အိမ်ထဲက ပြေးထွက်လာ၏။ အိမ်ဘေးက လူတွေလည်း အထိတ်တလန့်တက်လာကြ၏။ ဒေါ်မြရင်ကတော့ သွေးအေးအေးပင်။

''အစ်မ . . . အစ်မရယ်''

''မငိုနဲ့သမီး . . . သင်း အစ်မတို့ဆီ ဘယ်တော့မှလာမှာ မဟုတ်တော့ဘူး။ သင်းက သွေးမပါတဲ့ လူမိုက်။ သူများကိုလုပ်ရဲရင် ကိုယ်လည်းခံရဲရမယ်ဆိုတာ သင်းသိသွားပြီ။ သင်းရဲ့ ဖွတ်ကျားလူမိုက် ဂုဏ်ပုဒ် အစ်မဖြုတ်ပစ်လိုက်ပြီ သမီးရေ . . . ။ အစ်မလက်သန်းတစ်ချောင်းနဲ့ သမီးဘဝကို အစ်မလဲပစ်လိုက်ပြီ''

''အစ် . . . အစ်မရယ် . . . သမီးစိတ်မကောင်းလိုက်တာ အစ်မရယ်''

''ဒေါ်မြရင်ရယ် . . . ခင်ဗျားလုပ်ပေါက်ကိုတော့ အံ့သြတယ်ဗျာ။ ဟုတ်ပါ့ . . . ဟိုကောင်က ပါးစပ်က လူမိုက်လုပ်တာ။ ခင်ဗျားက အသည်းက လူမိုက်လုပ်တာဗျ''

''ဒါပေါ့ အောင်ငွေရယ်။ မီဘဆိုတာ သားဆိပ်သမီးဆိပ်တက်လာရင် ဘာမှမမြင်တော့ဘူးဆိုတာ နင်တို့သိကြပြီလား''

ဘေးအိမ်ဝိုင်းမှာနေတိုင်းသည့် အောင်ငွေတို့လူသိုက်ပင် ဒေါ်မြရင်၏သတ္တိကို အကြီးအကျယ်ထိတ်လန့်သွားကြ၏။ သမီးလေးရွှေငြိမ်း

ခမျာလည်း ဖိခင်ကြီး၏ သွေးရဲရဲသံရဲရဲဖြစ်နေသော လက်သန်းငုတ်စေ့ကလေးကိုကြည့်ကာ မှုန်ဝိုင်မစာယ်နိုင် ခံစားနေရတော်။ ထိုအချိန် ဒေါ်မြရင်၏မျက်နှာပေါ်မှာတော့ အေးစက်မာကျောလှသည့် အပြုံးမြမြလေးများ ဖူးပွင့်လာချေပြီ။

ထိုအပြုံးမြမြ၏ အဓိပ္ပာယ်က . . . ။ ။

* * *

မြလင်းယုန်

ရောက်ရာဒေသ သစ္စာရှိပါပြီ

မိုးနှောင်းကောင်းကင်ဝယ် ကိမ်မစင်တတ်သေး။ ဆန်းစ လ. ကလေးသည် မှုန်ရေးရေးသာ သာနိုင်၏။

သာလှိုင်ချောင်းထဲသို့ ဆင်းလာသည်။ ပခုံးတွင် ကွန်ကို ထမ်းလျက် 'ကြောင်ငို' ပလိုင်းကို ကိုယ်မှာလွယ်သိုင်းထားသည်။ ပလိုင်းမှာ နှီးကိုကွက်ကြားခံ၍ ရက်ထားပေမယ့်၊ လည်တံကရှည်သည်။ အဝ,က ကျဉ်းသည်။ ပလိုင်းထဲမှ ငါးကိုမြင်နေသည့်တိုင် ဘယ်လိုမှယူမစားနိုင်သဖြင့် ကြောင်ထိုင်၍ငိုရသော ပလိုင်းမျိုးဖြစ်သည်။

ရေတက်ဦးမို့ ချောင်းရေပြင်တွင် လှိုင်းကြက်ခွပ်ကလေးတွေ လှုပ်ခတ်နေ၏။ ချောင်းဆိုသော်လည်း လောက်လောက်လားလား ချောင်းကြီးတော့မဟုတ်။ 'ကိန္နရီ' ချောင်းမှ ခွဲထွက်လာသော လက်တက်ကလေးဖြစ်သည်။ ဆယ့်နှစ်တောင်ဝါးနှစ်ပြန်လောက်သာ ကျယ်သည်။ ချောင်းငယ်သည် ရွာသို့မရောက်မီ ကွင်းတစ်ကွင်းကို သန်းခဲ့ရသည်။ ရွာကိုရောက်တော့ ရွာလမ်းနှင့် အပြိုင်ဖြစ်သွားသည်။

သို့သော် ရွာလမ်းတစ်ဝက်လောက်မှာဖင် ချောင်းကဆုံးသွားသည်။ ဘယ်ကမှ အဖျားခံသော ချောင်းမဟုတ်။ ထို့ကြောင့် 'ကုက္ကိုစု' တစ်ရွာလုံးက 'ချောင်းဦးတို' ဟုခေါ်ကြ၏။

သာလှိုင်သည် ဒူးသာသာရေအနက်တွင် တုန့်ခနဲရပ်သည်။ လေထဲတွင် ငါးနံ့ကို သူရှူရှိုက်ရ၏။ ဟုတ်ပြီ။ ရေတက်ဦးတွင် ငါးတွေ မြူးနေကြသည်မှာ သေချာ၏။

ကွန်ကို အသင့်ပြင်သည်။ မှန်မှားမှား လရောင်အောက်တွင် တဖျပ်ဖျပ်လှုပ်ခတ်နေသော ချောင်းရေပြင်ကို တစ်ချက်စိုက်ကြည့်သည်။ ထို့နောက် ကွန်ကိုရေပြင်သို့ ဖြန့်လွှား၍ပစ်ရန် အားယူလိုက်၏။

"ဗျော . . . "

သာလှိုင်တစ်ကိုယ်လုံး ဓာတ်လိုက်ခံရသလို တွန့်ခနဲဖြစ်သွားသည်။ ကွန်ပစ်သံဖြစ်သည်။ တစ်ယောက်ယောက်သည် သူ့ရှေ့က ချောင်းထဲသို့ရောက်နေတာ သေချာသည်။ သူတို့ ခုနစ်အိမ်စုထဲကဆို လျှင်တော့ စည်းကမ်းဖောက်တာပဲ ဖြစ်သည်။ သည်ချောင်းဦးတိုလေးကို သူတို့ခုနစ်အိမ်က အလှည့်ကျဆင်းရန် သဘောတူထားကြ၏။

တစ်ရွာလုံးမှာက ယယ်သမား၊ ကိုင်းသမားတွေချည်းဖြစ်သည်။ သူတို့ချောင်းဦးတိုကို လှည့်ရှုမျှမကြည့်အား။

သာလှိုင်တို့ခုနစ်အိမ်ကတော့ လယ်မဲ့၊ ယာမဲ့စွေ ဖြစ်သည်။ ရွာမှ အဆင်းရဲဆုံးတွေမို့ နေစရာမြေတစ်ကွက်မျှမရှိ။ ချောင်းဦးတို့ကမ်းနားဆင်းပြီး တဲထိုးနေကြသည်။ ချောင်းဦးတို့ထဲမှာ ငါးရှာကြသည်။

အစကတော့ သတ်သတ်မှတ်မှတ် မရှိခဲ့။ ချောင်းထဲဆင်းချင်သူဆင်း၊ ရှာချင်သူရှာ ငါးကလေးတစ်အိုးစာ၊ တစ်နပ်စာရလျှင် တော်လောက်ပြီ။ နောက်တော့ သည်ချောင်းကို အလှည့်ကျဆင်းရန် စိတ်ကူးရကြသည်။

စိတ်ကူးအတိုင်း အကောင်အထည်ဖော်လိုက်တော့ အကျိုးရှိသည်ကို တွေ့ကြရ၏။ တစ်ယောက်တည်းဆိုတော့ ငါးပို၍ ရသည်။ တဲနီးစပ်နားဝေမျှရုံမက ရွာထဲ ရောင်းချရလောက်အောင်ပင် ရသည်။ ထို့ကြောင့် အလှည့်ကျ ချောင်းဆင်းသည့်ဝေလ့ကို ကျင့်သုံးလာခဲ့သည်မှာ ကာလတောင်တာ အတန်ပင် ကြာခဲ့ချေပြီ။

ယခု ဘုဖော်သူ သစ္စာဖောက်လိုက်သလဲ . . . ။

သာလှိုင်သည် ကွန်ပစ်သံကြားရသည့် အောက်ဖက်ချောင်းကွေ့ဆီသို့ လှမ်းမျှော်ကြည့်၏။

အလင်းရောင်က မှုန်ရေးရေးသာရှိသော်လည်း လူရိပ်လူယောင်တော့ မြင်ရလောက်သည်။ သာလှိုင်မျက်စိကို ဖွင့်ဟပါ၏။ နားကိုစွင့်ထားပါ၏။ သို့သော် . . . လူဆိုး၍ ရိုးတိုးရိပ်တိပ်ကလေးမျှ မမြင်။

သည်သို့ဆိုလျှင် စောစောက ကြားလိုက်ရသည့် 'ဓျော'ဆိုသော ကွန်ပစ်သံကြီးသည် အခြားအသံတစ်ခုကို နားကြားလွဲခြင်းလေလား။ နားကြားလွဲတာတော့ မဖြစ်နိုင်။ သေသေချာချာကြီးကို ကြားလိုက်ရခြင်း ဖြစ်လေသည်။

နောက်ထပ် ကွန်ပစ်သံကြားရဦးမည်လား . . . ဟု သာလှိုင် နားကိုစွင့်ထားသည်။ သို့သော် . . . အတန်ကြာသည်အထိ ဘာသံမျှ ထွက်ပေါ်မလာ။

''တစ် . . . တစ် . . . တစ် တီ တူး . . . ''

ဟိုဘက်ကမ်းလယ်ကွင်းထဲမှ တစ်တီတူးငှက်တစ်ကောင် အလန့်တကြားအော်မြည်လိုက်၏။ ညဘက်လွတ်လာသော် နွား သို့မဟုတ် ကျွဲတစ်ကောင်ကောင် ချောင်းကိုဖြတ်ကူးပြီး ကမ်းတစ်ဖက်သို့ တက်သွားတာဖြစ်မည်။

မကြာခင်က ကြားလိုက်ရသော 'ဗျော' ဆိုသည့် အသံသည် ထိုသတ္တဝါရေထဲသို့ ခုန်ချသံဖြစ်လိမ့်မည်ဟု သာလှိုင် အတွေးပေါက်သည်။ ရှိစေတော့ . . . ။ ထိုကိစ္စကို မေ့ထားလိုက်တော့မည်။

သာလှိုင်သည် လက်ထဲက ကွန်ကို အနေအထားပြန်ငြင်ကာ ပစ်တော့မည်ဟုအားယူလျက် ဒူးကို အသာကွေးညွတ်လိုက်၏။

''ဗျော . . . ''

ကျွမ်းကျင်သော ကွန်သမားတစ်ယောက်၏ လက်မှလွတ်ထွက်လာသောကွန်သည် ဒေါင်းခြိုးသဏ္ဌာန်ပြန့်ကားကာ စက်ဝိုင်းတစ်ခုနယ် အကွင်းလိုက်ရေထဲသို့ လှလှပပ ကျသွားသည့်အသံဖြစ်၏။ သိပ်ဝေးဝေးလံလံကြီးက မဟုတ်။ အနီးအနားကပင် ဖြစ်သည်။ စိတ်စနောင့်စနင်းဖြစ်သွားသောကြောင့် လက်ထဲက ကွန်ကိုဂရုမပြုအား။ ကွန်သည် လွတ်ထွက်ကာ ကောင်းကောင်းမပြန့်ဘဲ ရေထဲသို့ 'ဗျုံး' ခနဲမြည်ကာ ကျသွား၏။

သာလှိုင် စိတ်ဆာသွားပြီ။

သူ့ကွန်ကို ခဲသီးမြေသို့ကျအောင်ပင် မစောင့်တော့ဘဲ ဇောင့်

ဆွဲဖော်လိုက်သည်။

''အဲဒီက ကွန်ပစ်နေတာ ဘယ်သူလဲဗျို့''

သာလိုင် လှမ်းအော်ရှိမေးသည်။ အသံမှာ ဒေါသလိုင်းခတ်နေ၏။

တစ်ဖက်မှ မည်သို့မျှ မတုံ့ပြန်။ ပကတိ တိတ်တိတ်ဆိတ်ဆိတ်။ ရေယက်သံလေးမျှ မကြားရ။

သာလိုင်သည် ကွန်ကိုညာလက်ဖြင့် အထွေးလိုက်ဆွဲကိုင်ကာ အသံကြားရာဘက်သို့ ခြေလှမ်းကျဲကျဲ လှမ်းလာခဲ့၏။ ချောင်းကွေ့ကြွက်နွယ်ချုံကြီးအနီးသို့ ရောက်သည့်တိုင် ကွန်ပစ်သူကိုမတွေ့။ သူ့အားတစ်ယောက်ယောက်က နောက်ပြောင်နေလေရော့သလားဟုတွေးကာ ကြွက်နွယ်ချုံတစ်ဖက်သို့ ကွေ့ပတ်ကြည့်သည်။ မည်သူ့ကိုမျှ မတွေ့ရ။ သူ့စိတ်ထဲ မကျေမချမ်းဖြစ်လာသည်။

''တောက် . . . ဘယ်ကောင်များပါလိမ့်ကွာ''

သာလိုင်သည် ချောင်းဦးတို အထက်အောက်နှစ်ဖက်စလုံး မျက်စိအမြင်တစ်ဆုံး လှမ်းမျှော်ကြည့်နေမိပြန်၏။

မှုန်ပြေပြေလရောင်အောက်က ချောင်းရိုးတစ်လျှောက် မြူငွေ့တို့သည် ပါးပါးကလေးဝေ့သီ၍ လာနေပြန်သည်။ ငါးညှိနှံ့သင်းသောညှင်လေသည် အေးစက်လာ၏။

သည်အချိန်တွင် 'ဗျော်'သံကို ဟိုး . . . ခပ်ဝေးဝေး၊ ချောင်းအထက်ဖက်ဆီက ကြားလိုက်ရပြန်သည်။ သာလိုင် စိတ်တွေ နောက်ကျိသွား၏။ တစ်စုံတစ်ယောက်သည် သူ့ကိုသေသေချာချာ နောင့်ယှက်နေပြီဖြစ်သည်။

ထိုလူသည် အချင်းချင်းနားလည်မှုဖြင့် နှစ်ပေါင်းရှည်ကြာ

စောင့်ထိန်းလာခဲ့သည့် ရပ်ရွာစည်းကမ်းကို ချိုးဖောက်သူဖြစ်သည်။ လက်ပူးလဲက်ကြေပ်မိလျှင်တော့ မိမိတို့ခုနစ်အိမ်စုမှာ အကြီးအကဲသဖွယ်ဖြစ်သည့် ဘကြီးမောင်ညိုကို ပြောပြတိုင်တမ်းရမည်။

သို့သော်ရှိစေဦး . . . ။ သူ့ကိုလိုက်ဖမ်းနေလျှင် တစ်ညသာကုန်ချင်ကုန်မည်။ ပုန်းလျှိုးကွယ်လျှိုးလုပ်သူအား မိဖို့ဆိုတာက သိပ်မလွယ်။ ယခု သာလှိုင် ချောင်းဆင်းလာခဲ့သည်မှာ ကွမ်းတစ်ယာညက်မကတော့။ ထမင်းအိုးတစ်လုံးချက်လောက်ပင် ကြာသွားခဲ့ပြီလား မသိ။ ကွန်တစ်ချက်မျှ မပစ်ရသေး။ ဟို သတ္တဝါကို မေ့ထားလိုက်ဦးတော့မည်။ ကိုယ့်အလုပ်ကိုယ်လုပ်မှ . . . ။

သာလှိုင်သည် ကွန်ကို စနစ်တကျပြုပြင်ပြီး ချောင်းရေပြင်ဆီသို့ ပစ်လွှတ်လိုက်၏။ ကွန်ဖွေးဖွေးသည် လှပစွာ ဖြန့်ကားဝိုင်းစက်လျက် ရေပြင်သို့ကျကာ ခဲသီး၏ဆွဲအားကြောင့် ရေအောက်သို့နစ်မြုပ်သွားလေသည်။ သူသည် လက်ရင်းကြိုးကို ခပ်ဆဆဆုပ်ကိုင်ကာ ခဲသီးနှင့်ရေအောက်ကြမ်းပြင် ထိတွေ့ချိန်ကို စောင့်ဆိုင်းနေလိုက်သည်။

ကွန်တစ်ပြန့်လုံး ရေအောက်ကြမ်းပြင်သို့ ကျရောက်ဖုံးအုပ်သွားပြီဖြစ်ကြောင်း လက်အထိအတွေ့အရ သာလှိုင်သိလိုက်ရပြီ။ သူသည် လက်ရင်းကြိုးကို ဖြည်းဖြည်းချင်း ဆွဲဖော်၏။ ကွန်တစ်ဝက်ကျော်ကျော် ပေါ်လာသောအခါ လက်တစ်ဖက်ဖြင့် ကွန်အနားများကို စုသိမ်းယူလိုက်သည်။ ကွန်ကို သောင်ခုံပေါ်သို့ယူလာပြီး ခါချသည်။ သာလှိုင် စိတ်ပျက်သွားရလေသည်။

ကြည့်ပါဦး . . . ။ ငါးကင်ကြင်း၊ ငါးဆိအိုးနှင့် ငါးမှတ်ထင်လေး သုံးလေးကောင်စီသာ သောင်ပြင်ပေါ်တွင် တဖျပ်ဖျပ် ခုန်နေ၏။ တစ်နပ်စာမျှသာ ရှိသည်။ ဘယ်လိုများဖြစ်ပါလိမ့်။ သည်ချောင်း

အလျင်က သည်လိုမဟုတ်။ အလွန်ငါးပေါသည့်ချောင်း။

ယခုလို ရေတက်ဦးဆိုလျှင် ချောင်းမကြီးထဲက ငါးတွေ လိုမ့်ဝင်လာတတ်ကြစမြဲ။ ကွန်တစ်ချက်တစ်ချက်ဆိုလျှင်လည်း ငွေတုံးငွေခဲတွေလို တစ်ထွေးကြီးမိတတ်စမြဲ။ သောင်ပြင်ပေါ်သို့ ခါချလိုက်ပြီဆိုလျှင်ကား ဖျောက်ဖျောက်ခုန်နေသော ငါးအကောင်တစ်ရာ ကိုးဆယ်မက . . . ။

သာလျှိင်သည် စိတ်မောလူမောဖြင့် ရလာသည့်ငါးကလေး ဆယ်ကောင်ကိုးကောင်ကို ပလိုင်းထဲသို့ ကောက်ထည့်နေမိ၏။ စိတ်ထဲမှာတော့ မကျေမနပ်ဖြစ်နေသည်။ ဘာပဲဖြစ်ဖြစ်၊ သူ့ရှေ့မှ ကြို၍ ကြို၍ ကွန်ပစ်သွားသူကြောင့်သာ ဖြစ်မည်။

ထိုသစ္စာဖောက်သည် ငါးတွေအများကြီး ဖမ်းမိသွားလိမ့်မည်။ ကျန်သည့် ငါးတွေကလည်း သူ့ကွန်ပစ်သံကြောင့် ချုံတွေကြား တိုးဝင်ပြေးကြလိမ့်မည်။ နွံးတွေအောက် ဝင်ပုန်းကြလိမ့်မည်။

သာလျှိင်သည် ဒုတိယမြို့ 'တောက်' တစ်ချက် ခေါက်လိုက်မိသည်။

လေပြင်းတစ်ချက်ဝေ့သွားသည်။ ငါးညှိနှံသည် ပို၍ပြင်းရလာ၏။ ရေပြင်ကို ကြည့်လိုက်တော့ လှိုင်းရစ်ကလေးများပို၍ စိပ်နေသည်ကို တွေ့ရသည်။ သူအားတက်သွား၏။ ကျိန်းသေ ငါးအုပ်ပဲ . . . ဟု သူတွေးသည်။ ကွန်ကို အသင့်ပြင်ထားလိုက်သည်။

တရိပ်ရိပ်တက်လာသောငါးအုပ် သူ့ရှေ့သို့အရောက်တွင် ကွန်ကို လွှားခနဲဖြန့်၍ ပစ်အုပ်လိုက်လေသည်။ သည်တစ်ခါ တစ်နှင့်တစ်ပိုးရတော့မည်ဟု စိတ်ဒုန်းဒုန်းခုန်ထား၏။

သို့သော် . . . သူမျှော်လင့်သလို ဖြစ်မလာခဲ့။ ငါးကလေး

ဆယ်ကိုးကောင်သာ 'ဖလပ် . . . ဖလပ်' နှင့် ကွန်ကြားထဲက ထွက်ကျလာသည်။ သာလှိုင်သည် ဒေါသကို ချုပ်တီးခ်ျမရတော့။ 'တယ်. . . မအေ' ဟု အသံထွက်၍ ဆဲလိုက်မိ၏။

သူ့ဆဲသံအဆုံးတွင် ချောင်းအထက်ဖက်ဆီမှ 'ဗျော်'သံကို ကြားရပြန်လေသည်။

''ဟေ့ . . . ဘယ်မအေ . . . လဲကွ၊ ကွန်ပစ်တာ . . . ''

သူက အဆဲဖြင့်လှမ်းအော်၍ မေးသည်။ တစ်ဖက်လူက ဘာမျှ ပြန်မဖြေ။ လှမ်းကြည့်တော့လည်း ရိုးတိုးရိပ်တိတ်ကလေးမျှ မမြင်ရ။

သာလှိုင်သည် ကွန်ကို အထွေးလိုက်ကောက်ထမ်းပြီး ချောင်းအထက်ဖက်သို့ ရေသံတမွမ်းမွမ်းဖြင့် လျှောက်လာခဲ့၏။ စောစောက ကွန်ပစ်သံထွက်ပေါ်လာသည့် နေရာတစ်ဝိုက် လှည့်ပတ်၍ကြည့်သည်။ ဘာဆိုဘာမျှ မသက်ာဖွယ် မတွေ့ရ။

ချောင်းထဲမှာ လရောင်သည် ပို၍မိုန်ဖျော့လာသည်။ မြူငွေ့တွေက ပို၍အုံ့ဝေလာသည်။ လေသည် ပို၍ အေးစက်လာနေ၏။ သာလှိုင့် တစ်ကိုယ်လုံး 'ဖျန်း'ခနဲ ကြက်သီးတွေထ,ကာ ချမ်းစိမ့်လာသည်။ အလုပ်မဖြစ်သည့်အတူတူ တဲပြန်အိပ်တာပဲကောင်းမည်ဟု တွေးသည်။

သုတ်ခနဲ ဖြူးလာသော လေထဲတွင် ငါးညှိနံ့ပြင်းပြင်းကို ရှူလိုက်ရသောအခါ သာလှိုင့်စိတ် တစ်မျိုးပြောင်းသွားပြန်သည်။ တစ်ချက် နှစ်ချက်တော့ နောက်ဆုံးအနေဖြင့် ပစ်ကြည့်ဦးမှ . . . ။

သာလှိုင်သည် ကွန်ကို အသင့်ပြင်ကာ တစ်ချက်ပစ်ထည့်လိုက်၏။

''ဗျော . . . ''

''ဗျော . . . ''

သူ့ကွန် ရေသို့အကျနှင့် မရွေးမနှောင်းမှာပင် အောက်ဖက်ဆီမှ ကွန်ရေသို့ကျသံကို ကြားရသည်။ ရင်ထဲတွင် ချောင့်ရူးသလို ခံစားလိုက်ရ၏။

''ဒီလူ ဒီလောက်နှောင့်ယှက်နေမှတော့ ဒီတစ်ချက်လည်း ငါးပါမှာ မဟုတ်ဘူး''

ဟု စိတ်ထဲကညည်းထွားလျက် ကွန်ကိုဆွဲဖော်သည်။ ထင်သည့်အတိုင်းပင်။ လက်နှစ်လုံးလောက် ငါးကလေးဆယ်ကိုးကောင် မျှသာ။

သာလှိုင်သည် စိတ်ပေါက်ပေါက်ဖြင့် . . .

''ဟေ့ . . . မအေ . . . ကောင်၊ နှမ . . . ကောင်၊ မင်း ဘယ်သူလဲဆိုတာသိရင် ရွာကနှင်ပစ်မယ်ကွ။ ကြပ်ကြပ်သတိထား''

ဟု လှမ်းအော်ဆဲ ကြိမ်းမောင်းရင်း သောင်ခုံပေါ်မှကျောက်ခဲများကို ကောက်ယူကာ သုံးလေးလုံးလွှမ်းပစ်လိုက်၏။

တစ်ဖက်မှ တုံ့ပြန်ချက်မှာ 'ဗျော' ဟူသော ရေထဲသို့ ကွန်ကျသံသာတည်း။

''တောက်''

သာလှိုင်သည် တောက်တစ်ချက်ကို ကျယ်လောင်စွာခေါက်လျက် ကွန်ကို ပခုံးပေါ်သို့ ပစ်တင်လိုက်သည်။

''တော်ပြီ . . . မပစ်တော့ဘူး။ တဲပြန်အိပ်တာပဲ အေးတယ်။ အဲ . . . အိပ်လို့ မဖြစ်သေးပါဘူး။ ဒီအကြောင်းကို ဘကြီးမောင်ညိုသိအောင် သွားပြောထားဦးမှ''

သူသည် တစ်ဦးတည်းစကားတွေ တတွတ်တွတ်ပြောကာ

ကမ်းပေါ်သို့ တက်လာခဲ့လေ၏။

သူသည် သူ့တဲသို့တန်းမသွားသေးဘဲ ဘကြီးမောင်ညိုတဲသို့ အလျင်လာခဲ့သည်။ ဘကြီးမောင်ညိုကား မအိပ်သေးပေ။ ရေနံဆီမီးခွက်ကလေးထွန်းကာ ရေနွေးကြမ်းထိုင်သောက်နေသည်။

''သာလှိုင်လားဟေ့ . . . ။ ပြန်တက်ခဲ့ပလား။ ချမ်းလာ့ရောပေါ့။ လာ . . . ရေနွေးပူပူသောက်သွားဦး''

သာလှိုင်သည် ကွန်ကိုတဲရှေ့က ငါးလှမ်းစင်ပေါ်တွင် တင်ထားခဲ့ပြီး ဝါးကြမ်းပေါ် တင်ပါးလွှဲ ဝင်ထိုင်သည်။

''ရခဲ့ရဲ့လားကွယ့်''

သာလှိုင်သည် ရေနွေးကြမ်းပူပူတစ်ခွက် ငဲ့သောက်နေသဖြင့် နှုတ်မှ မဖြေအား။ ပခုံးတွင်လွယ်ထားသော ပလိုင်းကိုသာ ကိုယ်ရှေ့ဆွဲယူပြီး တဲကြမ်းပြင်ပေါ် ချပြလိုက်၏။

ဘကြီးမောင်ညို တအံ့တသြဖြစ်လျက် ပါးစပ်ဟောင်းလောင်းဟ,သွားသည်။

''ဟေ . . . ဒါပဲလား။ နည်းလှချည်လား . . . သာလှိုင်''

ခါတိုင်းဆိုလျှင် ပလိုင်းတစ်လုံး ပြည့်ရုံမျှမက တဲသို့တစ်ခေါက်သို့မဟုတ် နှစ်ခေါက်လာပြီး ငါးပြန်ထားရသည်။ ပိဿတစ်ဆယ်မျှီး၊ နှစ်ဆယ်မျှီးရတတ်၏။ ယခုကား သာလှိုင့်ပလိုင်းထဲမှာ တစ်ပိဿာပင် ပြည့်မည်မထင်။

''မင်း . . . ဘယ်နှစ်ခေါက်တက်ပလဲ''

''ဒီတစ်ခေါက်ထဲပဲ အဘ''

''ဟင် . . . ဒါဆို အရှနည်းလှချည်လား''

''ဟုတ်တယ် . . . အဘ၊ အဲဒီအကြောင်း ပြောပြချင်လို့''

သာလိုင်ဂ သူယနေ့ည ကြုံတွေ့ခဲ့ရသည့်အဖြစ်ကို ပြော ပြလိုက်၏။

သူ့စကားအဆုံးတွင် ဘကြီးမောင်ညိုသည် တစ်စုံတစ်ခု စဉ်းစားသလို အတန်ကြာတွေးနေသည်။ ပြီးတော့မှ 'ဟင်း'ခနဲ သက်ပြင်း တစ်ချက်ချသည်။

"အင်း . . . စဉ်းစားစရာတွေကတော့ အများကြီးပဲကွယ်။ တို့ခုနစ်အိမ်စုသားတွေ ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင်နေကြတာကို မကျစိမ့်တဲ့ လူတစ်ယောက်၊ ဒါမှမဟုတ် လူတစ်စုက ကြဲစည်တာလည်း ဖြစ်နိုင်တယ်။ ကိုယ့်အစုထဲက သစ္စာဖောက်တာလည်း ဖြစ်နိုင်တယ်။

ပြီးတော့ . . . အခြားအကြောင်းတွေလည်း စဉ်းစားရသေးတာပေါ့ကွာ။ အဘစုံစမ်းပုံမယ်။ မင်းအနေနဲ့ ဟိုလူ့စွပ်စွဲ၊ ဒီလူ့စွပ်စွဲ မလုပ်မိစေနဲ့နော်။ အဲဒါ မကောင်းဘူးကွယ်။ အဖြေမှန်ပေါ်အောင် အဘ ဖော်ထုတ်ပေးပါ့မယ်။ ပြီးတော့ ဒီကိစ္စကို ဘယ်သူ့မှ အသိမပေးနဲ့ဦး"

* * *

၂

နောက်တစ်နေ့မှာ သာလှိုင်ခြေရင်းတဲမှ စံပုချောင်းဆင်းအလှည့်ဖြစ်သည်။ စံပုဆင်းသွားပြီး မကြာမီ ဘကြီးမောင်ညို သာလှိုင့်တဲသို့ ရောက်လာ၏။

''စံပု ဆင်းသွားပလား''

''ဟုတ်ကဲ့ . . . ဘကြီး''

''ညက မင်းဖြစ်ခဲ့တာကို သူ့ကိုပြောမိသေးသလား''

''မပြောပါဘူး ဘကြီး''

''အေး . . . အေး၊ ဒါဆိုလည်း ပြီးရော''

ဘကြီး မောင်ညိုသည် တစ်တဲပြီးတစ်တဲဝင်၍ နှုတ်ဆက်နေသည်။

''ထွန်းမောင်တို့ စားပြီးကြပလားဟေ့''

''ဟဲ့ . . . မောင်တုတ်၊ ဘာတွေနဲ့စားတုံးဟ''

"အံမယ် . . . ဒီလိုတော့ မြအေးက လိမ္မာသားပဲ။ ကလေးတွေဘာတွေ ထိန်းပေးဖော်ရသား"

ဘကြီးမောင်ညီသည် နေအိမ်မှာ ယောကျ်ားသားထွေ အစုံအစေ့ရှိမရှိ လိုက်လံစုံစမ်းနာနေပုံရ၏။

"ဟဲ့ . . . ဒီထဲမှာ ကျော်ထူးတစ်ယောက် မမြင်ပါလား။ ဟဲ့ . . . လုံးတင် နှင့်ယောကျ်ားဘယ်သွားတုံး"

"ရှိတယ် ဘကြီးရေ၊ ဖျားလို့ ရွာတောင်ပိုင်းက ဆရာကြီးဦးဖိုးဖြူဆီက ဆေးတစ်ခွက်တောင်းသောက်ပြီး စောင်ခြုံနဲ့ကွေးနေလေရဲ့"

"အေး . . . အေး . . . ရာသီဥတုအပြောင်းအကူးမှာ အဖျားအနာ သတိထားကြကွယ်။ မတော် ကိုယ့်အလှည့်ကျချောင်း မဆင်းနိုင်ဘဲနေဦးမယ်"

ဘကြီးမောင်ညီ၏အသံသည် အမှောင်ထဲသို့ တိုးဝင်ပျောက်ကွယ်သွားလေသည်။

ထိုညက သာလှိုင်သည် ချမ်းချမ်းစီးစီးနှင့် စောစောအိပ်ချင်သည့်တိုင်မအိပ်ဘဲ စံပုပြန်အလာကို စောင့်နေ၏။ စံပု၏ အခြေအနေကို သိချင်သည်။

စံပုကား တော့်တော်နှင့်ပြန်တက်မလာ။ ရွာထဲက သန်းခေါင်ကြက်တွန်သံကြားရပြီးတော့မှပင် စံပုပြန်ရောက်လာသည်။

ဦးစွာ သူ့မိန်းမ၏ ထိတ်လန့်တကြားရေရွတ်သံကို ကျယ်ကျယ်လောင်လောင် ကြားရ၏။

"အမယ်လေးတော် . . . ရှင်တစ်ညလုံး ကွန်သွားပစ်တာ ဒါလေးပဲရတယ်ပေါ့လေ . . . ဟုတ်လား"

"အေးကွာ . . . ဘယ်လိုများ ဖြစ်တယ်ကို မသိပါဘူး။ ငါ့ရှေ့က တစ်ယောက်ယောက် တဖျောဖျောနဲ့ ကွန်ပစ်သွားသံကြားရပြီး ငါ့ကွန်ချက်မှာ ငါးမမိတော့ဘူးကွာ"

"ဟုတ်မှဟုတ်ရဲ့လားတော် . . . ။ တော် ငါးတွေကို ရွာဖျားက မိသိန်းဆီမှာ သွားရောင်းပစ်ခဲ့တယ် မဟုတ်လား"

"ဟာ . . . ဒီမိန်းမကွာ . . . ပေါက်ပေါက်ရှာရှာ . . . ။ မောရထဲ့အထဲမှာ"

သာလှိုင်သည်တဲထဲမှ ထွက်လာခဲ့၏။ သည်အခြေအနေမှာ သူဝင်မှ ဖြစ်တော့မည်။ နို့မဟုတ်လျှင် လင်မယားရန်စစ်ပွဲသည် ကြီးထွားလာနိုင်သည်။ **အိမ်ရှေ့ပူ** အိမ်နောက်မချမ်းသာဖြစ်မည်။

"ဟေ့ . . . **ဟေ့** . . . မနုရေ၊ စံပုကို တလွဲမထင်ပါနဲ့ကွာ။ ငါကိုယ်တိုင် **မနွေညက သူ့လိုပဲကြုံခဲ့ရတယ်ဟ**။ ငါပစ်မယ်လုပ်လိုက်တိုင်း ငါ့ရှေ့က '**ဖျောခနဲ့ . . . ဖျောခနဲ့**' ပစ်ပစ်သွားလိုက်တာ ငါဘယ်မှာငါးရခဲ့လို့လဲ။ နင်တို့ကိုထောင် ဟင်းစားမပေးနိုင်တာကြည့်ပါလား"

"ဟေ . . . မင်းလည်း **ငါ့လိုဖြစ်ခဲ့တယ်** . . . ဟုတ်လား"

ဟုမေးရင်း စံပုစဲထဲမှ ထွက်လာ၏။

"ဒါတောင် မင်းငါ့ကို ဘာမှမပြောဘူး"

"ဘကြီးမောင်ညိုက မပြောနဲ့ဦးဆိုထားလို့ပါကွာ။ မင်းလည်း ဒီအကြောင်း ဘကြီးမောင်ညိုကို သွားပြောထားလိုက်ဦး"

"အေး . . . အေး၊ ခုပဲ သွားပြောလိုက်မယ်။ အဲ . . . မနက်ဖြန်ည ဘကြီးမောင်ညိုအလှည့်ကွ။ အခြေအနေ စောင့်ကြည့်ကြတာပေါ့"

* * *

၎၃

သာလှိုင်နှင့်စံပုတို့သည် ဘကြီးမောင်ညို ပြန်တက်အလာကို စောင့်လင့်နေကြ၏။ စံပု၏တဲနောက်ဖက်တွင် ထမင်းစားခုံဝိုင်းလောက် အပြန့်ကျယ်သော သစ်ငုတ်တိုကြီးတစ်ခုရှိသည်။ ထိုသစ်ငုတ်တိုပေါ်တွင် ထိုင်ရင်း စကားတပြောပြောနှင့် စောင့်နေကြခြင်းဖြစ်၏။

ဘကြီးမောင်ညို စောစောပြန်တက်လာသည်။ လူကြီးဆိုတော့ သိပ်အမောခံနိုင်ဟန်မတူ။ ခြေလှမ်းတုံ့နှေးနှေးဖြင့် တရွေ့ရွေ့လျှောက်လာနေသည်ကို မှုန်ဝါးဝါးမြင်ရသည်။ အနီးသို့ရောက်သောအခါ သာလှိုင်တို့က ထ,ရပ်လိုက်ကြသည်။

"ဘကြီး"

"ဟေ . . . သာလှိုင်တို့လား"

"ဟုတ်တယ် . . . ဘကြီး။ ဘကြီးအခြေအနေ သိချင်လို့

စောင့်နေတာ''

''အေး . . . မင်းတို့လိုပါပဲကွာ။ ငါးကတော့ မောဒီလောက်ပဲ ရခဲ့တယ်တဲ့ . . . ''

ဘကြီးမောင်ညီက လက်ထဲမှ ပလိုင်းကိုလှုပ်ရှိပြသည်။ ပလိုင်းထဲမှာ ခလောက်ဆန်နေသော ငါးကိုခန့်မှန်းရှိရသည်။ လွန်ရော ကျွံရော အစိတ်သား သုံးဆယ်သားထက်မပို။

''ကွန်ပစ်သွားတဲ့အကောင်က တကယ့်ကွန်သမားအစစ်ပဲကွ။ ကွန်တကယ်ပစ်တတ်တဲ့လူ။ ရေထဲကိုကွန်ကျသံဟာ 'ပြုန်း'ခနဲ၊ 'ဗျောင်း'ခနဲ 'ဝုန်း'ခနဲ အဲလိုမမြည်ဘူး။ 'ဗျော'ခနဲ သံရှည်ဆွဲပြီး မြည်သွားတာ။ ကွန်ဟာ လှလှပပပွင့်ပြီး ရေထဲကိုအပြန့်လိုက် ကျသွားတဲ့အသံပဲကွ''

''အင်း . . . ' ဟုတ်တယ်နော်။ ဘကြီးပြောမှ ကျွန်တော် သတိထားမိတော့တယ်''

''ကဲ . . . ငါသွားမယ်ဟေ့။ နောက်ညတွေမှာ အလှည့်ကျတဲ့ အကောင်တွေရဲ့အခြေအနေကို စောင့်ကြည့်ကြဦးစို့ . . . ''

နောက်ညတွင် ထွန်းမောင် . . .

နောက်တစ်ညတွင် မောင်တုတ် . . .

ပြီးတော့ . . . မြအေး . . .

ခုနစ်အိမ်စုသား အိမ်ထောင်ဦးစီး ခုနစ်ယောက်အနက် ခြောက် ယောက် ရှိသွားပြီ။ ချောင်းဦးတို့ညများ၏ အတွေ့အကြုံမှာ ထပ်တူ ထပ်မျှ ဖြစ်သည်။

ကျော်ထူးတစ်ယောက်သာ ကျန်တော့သည်။ သည်ကောင်နေမှ ကောင်းရဲ့လားဟု ကျော်ထူးအလှည့်ကျသည့်ညနေက ဘကြီးမောင်ညီ ကျော်ထူးတဲသို့ သတင်းသွားမေးသည်။

''အဖျားတော့ လွတ်သွားပါပြီ။ နည်းနည်းနုံးနေတာပဲ ရှိတယ် ဘကြီးရဲ့။ ချောင်းတော့ ဆင်းနိုင်လောက်ပါတယ်''

ကျော်ထူးအသံမှာ ခပ်ပျော့ပျော့၊ အားနည်းနေပုံရသည်။

''အေး . . . အေး . . . သိပ်လည်း ညဉ့်နက်မခံနဲ့ပေါ့ကွာ။ ပြန်ဖျားနေဦးမယ်''

ကျော်ထူးကသာ မသိသည်။ ထိုညက ကျော်ထူးတစ်ယောက် ချောင်းဦးတိုထဲတွင် ဖြစ်ပျက်နေမည့် အခြေအနေအားလုံးကို ခုနစ် အိမ်စုသား ခြောက်ယောက်လုံးက သိနေကြ၏။ သည်အကောင် အဖျား နာလန်ထစ, ရှိသေးသည်။ ဘယ်အချိန်ပြန်ပြေးလာမလဲဟု တွေးနေကြ၏။

ဘကြီးမောင်ညိုက မနေနိုင်။ ကျော်ထူးတစ်ယောက် ချောင်း မှဆင်းဖြစ်ရဲ့လား . . . စိတ်မချ။ နေဝင်စ,တွင်ပင် ကျော်ထူး၏တဲသို့ တစ်ခေါက်ရောကိုလာ၏။ တဲမှာကဲလားချ၍ ပိတ်ထားသည်။

''ဟဲ့ . . . လုံးတင်၊ စောစောစီးစီး တံခါးပိတ်ပြီး အိပ်နေပြီ လား။ ကျော်ထူးကော ချောင်းဆင်းဖြစ်ရဲ့လား''

တဲအတွင်းက ပြန်ဖြေသံ မကြားရ။

''ဟဲ့ . . . ဘယ်သူမှ မရှိကြဘူးလား။ ဘာသံမှလည်း မကြား ရပါလား''

ဘကြီးမောင်ညို၊က ကဲလားကို လက်ဖြင့် ခပ်သာသာပုတ်၍ မေးသည်။ ၊အဖြေမှာ တစ်ဖက်တဲဆီမှလာ၏။

''ဘကြီးရေ . . . အဲဒီတဲမှာ ဘယ်သူမှ မရှိကြဘူး။ ကျော်ထူး က ချောင်းဆင်းတယ်လေ . . . ။ လုံးတင်မက သူ့ယောကျ်ား နာလန်ထ, ကိုစိတ်မချလို့တဲ့ ပလိုင်းတစ်လုံးလွယ်ပြီး နောက်ကလိုက်သွားလေရဲ့''

''ဩော် . . . ဟုတ်လား၊ ကောင်းတာပေါ့ကွယ်''

ဘကြီးမောင်ညို ခေါင်းတညိတ်ညိတ်ဖြင့် ပြန်လာခဲ့၏။

ထိုညက အချိန်အတန်လင့်မှပင် ကျော်ထူးတို့ လင်မယားချောင်းမှ တက်လာကြသည်။ တဲနီးနားချင်းတွေက သူတို့အသံကို နားစွင့်နေကြ၏။

"ကိုကျော်ထူး . . ရှင့်ရေစိုအဝတ်တွေလဲပြီး စောင်ခြုံလှဲနေလိုက်ဦး။ မောလည်း တော်တော်မောနေပြီ မဟုတ်လား။ ရှင်က လောဘကြီးတာကိုး။ အဖျားနာလန်ထ,ကြီး၊ ဒီလောက်ရရင် တော်ပြီပေါ့။ ကဲ . . ကျွန်မ ရေနွေးအိုးအရင်တည်လိုက်ဦးမယ်။ ပြီးရင် ငါးလက်ခွာအကောင်ကြီးကြီးခေါင်းကို ပြုတ်ပေးမယ်။ သံပုရာရည်ညှစ်ပြီး သောက်လိုက်ရင် အားရှိသွားမှာပေါ့"

သူ့မိန်းမအသံချည်း ကြားနေရသည်။ ကျော်ထူးကား အသံမထွက်တော့။ ပက်ပက်ပျော်နေပြီထင်သည်။ ကျော်ထူးမိန်းမစကားထဲမှာ ထူးခြားတာတစ်ချက် ပါနေသည်။ ငါးလက်ခွာ အကောင်ကြီးကြီးတဲ့။ ခေါင်းကိုပြုတ်သောက်လောက်သည့်အကောင်သည် အနည်းဆုံး ငါးဆယ်သားကောင်၊ တစ်ပိဿာကောင် ဖြစ်ရမည်။

သည်ရက်များအတွင်း ခုနစ်အိမ်စုသားတွေ ရနေခဲ့ကြသည့် ငါးတွေက အကြီးဆုံးသည် လက်သုံးလုံးခန့်သာရှိသည်။ တစ်ဆယ်သားပင်မပြည့်။ ကျော်ထူး ငါးအကောင်ကြီးကြီး ရလာပုံပေါ်သည်။

ခဏအကြာတွင် ကျော်ထူးမိန်းမ လုံးတင်၏အသံစာစာကို ကြားလိုက်ကြရလေသည်။

"မန္တွေ့ရေ . . . အပုမရေ . . . ဟိုဘက်အတန်းက မေးစိန်တို့ မိမြတို့ရေ . . . ငါးဟင်းစား လာယူကြပါဟဲ့ . . . "

"ဟယ် . . . သူတို့ငါးရလာသကော" ဟု အားလုံး တအံ့

တည်ဖြစ်ကြရလေ၏။

အမောပြေသွားပြီဖြစ်သော ကျော်ထူးသည် အကောင်ကြီးကြီး ငါးသတစ် တစ်ကောင်နှင့် ငါးလက်ခွာတစ်ကောင်ကိုယူကာ ဘကြီးမောင်ညို၏တဲသို့ လာခဲ့၏။

"ဟ . . . ကျော်ထူး၊ မင်း ငါးရလာခဲ့သပေါ့"

ဟု ဘကြီးမောင်ညို အံ့သြဝမ်းသာ ဆိုသည်။

"ဟုတ်ကဲ့ . . . ဘကြီး၊ အတော်အသင့်ရသား။ ဒါတောင် ကျွန်တော်က မောမောနေလို့ ကွန်ချက်စိပ်စိပ် မပစ်နိုင်ခဲ့ဘူး"

"အချိန်ဘယ်လောက် ခန့်မှန်းသတုံး"

"အနည်းဆုံး နှစ်ဆယ်တော့ ရှိမယ်မှန်းတာပဲ"

"ဟယ် . . . "

ဘကြီးမောင်ညိုသည် အချိန်အတန်ကြာမျှ ပါးစပ်ပိတ်ရန် မေ့နေသယောင် ရှိလေသည်။

"ဒါနဲ့ . . . ချောင်းထဲမှာ ထူးထူးခြားခြား ဘာများတွေ့ခဲ့သေးသလဲ"

"ဘာမှမတွေ့ဘူး ဘကြီး"

"တစ်ယောက်ယောက် ကွန်ပစ်သံတွေ ဘာတွေများ ကြားမိသေးသလား လို့ . . . "

"ဟင့်အင်း . . . မကြားမိပါဘူး"

"အေး . . . အေး . . . မင်းလည်း ပင်ပန်းနေပြီ။ ပြန်ပြီး အိပ်ရေးဝဝ အိပ်ပစ်လိုက်ဦးကွာ"

* * *

ဆန်းတော့ တော်တော်ကြီးကို ဆန်းသည်ပင်။

လူခုနစ်ယောက် ချောင်းဆင်းသည့်အနက် ခြောက်ယောက်က လက်သည်မဖော်နိုင်သည့် တစ်စုံတစ်ယောက်၏ ကွန်ပစ်သံ တဖျောဖျောကို နားဖြင့်ဆတ်ဆတ်ကြားရသည်။ ကျော်ထူးတစ်ယောက်သာ မကြား။ လူခြောက်ယောက်မှာ ငါးဆို၍ မဆိုသလောက်သာရသည်။ ကျော်ထူးကား တစ်နှင့်တစ်ပိုးရသည်။ ကျော်ထူးသည် နာမည်နှင့်လိုက်အောင် ထူးနေလေပြီ။

သာလျှိုင်နှင့် စံပုတို့လူစုမှာ သည်ကိစ္စနှင့်စပ်၍ ကျော်ထူးကို တိုက်ရိုက်ဖွင့်မမေးကြ။ အမေးရခက်သည်။ သူငါးရတာကို မနာလို၍ မေးသည်ဟု အထင်ရောက်သွားလျှင် မကောင်း။ မေတ္တာပျက်သွားနိုင်သည်။

ခက်သည်က ကျော်ထူး ငါးပိသာနှစ်ဆယ်ကျော်ရလာပြီး

နောက်တစ်ည ချောင်းဆင်းအလှည့်ကျသူ သာလှိုင် . . . ငါးနှစ်ဆယ် သားလောက်ပင် မရခဲ့ခြင်းဖြစ်သည်။

ဘကြီးမောင်ညိုက သက်ပြင်းရှည်ကြီးတစ်ချက်ကို လေးလေး တွဲ့တွဲ့ချကာ . . .

''ကံပေါ့ကွယ်''

ဟု ဆိုသည်။ အတန်ကြာတော့မှ အတွေးပေါက်ဟန်ဖြင့် . .

''ကဲ . . . ဒီလိုလုပ်မယ်ကွာ။ မနက်ဖြန်ည ဘယ်သူ့အလှည့် လဲ''

''စံပု''

''အေး . . . ကောင်းပြီ။ စံပုက မင်းဖာသာ ဆင်းမြဲတိုင်း ဆင်း''

တို့တထွေက ချောင်းရိုးတစ်လျှောက် လူဖြန့်ပြီး လျှောက် ကြည့်နေမယ်။ အဲ့ဖြေတော့ ပေါ်ရမှာပေါ့ကွာ''

နောက်တစ်နေ့ နေဝင်ရိုးရီအချိန်ကတည်းကပင် ဘကြီး မောင်ညိုနှင့် လူလေးယောက်တို့သည် ချောင်းဦးတိုက်မိုးတစ်လျှောက် ချုံဖုတ်များအကြားသို့ ရောက်ရှိနေကြ၏။ ကျော်ထူးကား အဖျားတက် နေ၍ မခေါ်ခဲ့ကြတော့။

ရေတက်စ,ပြုပြီ။

စံပုသည် ကွန်ကို လက်တစ်ဖက်ကဆွဲကာ ပလိုင်းကိုလွယ် လျက် ချောင်းထဲသို့ ဆင်းလာသည်။

စံပု ကွန်မှမပစ်ရသေး 'ဗျေ'ခနဲ ကွန်ပစ်သံကြီးတစ်ချက်ကို ကြားလိုက်ကြရ၏။ စောင့်ကြည့်နေသူအားလုံး ခေါင်းထောင်သွားကြ သည်။ မိမိတို့ ပုန်းအောင်နေရာ အနီးတစ်ဝိုက် ချောင်းကမ်းစပ်ကို

သေသေချာချာ ဖွေရှာသောအကြည့်ဖြင့် ကြည့်ကြသည်။ လူတစ်စုံတစ်ယောက်ကိုမျှ မမြင်ကြရ။

''ဗျော''

သည်တစ်ကြိမ် 'ဗျော'သံကတော့ စံပု ကွန်ပစ်သံဖြစ်သည်။ ခဏကြာတော့ စံပု၏ ကျယ်ကျယ်လောင်လောင်ဟစ်၍ဆဲသံကို ကြားလိုက်ကြရကာ ရယ်ချင်သလိုလို ဖြစ်သွားကြရလေသည်။

''တောက် . . . သူ့အဘဂလွားတဲ့မှပဲကွာ။ စားလို့မရတဲ့ ငါးပူတင်းလေး လေးငါးကောင်ပဲ ပါလာတယ်။ ချီးတဲ့မှပဲ . . . ''

ထိုညက စံပုသည် ချောင်းရိုးတစ်လျှောက် သုံးလေးနေရာ ကွန်ပစ်ပါသော်လည်း သူ့ရှေ့က တဗျောဗျောနှင့် 'လုပ်'သွားသဖြင့် ယခင်တစ်နေ့ကလိုပင် ငါးကလေးတစ်နပ်စာသာသာဖြင့် ပြန်တက်ခဲ့ရသည်။

ဘကြီးမောင်ညိုက မြောသည်။

''ဒါ . . . သွေးရိုးသားရိုး ဟုတ်ပုံမရဘူး . . . ။ အနှောင့်အယှက်တစ်ခုခုဆိုတာ သေချာနေပြီ။ ပိုပြီး တိတိကျကျသိရအောင် တို့ဒီတစ်ပတ်လုံး ခုလိုပဲ စောင့်ကြည့်ကြဦးစို့ကွာ . . . ။ စိတ်ရှည်ရှည် တော့ထားမှ . . . ''

ဘကြီးမောင်ညိုစကားကို လိုက်နာကြသည်။ စိတ်ရှည်ရှည် ထားခဲ့ကြသည်။ တစ်ယောက်ပြီးတစ်ယောက် အလှည့်ကျ ချောင်းဆင်းကြသည်။ ဘကြီးမောင်ညိုအလှည့်လည်း ပြီးသွားပြီ။ အားလုံး 'မထူးဇာတ်'ကိုပင် ခင်းခဲ့ကြသည်။ သူတို့ရှေ့မှာတော့ မမြင်ရသော ကွန်သမား၏ 'ဗျောသံ' တွေက တည်ရှုံ့။ အိမ်ပြန်တော့ ရလာသည့် ငါးက မဆိုစလောက်သာ။ ကြာလာတဲ့အခါ အိမ်က မိန်းမတွေကပင်

အစောပိုင်းက စံပုမိန်းမထင့်သလို တောင်ထင်၊ မြောက်ထင် ထင်ချင်လာသည်။ သူတို့မိန်းမချင်း တီးတိုးတီးတိုး သဖန်းပိုးလုပ်နေကြသည်ကို တွေ့လာရ၏။

''ကဲ . . . မနက်ဖြန်ခါကတော့ ကျော်ထူးအလှည့်ပဲ မဟုတ်လား။ ဒီကောင့်အခြေအနေ စောင့်ကြည့်ကြသေးတာပေါ့''ဟု ဘကြီးမောင်ညို ပြောသည်။

''ကျော်ထူးက နေမှကောင်းရဲ့လား မသိဘူး။ ဒီကောင် တစ်ရက်ခြားစီ ဖျားနေပုံရတယ်။ ငှက်ဖျားဖြစ်နေသလား မဆိုနိုင်ဘူး''

''ငါသွားသတင်းမေးလိုက်ပါ့မယ်ကွာ''

နောက်တစ်နေ့ည နေ့တွင် ဘကြီးညိုမောင်သည် ကျော်ထူးကို သတင်းသွားမေး၏။ ကျော်ထူးကား မဖျားတော့။ သို့သော် နွယ်ယဲ့ယဲ့ဖြစ်နေသည်။

''အေးကွာ . . သိပ်လည်း အပင်ပန်းမခံနဲ့ပေါ့ကွာ။ တစ်အိုးစာတစ်နပ်စာရလည်း မနည်းဘူးလို့ပဲ သဘောထားပေါ့။ မင်းကြည့်ရတာ ညောင်နာနာနဲ့ပို့ ပြောတာပါ။ မတော်ချောင်းထဲ လဲပြုနေမှဖြင့် . . . ''

''ကိစ္စမရှိပါဘူး . . . . ဘကြီးရယ်။ ကျွန်မ အဖော်လိုက်သွားမှာပါ''

ဟု ကျော်ထူးမိန်းမ မိလုံးတင်က ဝင်ပြောသည်။

''အေး . . . အေး . . . ကောင်းသပေါ့ကွယ်''

ထိုညက မိုးရိပ်စင်၍ ကောင်းကင်သည် ကြည်လင်နေ၏။ လရောင်ကြောင့် ချောင်းရေပြင်သည် ငွေရောင်ဖွေးဖွေး လက်နေသည်။ တက်လှိုင်းကလေးများသည် ဘဖျပ်ဖျပ် လှုပ်ခတ်လျက် ရေတက်ဦးသည် ငါးတွေကို လမ်းပြခေါ်ဆောင်လာနေရော့သလားမသိ။ လေထဲ

တွင် ငါးညှိန့်တို့ မြင်းရှရှ သင်းပျံ့လာနေ၏။

တိမ်စင်သောညမို့ အအေးဝိုလာသည်။ ချောင်းကမ်းတစ်လျှောက် ကင်းပုန်းဝပ်သည့်အဖွဲ့တွင် ဘကြီးမောင်ညို ပါမလာတော့။ "ချမ်းတယ်ကွာ" ဟုဆိုကာ စောင်ကြီးကို ကိုယ်မှာသိုင်းခြုံလျက် ရေနွေးကြမ်းသောက်ရင်း ကျန်ရစ်၏။

ဘာမျှ မကြာလိုက်။ သူငယ်အိပ်ဆိတ်ချိန်လောက်သာ ရှိဦးမည်ဟု ဘကြီးမောင်ညိုထင်သည်။ သာလှိုင်တို့လူစု စကားအုပ်အုပ်ပြောလျက် ဘကြီးမောင်ညိုတဲသို့ ရောက်လာကြ၏။

"ဟဲ့ . . . ဘယ်လို ဖြစ်လာကြတာတုန်းကွ"

"တကယ့်ကို အံ့သြစရာပဲ ဘကြီးရေ . . . ။ အဖြစ်ကတော့ တော်တော့်ကို ထူးခြားနေပြီ"

"အင်း . . . ပြောပါဦး"

သူတို့ပြောပုံမှာ ကျော်ထူးကွန်တစ်ချက် ပစ်လိုက်တိုင်း၊ ပစ်လိုက်တိုင်း ငါးတွေတစ်ထွေးကြီး တစ်နှင့်တစ်ပိုး ပါလာသည်။ ကျော်ထူးမှာ ကွန်ကို အောက်နားမှစုသိမ်းပြီး မနှိုင့်တနှိုင် ထမ်းတင်ရသည်။ ကွန်တစ်ချက်တစ်ချက်တွင် အနည်းဆုံး ငါးပိဿာခန့်မိသည်ဟု ဆို၏။

"ခု သူတို့ ပြန်တက်လာကြမလား"

"တက်လာကြပြီပေါ့။ ကွန်လေးငါးချက်ပစ်တာ ဆယ်ပိဿာဝင် ပလိုင်းသုံးလုံး အပြည့်ရတယ် အဘရေ . . . ၊ အံ့ရော . . . အံ့ရော"

"အံ့မယ် . . . ဒါတောင် ဟိုကောင် အဖျားသမားက မောမောနေလို့ သူ့မယားက အတင်းတော်ခိုင်းရတာ"

"အင်း . . . သူတို့ကသိုလ်ပေါ့ကွယ်။ ဒါနဲ့မင်းတို့က စေ့စေ့

စပ်စပ် မြင်လှသိလှချည်လား။ မင်းတို့ပါ သူတို့နဲ့အတူ ချောင်းထဲ ဆင်းခဲ့ကြသလား''

''မဆင်းဘူးအဘာ။ ဒီညတော့ ကျွန်တော်တို့ ချောင်းရိုးတစ် လျှောက် လူဖြန့်ပြီး မစောင့်တော့ဘူး။ ကျော်ထူးကွန့်ပစ်တဲ့ နောက်နှား က ကြွက်နွယ်ချုံကြီးထဲ ဝင်ပုန်းနေကြတာ။ ဒါကြောင့် အသေးစိတ် မြင်ရတာပေါ့''

''နို့ . . . ဟို . . . ကွန့်ပစ်သံကော ကြားသေးသလား''

''မကြားဘူးအဘာ၊ ဘာသံမှ မကြားဘူး။ လုံးဝတိတ်ဆိတ် နေတာပဲ''

''အင်း . . . ငါးရတာကိုတော့ သူ့ကုသိုလ်ကံလို့ပဲ ဆိုပါ တော့။ တို့များအလှည့်တွေမှာ ကြားကြားနေရတဲ့ ကွန့်ပစ်သံ တဗျော ဗျောကို သူ့အလှည့်မှာ မကြားရတာကတော့ ထူးဆန်းတယ်။ အင်း . . ငါစဉ်းစားမိတာကတော့ . . . ''

အဘမောင်ညိုသည် စကားကိုမဆက်ဘဲ ရပ်ထားလိုက်၏။ မီးရောင်အောက်သို့ ကျော်ထူးဝင်လာသည်။ လက်ထဲတွင် ငါးသတစ် အကောင်ကြီးကြီးသုံးကောင်ကို ပါးဟက်မှန်းဖြင့်ဖောက်သီကာ ဆွဲလာ ၏။

''အဘကို ငါးလာပေးတာ။ ဟင် . . . ဒီမှာ လာစုနေကြပါ လားကွ''

ကျော်ထူးက အဘမောင်ညိုကိုပြောရင်း သာလှိုင်တို့လူအုပ် ကို မြင်သွားသဖြင့် စကားလမ်းကြောင်း ပြောင်းသွားသည်။

သူတို့ဘာမျှ မပြောရသေးမီမှာပင် အဘညိုမောင်ကဖြတ်၍ ပြောလိုက်၏။

"အေး . . . မင်းငါးတွေရလာတဲ့အကြောင်း ဝမ်းသာစကား လာပြောနေကြတာ။ တော်တော်ရခဲ့ဆို . . . ကွ"

"ဟုတ်တယ် . . . အဘ။ ပိသာသုံးဆယ်ကျော်လောက် ရှိလိမ့်မယ်။ ဒါတောင် ကျွန်တော်မောနေမှန်းသိတော့ မိန်းမက အတင်းတက်ခိုင်းလို့တက်လာခဲ့ရတာ။ ငါးကတော့ စာအားကျတာ အဘရေ"

"အေး . . . တို့ခုနစ်အိမ်စုမှာတော့ ကျော်ထူးတစ်ယောက် ကံအကောင်းဆုံးပဲဟေ့။ အင်း . . . တစ်ဖက်က ဘဘသာရေးအမြင်နဲ့ ကြည့်ရင်တော့ အကုသိုလ်နဲ့ အကျိုးပေးသပေါ့ကွာ . . . ဟား . . . ဟား"

* * *

၎၅

နောက်တစ်ရက် နံနက်ခင်းတွင် ကျော်ထူးမိန်းမလုံးတင်က ရွာထဲသို့ ငါးရောင်းထွက်သည်။ ကျော်ထူးကိုပါ ရွာတောင်ပိုင်းရှိ ဆရာကြီး ဦးဖိုးဖြူထံပြသရန် ခေါ်သွားသည်။ **ဦးဖိုးဖြူမှာ** တစ်နယ်လုံးတွင် ထင်ရှားသော ဗိန္ဓောဆရာကြီးဖြစ်၏။

ထိုနံနက်တွင် ဘကြီးမောင်ညိုသည် **သာလွှိင်**တို့ငါးယောက်နှင့် ရေနွေးကြမ်းသောက်ရင်း စကားပိုင်းဖွဲ့ကြ၏။

''ညတုန်းက ကျော်ထူးဝင်လာတော့ ငါ့စကားပြတ်သွားတယ်။ ငါစဉ်းစားမိတ္တယ်ဆိုတာလေ . . . ။ စဉ်းစားမိတဲ့အကြောင်းက **ဒီလိုကွ**။ တို့တတွေကျတော့ ငါးကလေး နှစ်ဆယ်သား၊ သုံးဆယ်သားလောက်ပဲ ရပြီး၊ ကျော်ထူးက ပိဿာနှစ်ဆယ်၊ သုံးဆယ်ရတာ သူကံလိုက်တယ်ပဲထား။ ဟို . . . ကွန်ပစ်သံ တဖျောဖျောကို သူ့အလှည့်မှာ **မကြားရ**တာ မဆန်းဘူးလား။ ဆန်းရုံတင်မက အဲဒါ သွေးရိုးသားရိုး **မဟုတ်**

ဘူးလို့ ငါထင်တယ်''

အဘမောင်ညီသည် စကားကိုရပ်ကာ ရေနွေးကြမ်းတစ်ငုံသောက်လိုက်၏။ လူငယ်များက သူ့စကားအဆက်ကို စောင့်နေကြသည်။

''ဘယ်နည်းနဲ့မှ သွေးရိုးသားရိုး မဟုတ်နိုင်ဘူး။ အဲဒီလို . . 'ဗျော်'ခနဲ 'ဗျော်'ခနဲ ကွန်ပစ်သံပေးသွားတာဟာ တို့တတွေကို ငါးမရအောင်လုပ်တာပဲ။ ကွန်ပစ်သံ တဗျောဗျောကြောင့် ငါးတွေလန့်ဖျပ်ပြီး ချူတွေထဲဝင်တိုးမယ်၊ နုံးကြားထဲငုပ်နေမယ်။ နောက် . . . ချောင်းမကြီးထဲကိုရောက်အောင် ထွက်ပြေးကုန်ကြမယ်ပေါ့ကွာ . . . ။ ဒီတော့ တို့ဘယ်မှာ ငါးရနိုင်ပါတော့မလဲ . . . ။ ဒါ . . . တစ်ယောက်ယောက်က အစီအစဉ်နဲ့ လုပ်နေတာလို့ ငါထင်တယ် . . . ။ အဲဒါ ဘယ်သူလဲဆိုတာလည်း ငါစဉ်းစားမိထားပြီ။ ဘယ်သူဖြစ်နိုင်မလဲဆိုတာ မင်းတို့ပြောကြစမ်း . . . ''

''ဟာ . . . ဘကြီးကလည်း လူမှမမြင်ရတဲ့ဥစ္စာ''

''အေးလေ . . . မမြင်ရလို့ ခန့်မှန်းခိုင်းတာပေါ့ကွာ။ မြင်ရမှတော့ တစ်ခါတည်း ကွိခနဲဖမ်းလိုက်ရုံပေါ့''

''မခန့်မှန်းတတ်ပါဘူး ဘကြီးရာ''

လူငယ်အားလုံးက ပြိုင်တူလိုပင် ခေါင်းခါကြသည်။

''အေး . . . ငါပြောမယ်။ ပြီးတော့ . . . ဒီစကား ဒီတင် ပျောက်စေ။ ဘယ်သူ့ကိုမှ မပြောနဲ့။ ဒီစကားမျိုးက ကျယ်ကျယ်မြောလို့ မကောင်းဘူး။ တစ်ဖက်ကာယကံရှင်ကြားရင် စိမ်မချမ်းသာဖြစ်မယ်။ ဒေါသဖြစ်မယ်။ ကိုယ့်ဘက်ကလည်း ခိုင်ခိုင်လုံလုံ သက်သေသက္ကာပြနိုင်တာ မဟုတ်ဘူး''

ဘကြီးမောင်ညီသည် ရေနွေးကြမ်းတစ်ခွက်ကို ခပ်ဖြည်းဖြည်း

ငဲ့ထည့်ရင်း ခေါင်းထဲတွင် အတွေးစ,ရှည်လျားနေပုံရ၏။

''ပြောပါဦး ဘကြီးရဲ့။ ဘကြီးစဉ်းစားမိတာ ဘယ်သူလဲ . . . လို့''

လူငယ်များ သိချင်စောနေကြသည်။

''အေး . . . ပြောမယ်။ ငါထင်တာတော့ ကျိန်းသေကျော်ထူးရဲ့အဖေ ဖိုးကျော်ကြီးပဲကွ''

သူ့စကားအဆုံးတွင် လူငယ်များအကြည့်တွေ အချင်းချင်း တိုက်မိသွားကြ၏။ မျက်လုံးချင်းစကားပြောကြ၏။

''မင်းတို့က ဘာဖြစ်သွားကြစာလဲကွ။ ဘာစကားမှ မပြောကြတော့ဘူးလား''

''ကျွန်တော်တို့ ခန့်မှန်းမိတာနဲ့ တစ်ထပ်တည်းကျသွားလို့ ပါဘကြီး''

''ဟယ် . . . ဒီကောင်လေးတွေ စောစောကငါမေးတုန်းက တော့ မပြောဘူး''

''ကျွန်တော်တို့က ဘကြီးယုံမယ် မထင်လို့ပါ''

စင်စစ် . . . ကျော်ထူး၏ ဖခင်ဦးဖိုးကျော်သည် လွန်ခဲ့သည့် နှစ်ကတည်းက ကွယ်လွန်သွားခဲ့ပြီ ဖြစ်လေသည်။ သေခါနီးအချိန်ထိ ချောင်းထဲကမတက်သော တံငါအိုကြီးဖြစ်၏။

''ဟာ . . . ငါ ဒီအသက်အရွယ်ရောက်ပြီပဲကွာ။ ကိုယ်တွေ့ မကြုံဖူးပေမယ့် ကြားဖူးနားဝတော့ အများကြီးရှိပါတယ်။ တို့ ဦးဖိုးကျော်လို့ ခန့်မှန်းတာ မှန်မမှန်သိရအောင် ဒီလိုလုပ်ကြစို့ရဲ့ . . . ''

ဘကြီးမောင်ညိုက သူ့အစီအစဉ်ကို ရှင်းပြသည်။ လူငယ်များက သဘောတူသည်။ လူစုခွဲကာနီးတွင်မှ ဘကြီးမောင်ညိုက . . .

"ဟေ့ . . . ဟေ့ . . . နေကြဦးကွ"

ဟု ကမန်းကတန်း ပြန်ခေါ်သည်။

"မင်းတို့ ဒီကိစ္စကျော်ထူးကိုကော ပြောဖြစ်သေးသလား"

"မပြောပါဘူး ဘကြီး"

"အေး . . . ကောင်းတယ်။ နောက်ဆုံးအချိန်မတိုင်ခင်မှာ ဘယ်သူ့ကိုမှ မပြောနဲ့ကွ။ သူ့အဖေကြီးကို တို့ကဒီလိုထင်နေတယ်လို့ ကျော်ထူးနားကို ပေါက်ကြားသွားရင် မကောင်းဘူး။ ယုတ်စွအဆုံး မင်းတို့ မိန်းမတွေကိုတောင် မပြောနဲ့ကွ . . . ကြားလား"

"ဟာ . . . "

ပြိုင်တူလိုလို 'ဟာ' ပစ်လိုက်ကြသည်။

"ဟဲ့ . . . ဘာဖြစ်သွားကြပြန်တာတုံး"

"ကျွန်တော်တို့ ဒီလိုခံနေရတာ ကျော်ထူးအဖေကြီး လက်ချက်ပဲလို့ မိန်းမတွေ့ တီးတိုးပြောနေကြတာ ကြာပြီ"

"ဟေ . . . "

* * *

၆

ချောင်းကမ်းစပ် မဏ္ဍာပ်ကလေးထဲတွင် ခုနစ်အိမ်စုသားများ စုံညီရောက်ရှိကာ ဦးပဉ္စင်း အရှင်ကောသလ္လအား လက်အုပ်ချီမိုး ရှိခိုး လျက် ပရိတ်တရားတော်နာယူရန် အသင့်ရှိနေကြလေပြီ။

ဘကြီးမောင်ညိုသည် မဏ္ဍာပ်အတွင်းမှ ထွက်ကာ ချောင်း ဦးတိုရေစပ်နားဆင်းသွားပြီး အညာအကြေနှစ်ဖက်စလုံးကို လှမ်းမျှော် လျက် ''ကြားကြားသမျှ မြင်အပ် မမြင်အပ် သတ္တဝါအားလုံး ပရိတ် တရားတော်အတူ နာယူရန် ကြွကြပါဗျို့ . . . '' ဟု အသံကျယ်ကျယ် ဟစ်လိုက်လေ၏။

ထိုခဏတွင် ချောင်းဘက်ဆီမှ သုတ်ခနဲ ဝေ့လာသော လေ ပြည်ထဲတွင် ငါးညှိနှံ့သည် ပြင်းရှလွန်းစွာပါလာပြီး မဏ္ဍာပ်ထဲ၌ စွဲ၍နေ လေသည်။ ဤအချက်ကို ဦးပဉ္စင်းမှအစ အားလုံး သတိထားမိကြသည်။

ဦးပဉ္စင်း၏ လက်ကျဘက် စားပွဲဝိုင်းလေးပေါ်တွင် ဦးပဉ္စင်း

ပရိတ်တရားတော် ရွတ်ဖတ်အပြီး ဘုန်းပေးရန် ဆွမ်းပွဲအသင့်ပြင်ထား၏။ အလားတူ ဦးပဉ္စင်းအား ဆက်ကပ်ရန် သက်နှံးတစ်စုံကလည်း ယွန်းဗျပ်ကလေးထဲတွင် အသင့်ရှိနေသည်။

ဦးပဉ္စင်းသည် ရတနာသုတ်၊ မေတ္တာသုတ်၊ ဓဇဂ္ဂသုတ်၊ အာဋာနာဋိယသုတ်နှင့် ပုဇ္ဈဏ်သုတ်တို့ကို အသံထွက်မှန်မှန်၊ ဌာန်ကရိဏ်း ကျကျဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ပေးသည်။ နောက်ဆုံး အမျှဝေရန် အချိန် ကျသောအခါ ဦးပဉ္စင်းက ကြိုတင်စကား မှာထားနှင့်သည်။

"ဦးပဉ္စင်းအပါအဝင် ဒကာကြီးတို့ ဒကာမကြီးတို့ရဲ့ မိသားစုထဲမှာဖြစ်စေ၊ ဆွေမျိုးသားချင်းထဲမှာဖြစ်စေ၊ သခီရသဘောအရ ကွယ်လွန်သွားခဲ့ကြသူတွေ ရှိပါတယ်။ သူတို့ဟာ ကွယ်လွန်သွားကြပေမယ့် သားဖြစ်စေ၊ သမီးဖြစ်စေ၊ အမိအဘကိုဖြစ်စေ စွဲလန်းပြီး လွတ်ရာကျွတ်ရာဘုံဘဝကို မရောက်နိုင်ဘဲ စွဲလန်းရာပုဂ္ဂိုလ် အနီးအနားမှာ တဝဲလည်လည်နဲ့ ရှိနေတတ်ပါတယ်။ ဒါကို 'ပြိတ္တာ'လို့ ခေါ်ကြပါတယ်။ စာထဲမှာတော့ 'ပေတ'ပေါ့။

ဒီတော့ သူတို့တတွေ ပေစာဘဝက လွတ်မြောက်ပြီး မြင့်မြတ်ရာဘုံဘဝကို ရောက်အောင် ကျန်ရစ်သူတွေမှာ တာဝန်ရှိပါတယ်။ ဘယ်သူတွေ ပေတဘုံရောက်နေသလဲ ဆိုတာတော့ မမြင်အပ်တဲ့ ပုဂ္ဂိုလ် မို့လို့ မသိနိုင်ပါဘူး။ ဒါကြောင့် ယခုပြုတဲ့ ကုသိုလ်ကောင်းမှုကို အမျှဝေတဲ့အခါ အမည်ကို ခေါ်လို့ဖြစ်စေ၊ ပုဂ္ဂိုလ်ကိုဖော်လို့ဖြစ်စေ . . . အမျှဝေကြပါ။ ဦးပဉ္စင်းကတော့ မေတ္တာပို့ပြီးပါပြီ . . . "

ဦးပဉ္စင်းစကားဆုံးလျှင် အဘမောင်ညို တိတ်တဆိတ်သင်ကြား ပေးထားသည့်အတိုင်း အမျှဝေသံများ ထွက်ပေါ်လာ၏။

"အစ်ကိုကြီးရေ . . . အစ်ကိုကြီးအတွက် ကုသိုလ်ကောင်းမှု

ပြုပြီး ကုသိုလ်အဖို့ကို အမျှဝေပါတယ်။ ညီလေးအနားမှ တွယ်မနေပါနဲ့။ လွတ်ရာဘုံဘဝကို သွားပါတော့အစ်ကိုကြီး ဘတင့်ရေ . . . အမျှ . . . အမျှ . . . အမျှ''

''အမေ ဒေါ်သိန်းတင်ရေ . . . ဒီနေ့ပြုတဲ့ကုသိုလ်အဖို့ကို အမျှဝေပါတယ်။ အမေသမီးအနားမှာ တဝဲလည်လည် မနေပါနဲ့တော့။ ကောင်းရာမွန်ရာဘုံဘဝကို တက်လှမ်းပါတော့ အမေ . . . အမျှ . . . အမျှ . . . အမျှ''

''သားလေး ခင်မောင်မြင့်ရေ . . . အမေ့ကို မတွယ်တာနဲ့တော့။ မြင့်ရာဘုံကို တက်လှမ်းသွားပေတော့ သားရေ . . . ။ အမေ့ကုသိုလ်အဖို့ကို အမျှဝေပါတယ် . . . အမျှ . . . အမျှ . . . အမျှ''

ဤအမျှပေးဝေသံများ၏ နောက်နားမှ ကျော်ထူး၏ တုန်ယင်ဆို့နင့်နေသောအသံကို အားလုံးက သတိထားလိုက်မိကြလေသည်။

''အဖေရေ . . . အဖေ့အတွက်ရည်စူးပြီး သံယောတော်ကို ဆွမ်းနဲ့သင်္ကန်း ဆက်ကပ်လှူဒါန်းပါတယ်။ အဖေရောက်ရာဘဝက သာဓုခေါ်ပါ။ သားအနားမှာ တဝဲလည်လည်မနေပါနဲ့တော့။ မြင့်မြတ်ရာဘုံဘဝကို ရောက်ပါစေ အဖေ . . . ။ အဖေရေ . . . အမျှဗျို့ . . . အမျှ . . . အမျှ''

'သာဓု' ခေါ်သံသည် မဏ္ဍာပ်အတွင်း ဟိန်းထွက်သွား၏။ မဏ္ဍာပ်အတွင်းရှိ လေထဲတွင်စွဲနေသော ငိုးညှိုနှံ့သည် ရုတ်တက် ပျက်ပြယ်သွားကာ ပန်းပေါင်းစုံရနံ့တွေ မွှေးလိုင်လာသည်။

ဦးပဉ္စင်း၏ မျက်နှာသည် ဝင်းလက်သွား၏။ အဘမောင်ညိုကား အားရပါးရ ပြုံးနေသည်။

ထိုသည်၏ နောက်၌ကား 'ချောင်ဦးတို' ၏ ညများသည် နှလုံး

ချမ်းမြေ့ဖွယ်အထိ ပြီးဏ်။ အရိပ်အယောင်မဲ့ ကွန်သမားဏ် 'ပျော' သံကိုလည်း မကြားရတော့ပေ။ ဘယ်သူ့ဆင်းရဲ့ ကွန်ပစ်မစ် အထိုက် အလျောက် ငါးရကြသည်ချည်းသာ ဖြစ်လေဏ်။

* * *